# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ပန်ဆင်သူအကျိုးကိုဆောင်နိုင်**

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)


၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁ ရက် ၂၀၁၉ ခုနှစ်၊ မတ် ၆ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၈)၊ အမှတ် (၁၅၇)


## ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့၏ အစည်းအဝေး ထိုင်းနိုင်ငံတွင် ကျင်းပ

**ချင်းမိုင် မတ် ၅**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) ၏ အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပခဲ့ပြီး အစည်းအဝေးတွင် PPST ၏ ကိုယ်စားလှယ်ပြောင်းလဲမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးသို့ NCA လက်မှတ်ရေးထိုးထားသော သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ထိပ်သီးခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လုပ်ငန်းအဖွဲ့ (PPWT)အဖွဲ့ဝင်များနှင့် နည်းပညာ အထောက်အကူပြုများ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် PPST အဖွဲ့ ခေါင်းဆောင် စောမူတူးဆေးဖိုးက နှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် "ဒီနေ့ဟာ ကျွန်တော်တို့ PPST နဲ့ NCA အကောင်အထည်ဖော် ဘက်တွေဖြစ်တဲ့ မွန်ပြည်သစ်ပါတီ (NMSP) နဲ့ လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU) တို့အကြား NCA အကောင်အထည်ဖော်မှုဆိုင်ရာတွေနဲ့ ပတ်သက်ပြီး အတူတကွတွေ့ဆုံ ညှိနှိုင်းဆွေးနွေးကြမယ့် အစည်းအဝေး တစ်ခုဖြစ်သလို၊ ကျွန်တော်တို့ကြားမှာ ရှိနေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ထားရှိကြတဲ့အမြင်တွေကိုလည်း မူလရည်မှန်းချက်ပန်းတိုင် ရောက်ရှိရေး ကြိုးပမ်းတဲ့နေရာမှာ ပြည့်မီခြင်း ရှိ၊ မရှိ ပြန်လည်သုံးသပ်ညှိနှိုင်းမှု ပြုလုပ်ဖို့လိုအပ်တဲ့အတွက် ခေါ်ဆိုတဲ့ အထူး အစည်းအဝေးတစ်ရပ်လည်း ဖြစ်ပါတယ်။ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ် တစ်ဆို့နေတဲ့ အနေအထားကနေ အပေါင်းလက္ခဏာဆောင်ပြီး


*စာမျက်နှာ ၁၀ ကော်လံ ၁* ✻




ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ကျင်းပ

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့က မြန်မာနိုင်ငံတော် ဗဟိုဘဏ်ထံမှ အစိုးရငွေတိုက်လက်မှတ်များ အာမခံပေး၍ ချေးငွေရယူရန် ငွေ ၁၀၁၆ ဒသမ ၈၁၈ ဘီလီယံလျာထားမှုအပေါ် လွှတ်တော်ကအတည်ပြုပေးရန် တင်ပြ

**နေပြည်တော် မတ် ၅**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ် က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုသည့် ဦးညွန့်စိန်၊ ဦးသက်ထွန်း၊ ဦးမြင့်အောင်၊ ဦးစောဒယ်နီရယ်ကြည်၊ ဦးအောင်စိုးဝင်း၊ ဦးသန်းအောင်၊ ဦးမင်းဆွေ၊ ဦးဆွေတင့်လွင်တို့၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေအား ဖြည့်ဆည်းရန် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ချေးငွေရယူရေးကိစ္စနှင့်စပ်လျဉ်း၍** စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။


*စာမျက်နှာ ၇ ကော်လံ ၁* ❒


**(ယနေ့) ဇတ်စရာ**

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ**


စာမျက်နှာ » ၃


**တိုင်းရင်းသားတို့၏အသံ ထင်ဟပ်ပေါ်လွင်လာသည့် ကလေးစာပေပွဲတော်များ**


စာမျက်နှာ » ၈


**အမေရိကန် - တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်သည့်ကိစ္စ မြောက်ကိုရီးယားနှင့် ဆွေးနွေးခဲ့ခြင်းမရှိကြောင်း ထရမ့် ငြင်းဆို**


စာမျက်နှာ » ၁၄


**အတိုက်အခံခေါင်းဆောင် ပြန်ရောက်လာမှုနဲ့ ဗင်နီဇွဲလားရဲ့ ခေါင်းခဲစရာအခြေအနေ**


စာမျက်နှာ » ၁၅



KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

မြန်မာ့အလင်း

# လွတ်လပ်ရေးရပြီးကာလ အခြေခံဥပဒေများ

လွတ်လပ်ရေးရပြီးသည့်နောက် ကိုယ့်မင်းကိုယ့်ချင်းအုပ်ချုပ်ရေးဖြင့် တာဝန်ယူခဲ့ကြသည်မှာ ဆယ်နှစ်စွန်းစွန်း။ ပြီးသည်နှင့် အုပ်ချုပ်ရေး အပြောင်းအလဲ ဖြစ်ခဲ့သည်။

ဤသို့ ၁၉၆၂ တွင် အုပ်ချုပ်ရေး အပြောင်းအလဲကြောင့် မူလ ၁၉၄၇ အခြေခံဥပဒေ အလိုအလျောက် ပျက်ပြယ်သွားခဲ့ရသည်။ ထို့နောက် အခြေခံဥပဒေမရှိဘဲ ၁၂ နှစ် ကြာသည်အထိ မြန်မာနိုင်ငံသည် တော်လှန်ရေးကောင်စီ၏ အုပ်ချုပ်ရေးအောက်တွင် နေခဲ့ရသည်။ အခြေခံဥပဒေဆိုသည် မရှိတော့ဘဲ လွှတ်တော်မရှိ၊ ပြည်သူ့ကိုယ်စားလှယ်ဟု မရှိဘဲ ဆယ့်နှစ်နှစ် တိုင်တိုင်အုပ်ချုပ်ခဲ့ခြင်း ဖြစ်ပါသည်။

ထို့နောက် ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေအဖြစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ဦးဆောင်ပါတီအဖြစ် အခြေပြု၍ ရေးဆွဲပြဋ္ဌာန်းအတည်ပြုခဲ့ပြီးသည့်နောက် နိုင်ငံအဝန်းဆင်းရဲမွဲတေမှု၏ဒဏ်ကို ခံခဲ့ကြရပြီး ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးနိုင်ငံ စာရင်းဝင်ခဲ့ရသည်။ စီမံခန့်ခွဲမှုအလွဲများနှင့် အထွေထွေအကျပ်အတည်းများကို မခံမရပ်နိုင်တော့သည့်အခါ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီး ဖြစ်ပေါ်ခဲ့၏။

ထိုအရေးတော်ပုံကြီး အမြင့်မားဆုံးကာလတွင် အာဏာသိမ်းမှု ထပ်မံဖြစ်ပွားခဲ့ပြီး ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ခန်းရပ်ခဲ့ရပြန်ပါသည်။ ထို့နောက် နှစ်ပေါင်း နှစ်ဆယ်ကြာသည်အထိ အခြေခံဥပဒေမရှိသည့် နိုင်ငံအဖြစ် ရပ်တည်ခဲ့ရပြန်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းတို့လို ခေါင်းဆောင်များ၊ တိုင်းရင်းသား ခေါင်းဆောင်များ၊ အတိုက်အခံနိုင်ငံရေးအင်အားစုများကြားက ပြည်သူလူထုက ရွေးချယ်တင်မြှောက်ခဲ့သည့် ကိုယ်စားလှယ်များက ဦးဆောင်ရေးဆွဲကာ အတည်ပြုသည့် ၁၉၄၇ အခြေခံဥပဒေပဲဖြစ်ဖြစ်၊ ထို့နောက်ပိုင်း ရေးဆွဲခဲ့သည့် အခြေခံဥပဒေပဲဖြစ်ဖြစ် ပျက်သုဉ်းခဲ့ရသည့် နမူနာများက ရှေ့တွင် ရှိပြီးသား ဖြစ်သည်။

ဗြိတိသျှတို့၏ ကျွန်ဘဝက လွတ်မြောက်ခဲ့သည့်နောက် နှစ်ပေါင်း ခုနစ်ဆယ် စွန်းစွန်းတွင် အခြေခံဥပဒေနှင့် ရပ်တည်ခဲ့ရသည်က နှစ်လေးဆယ်နီးပါးသာ ရှိခဲ့၏။ အကြမ်းအားဖြင့်ဆိုရလျှင် နှစ်သုံးဆယ်ကျော်ကာလ အခြေခံဥပဒေမရှိခဲ့။ သည့်ထဲတွင် ပြည်သူ့ကိုယ်စားလှယ်စစ်စစ်များက ရေးဆွဲခဲ့သည့် အခြေခံဥပဒေဖြင့် ရပ်တည်ခဲ့ရသည့်ကာလက လွန်စွာနည်းပါးလှသည်ကို တွေ့မြင်နိုင်မည် ဖြစ်ပါသည်။

သမိုင်းကို လည်ပြန်ကြည့်သည့်အခါ အခြေခံဥပဒေကို ပြည်သူ့ဆန္ဒနှင့်အညီ ရေးဆွဲရခြင်းမဆိုထားလင့် အခြေခံဥပဒေဟူ၍မရှိဘဲ နေခဲ့ရသည့် ကာလကိုက မနည်းလှသည်ကို တွေ့ရပါမည်။

ဤသို့သော သမိုင်းကြောင်းတွင် ပြည်သူ့ကိုယ်စားလှယ်တို့က ရေးဆွဲပြဋ္ဌာန်းခဲ့သည့် ပထမဆုံး ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အုပ်ချုပ်ခဲ့သည့်ကာလက နိုင်ငံနှင့် ပြည်သူတို့အတွက် အတိုးတက်ဆုံး အချောင်အလည်ဆုံး ဖြစ်ခဲ့သည်မှာလည်း ထင်ရှားလှပါသည်။

လွတ်လပ်ရေးရပြီးစ နိုင်ငံရေး၊ အုပ်ချုပ်ရေး မတည်ငြိမ်၊ စီးပွားရေးကလည်း စစ်အပြီး ပြန်လည်ထူထောင်ရသည့်ကာလဖြစ်သည့်အတွက် အတော်ပင် ရုန်းကန်ခဲ့ရသည့်အခြေအနေဆိုးများကြားမှာပင် အောင်မြင်ခဲ့သည့်နှစ်များက ပြည်သူ့သဘောထားကို အခြေပြုရေးဆွဲသည့် အခြေခံဥပဒေ၏ အားသာချက်ရှိနေသည်ကို တွေ့ရပါမည်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်းဆိုသည်က အခြေခံဥပဒေပေါ်တွင် လုံးလုံးလျားလျား မူတည်နေသည်ဟု မဆိုချင်သော်လည်း နိုင်ငံရေးအာဏာ၊ ဩဇာအာဏာတို့ဖြင့် အုပ်ချုပ်သူများကို ပြည်သူတို့က မည်မျှလောက် ထိန်းသိမ်းချုပ်ကိုင်နိုင်သလဲဆိုသည့်အချက်ကမူ များစွာ အရေးကြီးလှသည်ဟု ယုံကြည်ပါကြောင်း။ ။

## စာအုပ်စာပေ လူ့မိတ်ဆွေ

# ၂၀၁၉ ခုနှစ်၊ (၇၄) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့ကို အဓိကထား ဆောင်ရွက်ရေး။

(ခ) သမိုင်းကြောင်းအရ နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် စဉ်ဆက်မပြတ် ခံယူလုပ်ဆောင်ရေး။

(ဂ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် မဖြစ်မနေ လိုအပ်သော ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို အခြေခံသော ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဖြင့် တပ်မတော်မှ ခိုင်ခိုင်မာမာဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## ပရိယတ္တိစာမေးပွဲ အောင်မြင်တော်မူသည့် သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား အောင်လက်မှတ်နှင့် စာအောင်ဆုချီးမြှင့်

**သီပေါ မတ် ၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် သံဃနာယကအဖွဲ့က ကြီးမှူးကျင်းပသည့် ပရိယတ္တိစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင် ဆရာများအား ဆုနှင်းသဘင် အခမ်းအနားကို ယမန်နေ့က မဟာမြတ်မုနိ ဘုရားကြီး အရှေ့ဘက်မုခ်ဦး ကျင်းပသည်။

ရှေးဦးစွာမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး မြို့နယ်သာသနာရေးဦးစီးမှူး ဦးစိုင်းထွန်းအေးက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ပရိယတ္တိစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သံဃာတော်များ၊ သီလရှင်များ၏ အမည်စာရင်းကို ဖတ်ကြားကြေညာကာ တာဝန်ရှိသူများက အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ၂၀၁၉ ခုနှစ်အတွက် အာဆီယံဆု (ASEAN Prize 2019) လျှောက်ထားနိုင်ကြောင်း ကြေညာ

အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များတွင် အာဆီယံလမ်းစဉ်တို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၁၉ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိသည်-

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ
(ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ
(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ
(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ
(င) အာဆီယံအသိုက်အဝန်းတည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ

အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့်ဒိုင်အဖွဲ့ကို လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်သည်။ ယင်းဆုကို ၂၀၁၉ ခုနှစ် ဇွန်လတွင် ကျင်းပမည့် (၃၄)ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးတွင် ပေးအပ်ချီးမြှင့်သွားမည် ဖြစ်သည်။

၂၀၁၈ ခုနှစ်အတွက် အာဆီယံဆုကို ဖိလစ်ပိုင်နိုင်ငံမှ မစ္စစ် အာလင်ဒါယူကိုးက အားလုံးပါဝင်သည့် အာဆီယံအသိုက်အဝန်းဖော်ဆောင်ရာတွင် ၎င်း၏ ပါဝင်ဆောင်ရွက်ခဲ့မှုများကြောင့် ရရှိသွားခဲ့ပါသည်။ ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် စင်ကာပူနိုင်ငံဝန်ကြီးချုပ် လီရှန်လုံးနှင့် အာဆီယံအတွင်းရေးမှူးချုပ် ဒါတိုလင်ကျောက်ဟွိုင်တို့က အာဆီယံဆုဖလားနှင့် ဆုတော်ငွေတို့ကို မစ္စစ် အာလင်ဒါယူကိုးအား ပေးအပ်ချီးမြှင့်ခဲ့သည်။ အာဆီယံဆုအတွက် ထောက်ပံ့သော အဖွဲ့အစည်းများမှာ စင်ကာပူနိုင်ငံမှ တမားဆက်ဖောင်ဒေးရှင်း (Temasek Foundation)၊ ဖိလစ်ပိုင်နိုင်ငံမှ အရာလာကော်ပိုရေးရှင်း(the Ayala Corporation) နှင့် မလေးရှားနိုင်ငံမှ ယာယာစံဟာဆနာ (Yayasan Hasanah) အဖွဲ့အစည်းတို့ဖြစ်သည်။

အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကိုဗဟိုပြုသည့် အာဆီယံအသိုက်အဝန်းထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် လျှောက်ထားမည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းမှ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း ပါဝင်ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် ရှေ့ဆက်၍ အာဆီယံနှင့်ပတ်သက်၍ ဆောင်ရွက်သွားမည့်အစီအစဉ်များကို စာမျက်နှာ ၃ မျက်နှာမှ ၅ မျက်နှာအကြား(အင်္ဂလိပ်ဘာသာဖြင့်) အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်သည်။

အကျဉ်းချုပ်တွင်ပါရှိရမည့် အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိပါကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/ call-nominations-asean-prize-2019/. တွင် ရယူ၍ အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com နှင့် psaseanmmr@gmail.com ကို **၈-၃-၂၀၁၉ ရက်နေ့ နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ကြောင်း၊ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

*ထင်သာမြင်သာ ပြုပြင်စရာ*

## မကြာခဏ မီးလောင်နေသော နွားထိုးကြီးမြို့ရှိ စည်ပင်အမှိုက်ပုံကြောင့် မြို့လူထု ကျန်းမာရေးထိခိုက်

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့၌ မတ် ၃ ရက် ညဦးပိုင်းက စည်ပင်အမှိုက်ပုံကြီး မီးလောင်နေမှုကြောင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ဇင်လင်းနှင့် သန္ဓေမီးသတ်တပ်ဖွဲ့က မီးသတ်ယာဉ် နှစ်စီးဖြင့် အမှတ် ၄ ရပ်ကွက်ရှိ စည်ပင်အမှိုက်ပုံကြီးကို ငြှိမ်းသတ်ကြသည်။

အမှိုက်ပုံမှာ နှစ်ဧကခန့် ကျယ်ဝန်းပြီး ၂၀၁၉ ခုနှစ်အတွင်း လေးကြိမ်မြောက် ငြှိမ်းသတ်ရခြင်းဖြစ်ကာ မီးလောင်သည့် အကြောင်းအရင်း မသိရကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။ အမှတ် ၄ ရပ်ကွက်နေ ပြည်သူများသည် မကြာခဏ ဖြစ်ပေါ်နေသည့် အမှိုက်ပုံ ညှော်နံ့ကြောင့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ ခံစားကြရသဖြင့် စည်ပင်အမှိုက်ပုံကြီးကို အမှတ် ၄ ရပ်ကွက်အတွင်းမှ ရွှေ့ပြောင်းပေးရန် လိုလားလျက်ကြောင်း သိရသည်။ **ဌေးမြင့်မောင်**



နွားထိုးကြီးမြို့ရှိ စည်ပင်အမှိုက်ပုံ မတ် ၃ ရက်က မီးလောင်နေစဉ်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ် သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အကူအညီပေးနိုင်မည့်အခြေအနေများ ဆွေးနွေး

**နေပြည်တော်  မတ် ၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး H.E. Mr. John Nielsen နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းပြုစု ဆောင်ရွက်နေမှု၊ မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများ၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တွေ့ကြုံနိုင်သည့် အခက်အခဲများ၊ နိုင်ငံရေးပါတီများ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အကူအညီပေးနိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး H.E. Mr. John Nielsen အား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး နေပြည်တော်၌ ကျင်းပ




ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

သတင်းစဉ်

နေပြည်တော် မတ် ၅

**လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့အစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲက နေပြည်တော်ရှိ ရုံးအမှတ် (၁၀) ရှိ ပြည်ထဲရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေး၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေး လုပ်ငန်းအဖွဲ့၊ ဥပဒေရေးရာနှင့်တရားစွဲဆိုရေး ဆိုင်ရာလုပ်ငန်းအဖွဲ့၊ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းအဖွဲ့များက အမေရိကန်အစိုးရ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးအစီရင်ခံစာနှင့် ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်ရမည့် ကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး၊ ပြည်နယ်များမှ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများနှင့် တက်ရောက်လာသော လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များက မိမိတို့ဆောင်ရွက်လျက်ရှိသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးသို့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ၊ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့စာတိုက်လုပ်ငန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော်  မတ် ၅**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဗဟိုစာတိုက်ကြီးရှိ မြန်မာ့စာတိုက်လုပ်ငန်း (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**ချိတ်ဆက်ဆောင်ရွက်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မြန်မာ့စာတိုက်လုပ်ငန်းအနေဖြင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းဖြစ်သောကြောင့် ပြည်သူလူထုမှ ယုံကြည်စွာ အသုံးပြုလာရေးအတွက် ကောင်းမွန်သောဝန်ဆောင်မှုပေးသွားရန်၊ ဝန်ထမ်းများအားလုံး စည်းလုံးညီညွတ်စွာ လုပ်ငန်းတာဝန်များကို တက်တက်ကြွကြွဆောင်ရွက်ကြရန်၊ အစိုးရနှင့် ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးနှင့် ရာထူးအလိုက် မိမိတာဝန်များကို အလေးထားဆောင်ရွက်ကြရန်၊ ဝန်ထမ်းများစွမ်းဆောင်ရည်မြင့်မားစေရန်နှင့် အရည်အသွေး တိုးတက်စေရန် လုပ်ငန်းခွင်သင်တန်းများတက်ရောက်ပြီး ဝန်ဆောင်မှုလုပ်ငန်းကို နည်းပညာနှင့် ချိတ်ဆက်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မြန်မာ့စာတိုက်လုပ်ငန်းအနေဖြင့် ကမ္ဘာ့စာပို့တိုက်သမဂ္ဂမှ ၂၀၁၆ ခုနှစ်တွင် နိုင်ငံတကာအဆင့် (၁၂၆) မှ ယခု ၂၀၁၈ ခုနှစ်တွင် နိုင်ငံတကာ အဆင့် (၉၁)သို့ ရောက်ရှိလာခြင်းမှာ မြန်မာ့စာတိုက်လုပ်ငန်းမှ ဝန်ထမ်းများ တက်ညီလက်ညီ စုပေါင်းအင်အားနှင့် ဆောင်ရွက်ခဲ့မှုများအပေါ် အသိအမှတ်ပြုပါကြောင်း၊ လုပ်ငန်းသစ်များကို တိုးချဲ့ဆောင်ရွက်နေသည့်အတွက် ဘဏ္ဍာရေးနှစ် တစ်နှစ်ထက်တစ်နှစ် ဝင်ငွေတိုးတက်လာပြီး အရှုံးများလည်း တစ်နှစ်ထက်တစ်နှစ် လျော့ကျလာသည်ကို တွေ့ရှိရပါကြောင်း၊ ဝင်ငွေနှင့် အသုံးစရိတ်များကို စနစ်တကျ စိစစ်ဆောင်ရွက်ပြီး အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်သွားကြရန်နှင့် တိုးတက်သော နိုင်ငံများတွင် လူတစ်ဦးနှင့်တစ်ဦး တန်ဖိုးထားပြီး အလေးထားကြသည့်အခါ ပေးပို့လိုသည်များအတွက် စာတိုက်ကို အားကိုးအသုံးပြုလာကြပါကြောင်း၊ သို့ဖြစ်၍ မြန်မာ့စာတိုက်လုပ်ငန်းကို ပြည်သူများယုံကြည်မှုရှိစေရန်အတွက် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။



အဆိုပါအစည်းအဝေးသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ မြန်မာ့စာတိုက်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနကြီးမှူးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ မန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒသမအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ ဘာသာပေါင်းစုံငြိမ်းချမ်းရေး ညီလာခံအကြို အာရှတိုက်ဒေသလုံးဆိုင်ရာ ဘာသာပေါင်းစုံညှိနှိုင်းအစည်းအဝေးဖွင့်ပွဲကျင်းပ

**ရန်ကုန် မတ် ၅**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပသည့် ငြိမ်းချမ်းမေတ္တာအဖွဲ့ (RfP-Myanmar)က ကြီးမှူး၍ ဒသမအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးညီလာခံအကြို အာရှတိုက်ဒေသလုံးဆိုင်ရာ ဘာသာပေါင်းစုံညှိနှိုင်းအစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ စိန့်မေရီကာသီဒြယ်ဘုရားကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ငြိမ်းချမ်းမေတ္တာအဖွဲ့(မြန်မာနိုင်ငံ) ဥက္ကဋ္ဌ ဦးမြင့်ဆွေက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။




ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဒသမအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးညီလာခံအကြို အာရှတိုက်ဒေသလုံးဆိုင်ရာ ဘာသာပေါင်းစုံညှိနှိုင်းအစည်းအဝေးဖွင့်ပွဲ အခမ်းအနားတွင် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအတွင်း နေထိုင်ကြသော လူမျိုးပေါင်းစုံတို့၏ မတူကွဲပြားသော ဘာသာအချင်းချင်း အပြန်အလှန်နားလည်ယုံကြည်မှုရှိစွာဖြင့် တည်ငြိမ်အေးချမ်းသော လူနေမှုဘဝကိုမြှင့်တင်ရန်၊ ဘာသာရေး ပဋိပက္ခများမဖြစ်ပွားအောင် ကာကွယ်တားဆီးရန်၊ ပဋိပက္ခကြောင့် ဒုက္ခရောက်သူများကို ကူညီစောင့်ရှောက်ပြီးပြန်လည်ထူထောင်ရေးဆောင်ရွက်ပေးရန်၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့ယုံကြည်ကိုးကွယ်ရာ ဘာသာတရား၏ သွန်သင်ချက်များနှင့်အညီ အပြန်အလှန်လေးစားမှုဖြင့် ပူးပေါင်းဆောင်ရွက်ရန် စသည့် ရည်ရွယ်ချက်များသည် မည်သည့်ဘာသာအတွက်မဆို အလွန်တရာကောင်းမွန်လှကြောင်း။

ယခုဆွေးနွေးပွဲမှသည် RfP ကမ္ဘာလုံး ဆိုင်ရာညီလာခံကြီးတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဘာသာရေးပဋိပက္ခများ၊ ပညာရေးဆိုင်ရာကိစ္စများ၊ ကျား/မတန်းတူညီမျှမှုများ စသည်တို့ကို ဆွေးနွေးတင်ပြရာတွင် ကောင်းမွန်သော လုပ်ဆောင်ချက်များ ရရှိပါစေကြောင်း၊ အာရှတိုက်အတွင်း ဘာသာ အသီးသီးအကြား အချင်းချင်း ပိုမိုနားလည်မှု ရှိလာပါစေကြောင်း၊ အချင်းချင်း လူမှုဘဝသဟဇာတဖြစ်၍ မတူကွဲပြားသော ယဉ်ကျေးမှုများနှင့် ဘာသာထုံးတမ်းစဉ်လာများ အကြား မိတ်ဖက်ပိုမို ခင်မင်ရင်းနှီးလာပါစေကြောင်း၊ ဘာသာရေးအဖွဲ့အစည်းများနှင့် ဘာသာပေါင်းစုံ ပူးပေါင်းပါဝင်၍ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာများကို ပိုမိုပညာပေး မြှင့်တင်နိုင်ရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ ငြိမ်းချမ်းမေတ္တာအဖွဲ့(မြန်မာနိုင်ငံ)နာယက ကာဒီနယ်ချားလ်ဘို၊ အစည်းအဝေးသဘာပတိ RfP (Asia) မှ Prof: Dr. Din Syamsuddin ၊ RfP (International) မှ Deputy Secretary General Rev. Kyoichi Sugino၊ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး H.E. Madam Dorothee Janetzke-Wenzel တို့က အမှာစကားအသီးသီး ပြောကြားကြပြီး Asia - Pacific Women of Faith Network ဥက္ကဋ္ဌ Dr. Lillan Sison က နိဂုံးချုပ်အမှာစကားပြောကြားကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ အာရှတိုက်အတွင်းရှိ နိုင်ငံပေါင်း ၂၁ နိုင်ငံနှင့် ငြိမ်းချမ်းမေတ္တာအဖွဲ့(မြန်မာနိုင်ငံ)တို့မှ RfP ကိုယ်စားလှယ်များ၊ ဘာသာရေးခေါင်းဆောင်များ၊ အမျိုးသမီးခေါင်းဆောင်များ၊ လူငယ်ခေါင်းဆောင်များ၊ မြန်မာနိုင်ငံဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးကို မတ် ၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ယနေ့အစည်းအဝေး၌ RfP မှ အမျိုးသမီးခေါင်းဆောင်များနှင့် လူငယ်ခေါင်းဆောင်များက "ပဋိပက္ခဖြစ်ခြင်းကို တားဆီးကာကွယ်ခြင်းနှင့်ဘုံအနာဂတ်သဘောတူညီမှုများကို အတူတကွလုပ်ဆောင်ခြင်း"ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

RfP အဖွဲ့ကြီးသည် နိုင်ငံပေါင်း ၉၀ တွင် အဖွဲ့များရှိပြီး ငါးနှစ်တစ်ကြိမ် အစည်းအဝေးကျင်းပကြောင်း၊ အာရှတိုက်အတွင်း၌လည်း နိုင်ငံပေါင်း ၂၁ နိုင်ငံတွင် RfP အဖွဲ့များ ဖွဲ့စည်းထားနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် RfP အဖွဲ့ကြီး၏ ၉၀ ခုမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်ကြောင်း သိရသည်။

ငြိမ်းချမ်းမေတ္တာအဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၌ ၂၀၁၉ မေတွင် လည်းကောင်း၊ နိုဝင်ဘာတွင်လည်းကောင်း၊ ၂၀၂၀ မတ်တွင်လည်းကောင်း ငြိမ်းချမ်းရေးဖိုရမ်များ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနေဖြင့်လည်း ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

ငြိမ်းချမ်းမေတ္တာအဖွဲ့(မြန်မာနိုင်ငံ) ဥက္ကဋ္ဌ ဦးမြင့်ဆွေက "ဒီနေ့အခမ်းအနားကတော့ အာရှတိုက်အတွင်းရှိနိုင်ငံပေါင်း ၂၁ နိုင်ငံက ဘာသာပေါင်းစုံငြိမ်းချမ်းမေတ္တာအဖွဲ့ (Religions for Peace) ဘာသာရေးခေါင်းဆောင်တွေစုဝေးပြီး ဂျာမနီနိုင်ငံမှာ ဩဂုတ်လ ၂၀ ရက်တွင် ကျင်းပမယ့် (၁၀)ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ ဘာသာပေါင်းစုံငြိမ်းချမ်းရေးRfP အစည်းအဝေးကြီးအတွက် ကြိုတင်ပြင်ဆင်တဲ့ အစည်းအဝေး ဖြစ်ပါတယ်။ ဘာသာရေးကငြိမ်းချမ်းရေးပဲ။ ဘာသာရေးအကြောင်း ဆွေးနွေးကြပြီဆိုရင် အနည်းဆုံး မိမိကိုယ်မိမိငြိမ်းချမ်းအောင် အရင်လုပ်နိုင်မှ ပတ်ဝန်းကျင်၊ မိသားစု၊ နိုင်ငံကို ငြိမ်းချမ်းအောင် လုပ်နိုင်မှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဆိုတာ တစ်ဦးတစ်ယောက် တစ်ဖွဲ့တည်းလုပ်ဆောင်နေလို့ မရပါဘူး။ မြန်မာနိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ ပြည်သူလူထုတွေအားလုံးက ဘာသာပေါင်းစုံအသားအရောင် မခွဲခြားဘဲ အားလုံးရဲ့ ခံယူချက်တွေ၊ အမြင်တွေက ငြိမ်းချမ်းရေးကို ဦးတည်မှ ဖြစ်မှာပါ" ဟု ပြောသည်။

**သတင်း-ရီရီဖြိုး**
**ဓာတ်ပုံ-ဇော်မင်းလတ်**



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း The World Bank မှ Program Leader , Mr. Mark Austin နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း The World Bank မှ Program Leader နှင့်အဖွဲ့ အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၅

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် The World Bank မှ Program Leader , Mr. Mark Austin နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံစဉ် World Bank-Environment and Natural Resource Programme အောက်မှ ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ ပတ်ဝန်းကျင်ဆိုင်ရာ လေ့လာ ဆန်းစစ်မှု (Country Environmental Analysis - CEA) လုပ်ငန်းများနှင့် တွေ့ရှိချက် ရလဒ်များအပေါ် လေ့လာသုံးသပ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်များ အပါအဝင် သတင်းအချက်အလက် ဖြန့်ဝေမည့်လုပ်ငန်းစဉ်များ၊ လက်ရှိ ဆောင်ရွက်လျက်ရှိသည့် သစ်တောပြန်လည်တည်ထောင်ရေး (၁၀) နှစ်စီမံကိန်းတွင် ပါဝင်ရင်းနှီးမြှုပ်နှံနိုင်ရေး ဆောင်ရွက်မည့်အစီအစဉ်များ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ရေးနှင့် ဒီရေတောထိန်းသိမ်းရေး၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ ပိုမိုအားကောင်းလာစေရေးအတွက် ပါဝင်ဆောင်ရွက်နိုင်မည့် လုပ်ငန်းများ၊ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ အကဲဖြတ်သုံးသပ်သည့် လုပ်ငန်းများ ပိုမိုထိရောက် မြန်ဆန်မှုရှိရေး ပူးပေါင်းဆောင်ရွက်နိုင်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ပဲခူးမှ ကရင်လူငယ် အသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ

**နေပြည်တော် မတ် ၅**

နေပြည်တော်၌ လေ့လာရေးခရီးရောက်ရှိနေသော ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ ကရင်လူငယ်အသင်းမှ လေ့လာရေးအဖွဲ့ဝင်များအား ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်သည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲ ၂ နာရီတွင် တွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဦးစီးဌာနညွှန်ကြားရေးမှူးရုံးများ ဖွင့်လှစ်နိုင်ပြီဖြစ်ရာ တိုင်းရင်းသားများအနေဖြင့် အဆိုပါရုံးများမှတစ်ဆင့် မိမိတို့ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည့်ကဏ္ဍအသီးသီးရှိ လိုအပ်ချက်များအား တင်ပြဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ် မရရှိသေးမီကာလတွင် ဒီမိုကရေစီဖက်ဒရယ်စနစ်၏ အခြေခံဖြစ်သည့် တန်းတူညီမျှရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊ ကိုယ့်ကံကြမ္မာကိုယ် ဖန်တီးခွင့်ရရှိရေး စသည့် အချက်အလက်များကို အပြည့်အဝရရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးသော်လည်း အထိုက်အလျောက်ဖြည့်ဆည်းပေးနိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တိုင်းရင်းသားလူငယ်များအနေဖြင့် ပြည်ထောင်စုအဆင့်တွင်သာမက ခေတ်မီတိုးတက်နေသော ကမ္ဘာ့ရေစီးကြောင်းတွင်ပါဝင်ဆံ့နိုင်ရန်အတွက် မှန်ကန်မြင့်မြတ်သော အသိပညာဗဟုသုတ များရှာဖွေရန် လိုအပ်ကြောင်း၊ အဆိုပါမှန်ကန်မြင့်မြတ်သော အသိပညာများကို မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင်သာမက ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်ရေးတွင်ပါ အသုံးချ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပေါ်ပေါက်လာပုံ၊ ဖွဲ့စည်းမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအား တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်အောင်ဝင်းက ရှင်းလင်းတင်ပြပြီး လေ့လာရေးအဖွဲ့ဝင်များက သိရှိလိုသည်များ မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၌ ခင်းကျင်းပြသထားသည့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုနှင့် ဝတ်စားဆင်ယင်မှုပြခန်းများကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**








နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဇနီး ဒေါ်ချိုချိုနှင့် နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်၏ ဇနီး ဒေါ်စုစုလွင်တို့ ဝိသာခါ ပုဏ္ဏမီ ဂုဏ်ဝေ သီလရှင်သင်စာသင်ကျောင်းနှင့် ပရဟိတဂေဟာ လေးထပ်ခွဲကျောင်းဆောင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

# ဝိသာခါ ပုဏ္ဏမီ ဂုဏ်ဝေ သီလရှင်သင်စာသင်ကျောင်းနှင့် ပရဟိတဂေဟာ လေးထပ်ခွဲကျောင်းဆောင်ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၅**

ဝိသာခါ ပုဏ္ဏမီ ဂုဏ်ဝေ သီလရှင်သင်စာသင်ကျောင်းနှင့် ပရဟိတဂေဟာ လေးထပ်ခွဲကျောင်းဆောင် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော် လယ်ဝေးမြို့နယ်ရှိ ပုဏ္ဏမီ ဂုဏ်ဝေသီလရှင်စာသင်တိုက်တွင် ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဇနီး ဒေါ်ချိုချို တက်ရောက်ချီးမြှင့်သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာရွှေလွှမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဝိသာခါဖောင်ဒေးရှင်း၏ နာယက ပါမောက္ခဒေါက်တာဝင်းမင်းသစ်၊ ရင်ခွင်မဲ့ကလေးလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မေယဉ်ထွန်းနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဇနီး ဒေါ်ချိုချိုနှင့် နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်၏ ဇနီး ဒေါ်စုစုလွင်တို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဇနီး ဒေါ်ချိုချိုနှင့် အဖွဲ့ဝင်များသည် ဝိသာခါ ပုဏ္ဏမီ ဂုဏ်ဝေ လေးထပ်ခွဲ ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ကျောင်းဆောင်သစ်ကြီးအတွင်း ဝိသာခါဖောင်ဒေးရှင်း၏ နာယက ပါမောက္ခဒေါက်တာဝင်းမင်းသစ်က ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



ဝိသာခါ ပုဏ္ဏမီ ဂုဏ်ဝေ သီလရှင်သင်စာသင်ကျောင်းနှင့် ပရဟိတဂေဟာမှ သီလရှင်လေးများနှင့် ကလေးငယ်များအား တွေ့ရစဉ်။ သတင်းစဉ်

ထို့နောက် နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်၏ ဇနီး ဒေါ်စုစုလွင်က မုဒိတာစကားပြောကြားပြီး ဝိသာခါဖောင်ဒေးရှင်း နာယက ပါမောက္ခဒေါက်တာဝင်းမင်းသစ်က ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများအား သီလရှင်နှင့် ပရဟိတကျောင်းတိုက် ပဓာနနာယက သီလရှင်ဆရာကြီး ဒေါ်ဇေယျသိင်္ဂီထံ လွှဲပြောင်းပေးအပ်ကာ သီလရှင်ဆရာကြီးက ကျေးဇူးတင်စကား ပြောကြားသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်၏ ဇနီး ဒေါ်စုစုလွင်နှင့် အဖွဲ့ဝင်များ၊ အလှူရှင် ဝိသာခါဖောင်ဒေးရှင်းမှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဝိသာခါ ပုဏ္ဏမီ ဂုဏ်ဝေ သီလရှင်သင်စာသင်ကျောင်းနှင့် ပရဟိတဂေဟာ လေးထပ်ခွဲကျောင်းဆောင်ကို ငွေကျပ်သိန်းပေါင်း ငါးထောင့်ငါးရာကျော် အကုန်အကျခံ တည်ဆောက်ထားပြီး ဝိသာခါဖောင်ဒေးရှင်းက လှူဒါန်းခြင်း ဖြစ်ကြောင်း သိရှိရသည်။ ကျောင်းဆောင်သစ်ဖွင့်ပွဲ အောင်ပွဲအဖြစ် ည ၇ နာရီတွင် လယ်ဝေးမြို့ဖောင်တော်ချက်မဘုရား ကွင်းပြင်၌ သီတဂူဆရာတော်ကြီးက တရားရေအေးများ တိုက်ကျွေးသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်၏ ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာရွှေလွှမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ၊ အလှူရှင် ဝိသာခါဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ ဝိသာခါ ပုဏ္ဏမီ ဂုဏ်ဝေ သီလရှင်သင်စာသင်ကျောင်းနှင့်ပရဟိတဂေဟာ လေးထပ်ခွဲကျောင်းဆောင် ဖွင့်ပွဲအခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# ကမ္ဘာ့ရေနေ့ ၂၀၁၉ အကြို ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၅**

ကမ္ဘာ့ရေနေ့ ၂၀၁၉ အကြိုဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ကျင်းပရာ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ရေမိခင်အဖွဲ့ နာယက ဒေါက်တာရွှေလှမ်း တက်ရောက်သည်။

**ဆွေးနွေး**

မွန်းလွဲပိုင်း၌ ကျင်းပသည့် လူမှုအသိုက်အဝန်းမှ ပါဝင်ဆောင်ရွက်မှု Multi stakeholder Forum ခေါင်းစဉ်ဖြင့် ဆွေးနွေးမှုတွင် ရေမိခင်အဖွဲ့ နာယက ဒေါက်တာရွှေလှမ်းက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ဘာသာရပ်ဆိုင်ရာ ပညာရှင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆွေးနွေးကြသည်။

**အမှာစကားပြောကြား**

ကမ္ဘာ့ရေနေ့ ၂၀၁၉ အကြိုဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲကို နံနက်ပိုင်းမှ စတင်ခဲ့ပြီး အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက အဖွင့်အမှာစကားပြောကြားသည်။



ကမ္ဘာ့ရေနေ့ ၂၀၁၉ အကြို ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲကျင်းပစဉ်။ သတင်းစဉ်

**တက်ရောက်**

အခမ်းအနားသို့ ရေနှင့်ဆက်နွှယ်သည့် ဝန်ကြီးဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ရေနှင့် ဆက်နွှယ်သက်ဆိုင်သူများ တက်ရောက်ကြသည်။

**မြေအောက်ရေစီမံခန့်ခွဲမှု**

ဆွေးနွေးပွဲတွင် ရေနှင့် စွမ်းအင်၊ စိုက်ပျိုးရေးနှင့် ရာသီဥတုပြောင်းလဲမှု၊ ရေကြောင်းသယ်ယူပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်စေမှု၊ ရေဆိုင်ရာစီမံခန့်ခွဲမှုနှင့် ရိုးသားဖြောင့်မတ်မှု၊ လူမှုအသိုက်အဝန်းမှ ပါဝင်ဆောင်ရွက်မှု Multi stakeholder Forum ၊ ရေနှင့် ကျန်းမာရေး၊ မြစ်ဝကျွန်းပေါ်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်မှု၊ မြစ်ဝှမ်းဒေသ စီးပွားရေးနှင့် မိုးရေခံစုဆောင်းခြင်း၊ မြေအောက်ရေစီမံခန့်ခွဲမှု စသည့်အကြောင်းအရာများကို ပညာရှင်များက ဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက မေးမြန်းအကြံပြုဆွေးနွေးကြသည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်မှ စတင်ကာ ကမ္ဘာ့ရေနေ့ အထိမ်းအမှတ် အခမ်းအနားကို အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီက ကြီးမှူး၍ ရေနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည့် နိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းများ၊ ရေနှင့် ဆက်နွှယ်သက်ဆိုင်သူများ ပူးပေါင်းကျင်းပလျက်ရှိသည်။

**ဆွေးနွေးပွဲများ ဆက်လက်ကျင်းပမည်**

ကမ္ဘာ့ရေနေ့ ၂၀၁၉ အထိမ်းအမှတ် အခမ်းအနားကို မတ် ၆ ရက်တွင် ဖွင့်ပွဲအခမ်းအနား၊ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများနှင့် ပြပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# မြေမြှုပ်မိုင်းတားမြစ်ဖျက်သိမ်းရေးဆိုင်ရာ နိုင်ငံတကာပဋိညာဉ်စာချုပ်နှင့် ပတ်သက်သည့် အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် မတ် ၅

**မြေမြှုပ်မိုင်း တားမြစ်ဖျက်သိမ်းရေးဆိုင်ရာ နိုင်ငံတကာပဋိညာဉ်စာချုပ်နှင့် ပတ်သက်သည့် အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပသည်။**

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးစိုးအောင်က မြန်မာနိုင်ငံ တိုင်းဒေသကြီး/ပြည်နယ်အချို့တွင် လက်နက်ကိုင်ပဋိပက္ခများ၏ အကျိုးဆက်ဖြစ်သော မြေမြှုပ်မိုင်းများနှင့် စစ်လက်ကျန်ပစ္စည်းများကြောင့် ဒေသခံပြည်သူများ အသက်ဆုံးရှုံးခြင်း၊ မသန်စွမ်းမှုဖြစ်ခြင်း၊ စိတ်ပိုင်းဆိုင်ရာထိခိုက်ခြင်း၊ လူမှုစီးပွားဘဝထိခိုက်ခြင်းများစွာ ရင်ဆိုင်ခံစားရသည့်အတွက် မိမိတို့ ဝန်ကြီးဌာနအနေဖြင့် မိုင်းကြောင့် ထိခိုက်ခံစားရသူများအား ကူညီထောက်ပံ့ခြင်း၊ လူမှုဘဝပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူ ၄၈၉ ဦးအတွက် တစ်ဦးလျှင် ထောက်ပံ့ကြေး ငွေကျပ် နှစ်သိန်းနှုန်းဖြင့် စုစုပေါင်း ၉၇၈ သန်းတိတိကို ဝန်ကြီးဌာန၏ ဘတ်ဂျက်ရန်ပုံငွေဖြင့် ထောက်ပံ့ပေးခဲ့ပြီးဖြစ်ပါကြောင်း။

မိုင်းအန္တရာယ် အသိပညာပေး ဆောင်ရွက်ရာတွင်လည်း ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ လုပ်ငန်းများ ဆောင်ရွက်နေပါကြောင်း၊ ပြန်လည်ထူထောင်ရေးအတွက် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်းအပြင် ပညာရေး၊ ကျန်းမာရေးနှင့် အခြားထောက်ပံ့မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိုင်းရှင်းလင်းရေးလုပ်ငန်းသည် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်း ဖြစ်သည့်အတွက် အကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်နေသော အဖွဲ့အစည်းများအနေဖြင့် မိုင်းအန္တရာယ် အသိပညာပေးရေး၊ မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများက ပူးပေါင်းဆောင်ရွက်မည်ဆိုပါက မိုင်းကြောင့် ထိခိုက်ခံစားရသူများ လျော့နည်းသွားမည်ဖြစ်ပြီး ဒေသခံများ၏ သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်နိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်မြင့်နှင့် နော်ဝေသံအမတ်ကြီး Ms. Tone Tinnes တို့က နှုတ်ဆက်စကား ပြောကြားသည်။

ဆက်လက်၍ မြေမြှုပ်မိုင်းဆိုင်ရာ ပဋိညာဉ်စာချုပ်နှင့် ပတ်သက်၍ အချက်တစ်ချက်ချင်းစီအလိုက် ရှင်းလင်းဆွေးနွေးခြင်းများ ဆက်လက်ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မြေမြှုပ်မိုင်း တားမြစ်ဖျက်သိမ်းရေးဆိုင်ရာ နိုင်ငံတကာပဋိညာဉ်စာချုပ်နှင့် ပတ်သက်သည့် အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိသူများ၊ ဆွေးနွေးပွဲတက်ရောက်ကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် ပြည်ပသို့သွားရောက်မည့် မြန်မာအားကစားအဖွဲ့ဝင်များအား တွေ့ဆုံ

**ရန်ကုန် မတ် ၅**

ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဟိုချီမင်းမြို့တွင် မတ် ၆ ရက်မှ ၁၄ ရက်အထိ ကျင်းပမည့် (၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလွတ်တန်းဖိတ်ခေါ် စစ်တုရင်ပြိုင်ပွဲနှင့် စင်ကာပူနိုင်ငံတွင် မတ် ၈ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့် ပထမအကြိမ် အာရှလူငယ်အားကစား ခေါင်းဆောင်များ စခန်းသွင်းလေ့ကျင့်မှု အစီအစဉ်သို့ တက်ရောက်မည့် အားကစားအဖွဲ့ဝင်များအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်သည် ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်း ဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံ အားကစားကွင်းရှိ အားကစားနှင့် ကာယပညာ ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံပွဲကျင်းပသည်။ **(အပေါ်ပုံ)**



ရှေးဦးစွာ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပထမအကြိမ် အာရှလူငယ်အားကစား ခေါင်းဆောင်များ စခန်းသွင်းလေ့ကျင့်မှုအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ယခုသွားရောက်ယှဉ်ပြိုင်မည့် စစ်တုရင်အားကစားသမားအနေဖြင့် ပြိုင်ပွဲများတွင် စိတ်ဓာတ်တက်ကြွ နိုင်လိုစိတ်အပြင် မိမိ၏ စဉ်းစားတွေးခေါ်ဖြတ်ထိုးဉာဏ်ဖြင့် ကစားရသော စစ်တုရင်အားကစားနည်းဖြစ်ရာ မိမိတို့၏ အားကစားနည်းပုံရိပ်ကို နိုင်ငံအလယ်တွင် မြှင့်တင်နိုင်ရန် ယှဉ်ပြိုင်စေလိုကြောင်း၊ လိုအပ်သည့်ပံ့ပိုးမှုများကို ကူညီသွားမည်ဖြစ်ပါကြောင်း၊ ပထမအကြိမ် အာရှလူငယ် အားကစားခေါင်းဆောင်များ စခန်းသွင်းလေ့ကျင့်မှုအစီအစဉ်သို့ တက်ရောက်မည့် B.Sc Sports မှ သင်တန်းသား သင်တန်းသူများလည်း နေ့စဉ်သင်တန်းပို့ချမှုများကို ဗီဒီယိုမှတ်တမ်းတင်အပ်ရန် လိုအပ်ပါကြောင်း၊ အားနည်းချက်၊ အားသာချက်များ အတွေ့အကြုံများကို အမြန်ဆုံး ပြန်လည်သုံးသပ်ပြင်ဆင်ပြီး အစဉ်အမြဲတိုးတက်အောင်မြင်မှုများရရှိအောင် ကြိုးစားသွားကြရန် လိုအပ်ပါကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သွားရောက်စခန်းသွင်းသည့်အခါတွင် ဝတ်စားဆင်ယင်မှုပိုင်းကိုလည်း သတိချပ်၍ မိမိတို့၏ နိုင်ငံဂုဏ်တင့်တယ်အောင် သေသပ်စွာ ဝတ်ဆင်စေလိုပါကြောင်း၊ အခက်အခဲရှိပါက မြန်မာသံရုံးများနှင့် ချိတ်ဆက်ပြီး အကူအညီရယူသွားရန် လိုအပ်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**အေကေလင်း**

❒ ရှေ့ဖုံးမှ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဝန်ကြီးဌာနအနေဖြင့် အစိုးရ၏ ပြည်တွင်း၊ ပြည်ပကြွေးမြီလက်ကျန်အခြေအနေများကို ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၃၇ နှင့်အညီ ပုံမှန်အစီရင်ခံတင်ပြလျက်ရှိပါကြောင်း၊ အစိုးရအနေဖြင့် ကြွေးမြီစီမံခန့်ခွဲမှု စွမ်းဆောင်ရည်ကို တိုးမြှင့်အောင် လုပ်ဆောင်လျက်ရှိပြီး နိုင်ငံ၏ ကြွေးမြီခံနိုင်ရည်ရှိမှုအခြေအနေကိုလည်း သင့်တင့်သည့် အခြေအနေတွင်သာရှိရန် ထိန်းသိမ်းဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့၏ ကြွေးမြီခံနိုင်ရည်ရှိမှု ဆန်းစစ်ချက် (Debt Sustainability Analysis) အရ မြန်မာနိုင်ငံသည် ဆုံးရှုံးနိုင်ခြေနည်းပါးသည့် (Low Risk)အဆင့်တွင်သာ ရှိနေပါကြောင်း၊ သို့ဖြစ်ပါ၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့က မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ အစိုးရငွေတိုက်လက်မှတ်များ အာမခံပေး၍ ချေးငွေရယူရန် ငွေကျပ် ၁၀၁၆ ဒသမ ၈၁၈ ဘီလီယံ လျာထားမှုအပေါ် လွှတ်တော်က အတည်ပြုပေးပါရန် နာယကကြီးမှတစ်ဆင့် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းလေ့လာစိစစ်ရေး ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက **ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းနှင့်အဖွဲ့ တင်ပြထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ**အား ဖတ်ကြားတင်ပြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီက ပြင်ဆင်ရန် တင်သွင်းထားသည့် ဥပဒေမူကြမ်းအပေါ် စိစစ်သုံးသပ်ရာတွင် ပုဒ်မ ၂၆၁ ကို ပြင်ဆင်မည်ဆိုပါက ဆက်နွှယ်နေသော ပုဒ်မများကိုပါ ထည့်သွင်းစိစစ်ရန် လိုအပ်သည်ကို တွေ့ရှိရပါကြောင်း၊ ထို့ပြင် ၂၁ ရာစု ပင်လုံညီလာခံမှ အတည်ပြုပြီးဖြစ်သည့် ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်း(၁)တွင် အရေးအကြီးဆုံးဖြစ်သည့် "နိုင်ငံတော်ကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုအဖြစ် ဖွဲ့စည်းရမည်"ဟူသည့် အချက်နှင့် ကိုက်ညီမှုရှိစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်အခြေခံမူများမှ စတင်ပြင်ဆင်မှသာ ယခုပြင်ဆင်ရန် တင်သွင်းလာသည့် ပုဒ်မ ၂၆၁ ပြင်ဆင်ချက်နှင့် ရှေ့နောက်ညီညွတ်မှုရှိမည်ဖြစ်သည်ကို လေ့လာတွေ့ ရှိရပါကြောင်း။

ထိုသို့ ဆီလျော်ညီညွတ်မှုရှိစေရန် ပြင်ဆင်ရန် လိုအပ်သည့်အတွက် ပုဒ်မတစ်ခုချင်းစီကို ပြင်ဆင်လျှင် ပြင်ဆင်သည့်ဥပဒေကြမ်းများ လွှတ်တော်သို့ အကြိမ်ကြိမ် တင်သွင်းဆောင်ရွက်ရန် လိုအပ်သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီမှ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်လုံးအပေါ် သုံးသပ်ပြင်ဆင်သည့်အခါတွင်လည်း ယခုပြင်ဆင်ချက်တင်သွင်းခဲ့သည့် ပုဒ်မ ၂၆၁ ကိုလည်း လေ့လာသုံးသပ်နိုင်မည့် အခြေအနေရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

အဆိုပါ ပူးပေါင်းကော်မတီ၏ အဆုံးသတ်တာဝန်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းတွင် ပုဒ်မ ၂၆၁ အပါအဝင် ချိတ်ဆက်နေသည့် ပြင်ဆင်ချက်များ ပါဝင်လာနိုင်မည့်အပြင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၅ အရ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ နှစ်ရပ်စလုံး ပူးပေါင်းပါဝင်ဖွဲ့စည်းရမည့် အလားတူ လေ့လာစိစစ်ရေးကော်မတီက စိစစ်လေ့လာရမည်ဖြစ်သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ အထက်ဖော်ပြပါအချက်များအရ ပုဒ်မ ၂၆၁ တစ်ခုတည်းကို ပြင်ဆင်သည့် ဥပဒေတစ်ရပ်အဖြစ် လွှတ်တော်သို့ သီးခြားတင်သွင်းသည့် ဥပဒေကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီက ဆောင်ရွက်မည့် ပြင်ဆင်ရေးလုပ်ငန်းများတွင် ထည့်သွင်းဆောင်ရွက်ခြင်းက စနစ်ကျနမှုရှိသည့်အပြင် ထိုသို့ပိုမိုပြည့်စုံစွာ စိစစ်ခြင်းက သင့်မြတ်လျော်ကန်မည်ဖြစ်သည်ကို ကော်မတီဝင်အများစုမှ သဘောထားရရှိခဲ့ပါကြောင်း။

## ဖွဲ့စည်းပုံ အခြေခံဥပဒေသည် နိုင်ငံတစ်နိုင်ငံ၏ အဓိက ပင်မရေသောက်မြစ် ဥပဒေတစ်ရပ်ဖြစ်သဖြင့် နိဒါန်းမှစ၍ နောက်ဆက်တွဲဇယားများအထိ ပြဋ္ဌာန်းချက်များသည် တစ်ခုနှင့်တစ်ခု အစီအစဉ်တကျ တွဲဖက်ဖွဲ့စည်းထားခြင်းဖြစ်

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၅၊ နည်းဥပဒေခွဲ(င)အရ ပူးပေါင်းကော်မတီဝင်များဖြစ်သည့် ဒေါ်နန်းနီနီအေး၊ ဦးဘရှိန်၊ ဦးကျော်ကျော်၊ ဗိုလ်မှူးချုပ်တင့်လွင်နှင့် ဗိုလ်မှူးချုပ်မောင်မောင်တို့က လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဤဥပဒေကြမ်းကို လွှတ်တော်တွင် ဆက်လက်ဆွေးနွေးအတည်ပြုဆောင်ရွက်သင့်သည်ကို အဆိုပြုတင်ပြခဲ့ကြပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းလေ့လာစိစစ်ရေးပူးပေါင်းကော်မတီဝင်အများစုက ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပုဒ်မ ၂၆၁ တစ်ခုတည်းကိုသာ သီးခြားပြင်ဆင်ရန် တင်ပြလာခြင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတစ်နိုင်ငံ၏ အဓိကပင်မရေသောက်မြစ် ဥပဒေတစ်ရပ်ဖြစ်သဖြင့် နိဒါန်းမှစ၍ နောက်ဆက်တွဲဇယားများအထိ ပြဋ္ဌာန်းချက်များသည် တစ်ခုနှင့်တစ်ခု အစီအစဉ်တကျ တွဲဖက်ဖွဲ့စည်းထားခြင်းဖြစ်ပါ၍ ပုဒ်မတစ်ခုချင်းစီကို သီးခြားတင်သွင်းပြင်ဆင်ရန် သင့်မြတ်မှုမရှိခြင်းကြောင့် လွှတ်တော်က အတည်ပြုဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်သည့် "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ"၏ လုပ်ငန်းစဉ်များတွင် တစ်ပါတည်းထည့်သွင်းဆောင်ရွက်သင့်ကြောင်းနှင့် ပူးပေါင်းကော်မတီဝင် (၅)ဦးက လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဤဥပဒေကြမ်းကို လွှတ်တော်တွင် ဆက်လက်ဆွေးနွေးအတည်ပြု ဆောင်ရွက်သင့်ကြောင်း တင်ပြခဲ့ကြသည်ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၉၊ ၁၃၅ တို့နှင့်အညီ အစီရင်ခံတင်ပြအပ်



ပြည်ထောင်စုဝန်ကြီး
ဦးကျော်တင်



ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း



ဒေါက်တာမြတ်ဉာဏစိုး



မိတ္ထီလာမဲဆန္ဒနယ်မှ
ဒေါက်တာ မောင်သင်း

ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါ အစီရင်ခံစာအပေါ် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

## လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၂ နှင့်အညီ ဥပဒေကြမ်း ပူးပေါင်းကော်မတီက ထပ်မံအစီရင်ခံစာတင်သွင်း

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင်က **လောင်းကစား ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ ထပ်မံဖတ်ကြားတင်ပြရာတွင်** ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦးမှ အသစ်ဖြည့်စွက်ရန် တင်ပြချက်နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း၏ အပိုဒ် ၂၃ ပါ ပြဋ္ဌာန်းချက်တွင် အကျုံးဝင်ပြီးဖြစ်သဖြင့် အသစ်ဖြည့်စွက်ပြဋ္ဌာန်းရန် လိုအပ်ခြင်းမရှိပါကြောင်းနှင့် ဥပဒေကြမ်း၏ အပိုဒ် ၂၇ အား ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ထပ်မံပြင်ဆင်ချက်အတိုင်း အတည်ပြုပြဋ္ဌာန်းသင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၂ နှင့်အညီ ဥပဒေကြမ်းပူးပေါင်းကော်မတီက ထပ်မံ အစီရင်ခံစာ တင်သွင်းအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ဇီးကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ထွန်းက **"OIC၊ EU နှင့် UNHRC တို့က မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအခြေအနေဆုံးဖြတ်ချက်အား ကုလသမဂ္ဂအထွေထွေညီလာခံတွင် အတည်ပြုခဲ့ပြီး စဉ်ဆက်မပြတ်လုပ်ဆောင်နေမှုများသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်အား အကျပ်အတည်းအတွင်းတွန်းပို့ပြီး နိုင်ငံတော်ပြိုကွဲပျက်စီးရေး ထောင်ချောက်ဆင်ထားသည့် နိုင်ငံရေး Agenda ကို ဖော်ဆောင်နေခြင်းဖြစ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားအားလုံး ပါတီစွဲ၊ အယူဝါဒစွဲ၊ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲ၊ အစွဲကင်းကင်းဖြင့် စည်းလုံးညီညွတ်စွာ ထိထိရောက်ရောက် တုံ့ပြန်သွားရေး စီမံဆောင်ရွက်သွားပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း** က Fact Finding Mission (FFM) အဖွဲ့၏ အစီရင်ခံစာတွင် ပါဝင်သည့်အချက်သည် မည်သို့မျှ နီးစပ်မှုမရှိသကဲ့သို့ လိုရာယူရေးထားသည့် အစီရင်ခံစာဖြစ်သည့်အတွက် လူ့အခွင့်အရေးဆိုင်ရာ ကျူးလွန်ခဲ့သည်ဆိုသော စွပ်စွဲချက်များမှာလည်း လက်ခံနိုင်စရာအကြောင်းမရှိပါကြောင်း၊ ယခု ရခိုင်ပြည်နယ်အရေးသည် လူမျိုးရေး၊ ဘာသာရေးပဋိပက္ခထက် အမျိုးသားရေး၊ နိုင်ငံတော်လုံခြုံရေးပြဿနာသာဖြစ်ပါကြောင်း၊ မိမိနိုင်ငံနှင့် လူမျိုး ဂုဏ်သိက္ခာ၊ အချုပ်အခြာနှင့် တိုက်ရိုက်တိုက်ဆိုင်နေသည့်အတွက် အစိုးရအနေဖြင့် ဆောင်ရွက်နေပါသည်ဆိုခြင်းနှင့် အဆုံးမသတ်ရန်နှင့် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲစိတ်ဓာတ်များကင်းကင်းဖြင့် ဘက်ပေါင်းစုံမှ မိမိတို့ စုစုစည်းစည်း အမြန်ဆုံးတုံ့ပြန်သွားနိုင်ရန် တိုက်တွန်းအပ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

**ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁) မှ ဒေါ်ထုမေ** က နိုင်ငံတကာဖိအားနှင့် ထောက်ချောက်ဆိုသည်များကို ရင်ဆိုင်ရန်အတွက် ပြည်တွင်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် အဓိကကျပါကြောင်း၊ ထို့ကြောင့် ဌာနေတိုင်းရင်းသားများဘေးကင်းလုံခြုံရေး၊ ဂုဏ်သိက္ခာနှင့်အညီ မိမိအရပ်ဒေသတွင် အကြောက်တရားကင်းစွာ အသက်မွေးဝမ်းကျောင်းပြုရေးတို့ကို လိုလားလျက်ရှိပါကြောင်း၊ ထို့ပြင် ရခိုင်တိုင်းရင်းသားများနှင့် ယုံကြည်မှုတည်ဆောက်ရမည်ဖြစ်ပြီး အကြောက်တရားဖြင့် တည်ဆောက်၍မရပါကြောင်း၊ စစ်မှန်သည့် စည်းလုံးညီညွတ်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို ဖြစ်ထွန်းစေရန် တိုင်းရင်းသားတန်းတူရေး၊ အပြန်အလှန်လေးစားမှုက အဓိကကျသည့်အတွက် နိုင်ငံတကာဖိအားကို အကောင်းဆုံးတုံ့ပြန်နိုင်ရန်မှာ နိုင်ငံအတွင်း အကောင်းမြင်အင်အားထွန်းကားစေရန် ဦးစွာဆောင်ရွက်ရမည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမိုးမြင့်အောင်**က မိမိတို့မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလကို အခွင့်ကောင်းယူကာ လူ့အခွင့်အရေးခေါင်းစဉ်တပ်ပြီး ထုတ်ပြန်ခဲ့သည့် နိုင်ငံတကာအချက်အလက် ရှာဖွေရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာကို ကုလသမဂ္ဂအထွေထွေညီလာခံမှ တစ်ဖက်သတ်ဆုံးဖြတ်ချက်သည် လက်မခံနိုင်စရာကိစ္စရပ်ဖြစ်ပြီး နိုင်ငံရေးထောင်ချောက်ဆင်ရန် အာဂျင်ဒါတစ်ရပ်ဖြစ်သည်မှာ ပေါ်လွင်ထင်ရှားပါကြောင်း၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေကို ပြင်ဆင်ရေးဘက်ပေါင်းစုံမှ ဖိအားပေးဆောင်ရွက်နေသည့် နိုင်ငံရေးအာဂျင်ဒါအောင်မြင်သွားပါက ရခိုင်ပြည်နယ်မြောက်ပိုင်းကို နိုင်ငံတော်၏ အစိတ်အပိုင်းအဖြစ်မှ လက်လွှတ်ဆုံးရှုံးရနိုင်ဖွယ်အခြေအနေဖြစ်သောကြောင့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုကို ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခေါ်)ဦးနေမျိုး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး၊ ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း၊ အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ၊ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း၊ မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင်၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာခင်စိုးစိုးကြည်၊ မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးဟန်သူ၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစိုင်းလုံစံခတ်၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၊ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆) မှ ဒေါ်နန်းနီနီအေး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးစိုးရွှေ၊ ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဂျေယောဝူ၊ ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန်(ခေါ်) မောင်တင်သစ်နှင့် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးတို့က ဆက်လက်ဆွေးနွေးကြသည်။

## ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို စုပေါင်းအားဖြင့် ညီညွတ်စွာ ဆောင်ရွက်ကြပါက အောင်မြင်စွာကျော်လွှားနိုင်မည်ဖြစ်

ယင်းအဆိုနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် နိုင်ငံတကာတွင် မြန်မာနိုင်ငံ၏ ပုံရိပ်မြှင့်တင်ရေးနှင့် ရခိုင်ပြည်နယ်အရေးကိစ္စအပါအဝင် မြန်မာနိုင်ငံ၏ စိန်ခေါ်မှုများကို ဖြေရှင်းရေးအတွက် ဆောင်ရွက်ကြရာတွင် အစိုးရနှင့်အတူ ကဏ္ဍအသီးသီး၊ အလွှာအသီးသီးမှ လူထုလူတန်းစားအားလုံးသည် အစိုးရ၏ ဆောင်ရွက်ချက်များတွင် အပြုသဘောနှင့် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို စုပေါင်းအားဖြင့် ညီညွတ်စွာဆောင်ရွက်ကြပါက အောင်မြင်စွာကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် အဆိုရှင် တိုက်တွန်းသွားသကဲ့သို့ ၎င်းတို့ဆင်ထားသည့် ထောင်ချောက်အတွင်း မဝင်မိစေရန် ဆိုသည်ကို အားလုံးက နားလည်သဘောပေါက်ရန် လိုအပ်ပါကြောင်း၊ မိမိတို့၏ အပြုအမူ၊ အပြောအဆို၊ ဆောင်ရွက်မှုများသည် နိုင်ငံတကာဥပဒေချိုးဖောက်မှုများ မဖြစ်ကြစေရန်လည်း အထူးဂရုပြုဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စကို ဖြေရှင်းရာတွင် အဆိုရှင်အကြံပြုထားသည့်အတိုင်း ပါတီစွဲ၊ အယူစွဲ၊ ဒေသစွဲ မထားဘဲ မတူကွဲပြားသည့် သဘောထားအမြင်များအားလုံးကို ထည့်သွင်းစဉ်းစားကာ နိုင်ငံတော်နှင့် ပြည်သူများအကျိုးအတွက် ဦးထိပ်ထားလျက် မျှတပြီး လက်တွေ့ကျသည့် နည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်အသွင်ကူးပြောင်းရေး အောင်မြင်ရန်အတွက်လည်းကောင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေးအတွက်လည်းကောင်း၊ ပြည်သူကရွေးချယ်တင်မြှောက်ထားသည့် နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အညီ ဦးဆောင်ကြိုးပမ်း အကောင်အထည်ဖော်နေသည့် လုပ်ငန်းစဉ်များတွင် ပြည်သူ၊ ပြည်သားများ အားလုံးအနေဖြင့် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းပံ့ပိုးပါဝင်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုတင်သွင်းသည့်အဆိုနှင့်ပတ်သက်၍ မိမိတို့အစိုးရအနေဖြင့် ရှုထောင့်အမြင်မျိုးစုံ၊ ဘက်ပေါင်းစုံမှ ထည့်သွင်းစဉ်းစားပြီး အဘက်ဘက်မှ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်သည့်အတွက် အဆိုကို မှတ်တမ်းတင်ရန်သာ သင့်ပါကြောင်း အကြံပြုတင်ပြသည်။

ဆက်လက်၍ အဆိုရှင် ဦးဉာဏ်ထွန်းက မိမိတို့ နိုင်ငံသူ နိုင်ငံသားအားလုံး တစ်သားတည်းဖြစ်၊ တစ်သံတည်းဖြစ်မည့် ညီညွတ်ရေးစိတ်ဓာတ်ဖြင့် ထိရောက်စွာ တုံ့ပြန်သွားရန်အတွက် အဆိုတွင်တင်ပြထားသည့် လုပ်ငန်းစဉ်များကို အတည်ပြုပေးရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းအဆိုကို အတည်ပြုရန် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၂၁၉ မဲ၊ ကန့်ကွက်မဲ ၃၂၆ မဲ၊ ကြားနေမဲ ၆မဲ ဖြစ်၍ ကန့်ကွက်ဆန္ဒမဲများသဖြင့် အဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားရှိရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို မတ် ၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မော်၊ အေးအေးသန့်(သတင်းစဉ်)**

# တိုင်းရင်းသားတို့၏အသံ ထင်ဟပ်ပေါ်လွင်လာသည့် ကလေးစာပေပွဲတော်များ

**ထက်အုံလင်း**

**“တိုးတက်သောနိုင်ငံသားတိုင်း စာဖတ်ကြ၍ စာဖတ်သော နိုင်ငံသားတိုင်း တိုးတက်ကြသည်”ဟု ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်က ပြောကြားခဲ့သည်။ ကမ္ဘာပေါ်တွင် စာပေဖတ်ရှုသည့် နိုင်ငံ၊ စာဖတ်ချိန်ကို အများဆုံးအသုံးပြုသည့်နိုင်ငံများတွင် အိမ်နီးချင်း တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ထိပ်ဆုံး၌ ရပ်တည်လျက်ရှိသည်ကို အားကျဖွယ်လေ့လာတွေ့ရှိရသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရာတွင် အစိုးရ၏ ဦးဆောင်မှုကောင်းမွန်ရုံသာမက အသိပညာဗဟုသုတပြည့်ဝသည့် ပြည်သူများလည်း လိုအပ်သည်ဟု မြင်ပါသည်။**




ကလေးစာပေပွဲတော်(မြစ်ကြီးနား)တွင် တိုင်းရင်းသား တိုင်းရင်းသူများက စုပေါင်းအကဖြင့် ဖျော်ဖြေနေမှုကို တွေ့ရစဉ်။

အသိပညာဗဟုသုတရရှိရန် အဓိက လိုအပ်ချက်မှာ စာပေဖတ်ရှုလေ့လာရန်ပင် ဖြစ်သည်။ စာဖတ်ခြင်းသည် အလေ့အကျင့်ရှိရန် လိုအပ်ပြီး စာပေကို ဖတ်ရှုလေ့လာလိုသည့် အလေ့အထများ ရှိရပါမည်။ ထိုအလေ့အထကို ငယ်ရွယ်စဉ်ကတည်းက လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်သကဲ့သို့ စာပေဖတ်ရှုနိုင်မည့် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးရန် လိုအပ်ပါသည်။

**ကလေးများ ပညာရှာမှီးသူများဖြစ်လာစေရန်**

ပြန်ကြားရေးဝန်ကြီးဌာနသည် ရုံးစာကြည့်တိုက်များကို အဆင့်မြှင့်တင်ပေးပြီး ကလေးစာဖတ်ခန်းများကိုလည်း သီးသန့်စီစဉ်ပေးလျက်ရှိသည်။ ကလေးများ စာပေဖတ်ရှုသည့် အလေ့အကျင့်များရရှိစေရန် သင်ကြားပေးနေသည့် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများကလည်း ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍ ကလေးများ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ ရာသက်ပန် ပညာရှာမှီးသူများ ဖြစ်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ရရှိလာစေရန်၊ ပညာဗဟုသုတရော လူရည်လူသွေးပါပြည့်ဝ၍ အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများ ဖြစ်လာစေရန် ရည်ရွယ်ချက်များဖြင့် ကလေးစာပေပွဲတော်များကို ၂၀၁၆ ခုနှစ်မှစ၍ နိုင်ငံအနှံ့တွင် ကျင်းပပေးလျက်ရှိသည်။

**အသိပညာနှင့် စိတ်ရွှင်လန်းအပန်းဖြေရန်**

ကလေးစာပေပွဲတော်များတွင် ကလေးများ စာပေနှင့် ထိတွေ့မှုရှိစေရန် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ ဉာဏ်ရည်ထက်မြက်စေသည့် စက္ကူခေါက်၊ ဆေးရောင်ခြယ်၊ အရုပ်ဆက်၊ စကားပုံဆက် ကစားနည်းများ၊ အများနှင့် ပူးပေါင်းဆောင်ရွက်တတ်စေမည့် Team Building ဂိမ်းများ ထည့်သွင်း ကျင်းပလျက်ရှိသည်။ စာပေနှင့်နီးစပ်မှု ရှိစေရန် စာအုပ်ပြခန်း၊ ကလေးစာဖတ်ခန်းနမူနာ၊ စာအုပ်အရောင်းဆိုင်များ၊ စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲများကိုလည်း ကျင်းပပေးလျက်ရှိသည်။ ထို့ပြင် အသိပညာဗဟုသုတရရှိစေမည့် ပြခန်းများပါရှိသကဲ့သို့ စိတ်ရွှင်လန်းအပန်းဖြေရန်နှင့် ပျော်ရွှင်မှု ရရှိနိုင်မည့် ဖျော်ဖြေရေးအစီအစဉ်များကိုလည်း ထည့်သွင်းကျင်းပပေးလျက်ရှိသည်။

ထိုကဲ့သို့ ကလေးစာပေပွဲတော်များ ကျင်းပခဲ့မှုအနက် ကချင်ပြည်နယ် မြစ်ကြီးနားတက္ကသိုလ်တွင် ကျင်းပခဲ့သည့် ကလေးစာပေပွဲတော်သည် ထူးခြားသည်ဟု ဆိုရပါမည်။ ကလေးစာပေပွဲတော် (မြစ်ကြီးနား) ဖွင့်ပွဲအခမ်းအနားကို မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကြီး၌ ကျင်းပရာ မနောမြေမှတေးသံသာ၊ အိုဝမ် ကချင်ရိုးရာသီချင်း၊ ရှမ်းရိုးရာအက၊ ရဝမ်ရိုးရာအက၊ လီဆူရိုးရာအက၊ တိုင်းလုံရိုးရာအကများဖြင့် စတင်ဖွင့်လှစ်ခဲ့ကြပြီး ပွဲတော်ကျင်းပသည့် သုံးရက်လုံးတွင်လည်း ကျောင်းသား ကျောင်းသူလေးများ၏ ဖျော်ဖြေမှုများနှင့်အတူ တိုင်းရင်းသားရိုးရာ အကအလှုများ ပါဝင်ကပြဖျော်ဖြေခဲ့ကြသည်။ ဘွဲ့နှင်းသဘင်ခန်းမရှေ့ရှိ ဖျော်ဖြေရေးစင်မြင့်၌လည်း လီဆူ၊ ရဝမ်၊ ဇိုင်ဝါး၊ လာချိဒ်၊ တိုင်းလုံ၊ တိုင်းလိုင်နှင့် တိုင်းဆာတိုင်းရင်းသားတို့၏ ရိုးရာအကများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကချင်ပြည်နယ်သို့ ကလေးစာပေပွဲတော်(မြစ်ကြီးနား) ပွဲတော်မကျင်းပမီ ရောက်ရှိခဲ့စဉ် **“ကလေးစာပေပွဲတော်များတွင် အင်္ဂလိပ်ဘာသာ ပုံပြောပြိုင်ပွဲများ၊ ကဗျာရွတ်ပြိုင်ပွဲများသာမက တိုင်းရင်းသားဘာသာ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲများပါ ထည့်သွင်းကျင်းပစေရန် လမ်းညွှန်ခဲ့ပါသည်။ ထိုကဲ့သို့ လမ်းညွှန်မှုနှင့်အညီ တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် တိုင်းရင်းသားများ၏ ကိုယ်ပိုင်စာပေနှင့် ယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းရင်းသားများ၏ ကိုယ်ပိုင်စာပေဖြင့် ရေးဖွဲ့ထားသည့် ကဗျာများ၊ ပုံပြင်များကို အခြားတိုင်းရင်းသားများသိရှိပြီး ဂုဏ်ယူမြတ်နိုးတန်ဖိုးထားတတ်စေရန်”** ရည်ရွယ်၍ တိုင်းရင်းသား ဘာသာစကားများဖြင့် ရေးဖွဲ့ထားသည့် ပုံပြင်နှင့် ကဗျာပြိုင်ပွဲများကို ထည့်သွင်းကျင်းပခဲ့ခြင်းဖြစ်သည်။



ကလေးစာပေပွဲတော်(မြစ်ကြီးနား)တွင် ဂျိန်းဖောဘာသာဖြင့် ပုံပြောပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

ပွဲတော်၏ ပထမနေ့ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ဂျိန်းဖော၊ ရဝမ်၊ လီဆူ၊ ဇိုင်ဝါး၊ လော်ဝေါ်၊ တိုင်းလုံ၊ တိုင်းဆာနှင့် တိုင်းလိုင် တိုင်းရင်းသား ကျောင်းသား ကျောင်းသူများက တိုင်းရင်းသား ဘာသာစကားဖြင့် ကဗျာရွတ်ဆိုပြီး မြန်မာဘာသာဖြင့် ပြန်ဆိုခဲ့ရာ ပြိုင်ပွဲဝင် တိုင်းရင်းသားသာမက ကျန်တိုင်းရင်းသားများပါ ဗဟုသုတတိုးပွားစေလျက် ဝမ်းသာပီတိဖြစ်ကြသည်။

**တိုင်းရင်းသားဘာသာစကားဖြင့် ပုံပြော**

ထို့အတူ ပွဲတော်၏ ဒုတိယနေ့ ပုံပြောပြိုင်ပွဲတွင် လီဆူ၊ ဂျိန်းဖော၊ လာချိဒ်၊ ရဝမ်၊ လော်ဝေါ်၊ တိုင်းဆာ၊ တိုင်းလိုင်၊ တိုင်းလုံ၊ ဇိုင်ဝါး တိုင်းရင်းသား ကျောင်းသား ကျောင်းသူများက တိုင်းရင်းသား ဘာသာစကားဖြင့် ပုံပြောကြပြီး မြန်မာဘာသာဖြင့် ပြန်ဆိုခဲ့ရာ စိတ်ပါဝင်စားစွာ ကြည့်ရှုသူများပြားခဲ့သည်။

အဆိုပါ ပြိုင်ပွဲများသို့ ပါဝင်ယှဉ်ပြိုင်ခဲ့သူများနှင့် တွေ့ဆုံခဲ့ရာ “ကျွန်မ ဒီနေ့ပုံပြောပြိုင်ပွဲမှာ ဂျိန်းဖောဘာသာဆိုရင် **ချဂရောန်ထဲ့ ဆဂူးကရှာအလမ်** လို့ခေါ်ပြီး မြန်မာဘာသာနဲ့ဆိုရင် **ဝံပုလွေနဲ့ သိုးကလေး** ဆိုတဲ့ပုံပြင်ကို လာရောက်ယှဉ်ပြိုင်တာပါ။ ဒီလိုပါဝင်ခွင့်ရတဲ့အတွက် ဂျိန်းဖောဘာသာစကားကို အခြားတိုင်းရင်းသားတွေ သိစေချင်တယ်။ အခြားသောတိုင်းရင်းသား သူငယ်ချင်းတွေရဲ့ ပုံပြင်တွေကိုလည်း သိရတဲ့အတွက် ပျော်ပါတယ်” ဟု မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ဂျိန်းဖောတိုင်းရင်းသူလေး မဂျာနောင်ဆိုင်းက ပြောသည်။

ရဝမ်တိုင်းရင်းသားဘာသာဖြင့် ပုံပြောပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်းမှ ချန်းဒေးဗစ်ဆန်းလွင်က “ဒီလိုမျိုး အခြားတိုင်းရင်းသား သူငယ်ချင်းတွေ အများကြီးရှိတဲ့နေရာမှာ တစ်ခါမှ မပြောဖူးဘူး။ ဘုရားကျောင်းမှာတော့ သီချင်းဆိုဖြစ်တယ်။ အခုလိုမျိုးပြောတာက ပထမဆုံးပြောဖူးတာဆိုတော့ စိတ်လှုပ်ရှားသလို ပျော်လည်းပျော်တယ်။ ပုံပြင်ဆိုပေမယ့် ကျွန်တော့်စိတ်ထဲမှာ ကိုယ်ရဲ့ရဝမ်လူမျိုးတွေကိုယ်စားပြောနေရသလို ခံစားရပါတယ်။ နောင်တွင်လည်း ဒီလိုမျိုးလုပ်ပေးစေချင်တယ်”ဟု ပြောကြားခဲ့သည်။

**နောင်နှစ်တွေမှာလည်း ဝင်ပြိုင်မယ်**

ထို့အတူပင် တိုင်းလုံတိုင်းရင်းသားလေး စိုင်းမြင့်ဦးက “ကျွန်တော်က တိုင်းလုံဘာသာနဲ့ ပြောတယ်။ သူငယ်ချင်း နန်းဆိုင်းမိုင်က မြန်မာလိုပြောတယ်။ ကျွန်တော်တို့ပြောတဲ့ ပုံပြင်က တိုင်းလုံဘာသာနဲ့ **လင်းတောင်းလိမ်** လို့ခေါ်ပြီး မြန်မာဘာသာကျတော့ **လကိုဆယ်သောမျောက်** ဆိုတဲ့ ပုံပြင်ကို ပြောပြကြတယ်။ ပုံပြောပြီးတော့ ကျွန်တော့်အဖေနဲ့ သူငယ်ချင်းတွေနဲ့ တခြားနေရာတွေကို လေ့လာကြတယ်။ ကျွန်တော်တို့က ဒီလိုမျိုးမကြုံဖူးတော့ ဝမ်းသာတယ်။ နောင်နှစ်တွေမှာလည်း လုပ်ဖြစ်ရင် ကဗျာရော၊ ပုံပြင်ရော ဝင်ပြိုင်မယ်” ဟု ပြောကြားသည်။

ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် တိုင်းရင်းသား ကျောင်းသား ကျောင်းသူများ၏ ရင်ခုန်လှုပ်ရှားဖွယ် စကားသံများသာမက အုပ်ချုပ်သူ ဆရာမ ဒေါ်ဂျာမိုင်ကလည်း “ကလေးစာပေပွဲတော်မှာ တိုင်းရင်းသားဘာသာစကားနဲ့ ပုံပြင်၊ ကဗျာတွေ ပါဝင်ပြောကြားလို့ရတယ်လို့ သိရပါတယ်။ ကျောင်းမှာလည်း Grade 1 မှ Grade 4 အထိ သင်တာရှိပါတယ်။ အဲဒါနဲ့ ကလေးတွေက ပုံပြင်ပြော ပါဝင်ချင်တယ်ဆိုတာနဲ့ ဒီနေ့ကလေးတွေကို လိုက်ပို့တာပါ။ ကလေးတွေက ဒီလိုပါဝင်ခွင့်ရတဲ့အတွက် ပျော်ကြတယ်။ ကလေးတွေ ပျော်တော့ ကျွန်မဆီလည်း ကူးစက်ပြီးပျော်ပါတယ်။

*စာမျက်နှာ ၉ သို့*

# ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သောအဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် မတ် ၅**

ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Martin Tlapa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညပိုင်းတွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဒုတိယဝန်ကြီးနှင့် အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jaroslav Dolecek နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ (ယာပုံ)

**သတင်းစဉ်**



# သံအမတ်ကြီး ဦးစိုးလင်းဟန် လူဇင်ဘတ်နိုင်ငံ အကြီးအကဲ မြို့စားမင်းသားထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မတ် ၆**

လူဇင်ဘတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးလင်းဟန်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်တွင် လူဇင်ဘတ်မြို့၌ လူဇင်ဘတ်နိုင်ငံ အကြီးအကဲ မြို့စားမင်းသား အွန်နရီထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**

# တက္ကသိုလ်ဝင်စာမေးပွဲတွင် နေပြည်တော်၌ စာဖြေဌာန ၅၀ ထားရှိ၍ ကျောင်းသား ကျောင်းသူ ၂၆၁၁၃ ဦး ဖြေဆိုမည်

**နေပြည်တော် မတ် ၅**

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအား မြန်မာနိုင်ငံတစ်ဝန်းတွင် မတ် ၆ ရက်၌ တစ်ပြိုင်နက် ဖြေဆိုကြမည်ဖြစ်ရာ နေပြည်တော်တွင် စာဖြေဌာန ၅၀ ထားရှိကြောင်း သိရသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ဒက္ခိဏခရိုင်နှင့် ဥတ္တရခရိုင်ဟူ၍ ခရိုင်နှစ်ခုရှိရာ မြို့နယ်ရှစ်မြို့နယ် ပါဝင်ပြီး ဒက္ခိဏခရိုင်အောက်ရှိ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ် အဆိုပါ လေးမြို့နယ်တွင် စာဖြေဌာန ၂၆ ခုထားရှိပြီး ဥတ္တရခရိုင်အောက်ရှိ ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိ မြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ် အဆိုပါ လေးမြို့နယ်တွင် စာဖြေဌာန ၂၄ ခု ထားရှိရာ နေပြည်တော်တွင် စုစုပေါင်း စာဖြေဌာန ၅၀ ထားရှိကြောင်းနှင့် အဆိုပါစာဖြေဌာန ၅၀ အတွင်း စာမေးပွဲဝင်ရောက်ဖြေဆိုသူများအနေဖြင့် ဒက္ခိဏခရိုင်တွင် စာဖြေသူ ၁၄၂၀၈ ဦးနှင့် ဥတ္တရခရိုင်တွင် ၁၁၉၀၅ ဦးဖြစ်ရာ နေပြည်တော်ကောင်စီအနေဖြင့် ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်း ၂၆၁၁၃ ဦး ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ကြောင်း နေပြည်တော် ပညာရေးညွှန်ကြားရေးမှူးရုံးမှ သိရသည်။

**မင်းမင်းလတ် (ရုပ်ဗေဒ)**

# ကရင်ပြည်နယ် တက္ကသိုလ်ဝင်စာမေးပွဲလုံခြုံရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**ဘားအံ မတ် ၅**

ကရင်ပြည်နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား ကျောင်းသူများ လုံခြုံအေးချမ်းစွာ ဖြေဆိုနိုင်ရန်အတွက် ကရင်ပြည်နယ်ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများပူးပေါင်း၍ လုံခြုံရေး ညှိနှိုင်းအစည်းအဝေးကို မတ် ၅ ရက် နံနက် ၁၀ နာရီက ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်မြတ်မိုးက ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ စာမေးပွဲဖြေဆိုနိုင်ရန်အတွက် စာမေးပွဲကာလတွင် လုံခြုံရေး အပြည့်အဝပေး၍ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းများ လိုက်နာဆောင်ရွက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး စသည်တို့အတွက် ဦးဆောင်ဆွေးနွေးခဲ့ပြီး တက်ရောက်လာသော ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက မိမိတို့ သက်ဆိုင်ရာဌာနအလိုက် အကြံပြုဆွေးနွေးတင်ပြခဲ့သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပြည်နယ်ပညာရေး၊ ပြည်နယ်မီးသတ်ဦးစီးဌာန၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း ၈၀ ခန့် တက်ရောက်ခဲ့ပြီး ကရင်ပြည်နယ်တစ်ခုလုံးတွင် စာဖြေဌာန ၄၈ ခု၊ ကျောင်းသား ကျောင်းသူဦးရေ ၂၀၇၃၀ ခန့် ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)တွင် သင်္ကြန်ပွဲတော်အကြို စည်ကားသိုက်မြိုက်စွာကျင်းပ

**ရန်ကုန် မတ် ၅**

ရန်ကုန်မြို့ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)တွင် တတိယအကြိမ်မြောက် မဟာသင်္ကြန် အကြိုပွဲတော်ကို မတ် ၅ ရက် နံနက်မှ မွန်းလွဲ ၃ နာရီအထိ စည်ကားသိုက်မြိုက်စွာဖြင့် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာဆင်နွှဲကြသည်။ (ယာပုံ)

နံနက် ၉ နာရီခွဲတွင် မန်းတောင်ရိပ်ခိုသီချင်းဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီးနယ်မြေ) ပါမောက္ခချုပ် ဒေါက်တာတင်ဝင်းက အမှာစကားပြောကြားပြီး ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီးနယ်မြေ) ကျောင်းသားများသမဂ္ဂ ကျောင်းသား ကျောင်းသူတို့က သံချပ်ဖြင့် ဖျော်ဖြေသည်။

ဆက်လက်၍ ယိမ်းအဖွဲ့များ၊ ကျောင်းသားကေပေါ့အဖွဲ့များနှင့်အတူ ဂရေဟမ်၊ ထက်ယံနှင့် ပန်းရောင်ခြယ်တို့က မြူးကြွသောသီချင်းများနှင့် Rose Quartz နှင့် S Logic/ zealot အကအဖွဲ့တို့ကလည်း သွက်လက်သောအကတို့ဖြင့် အသီးသီးဖျော်ဖြေကြသည်။

သင်္ကြန်အကြိုပွဲတော်ကို ရွာသာကြီးနယ်မြေနှင့် လှိုင်နယ်မြေတို့တွင် ကျင်းပခဲ့သည်မှာ တတိယအကြိမ်မြောက်ဖြစ်ပြီး ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)တွင် မတ် ၄ ရက်က ကျင်းပခဲ့ကာ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီး)တွင် ပင်မဆောင်ညာဘက်ခြမ်းရှိ ဝန်ထမ်းအိမ်ရာလမ်းတစ်လျှောက် အရိပ်ရပင်များအောက်တွင် စည်ကားစွာ ကျင်းပပြီး လာမည့်နှစ်တွင် စီးပွားရေးတက္ကသိုလ်ပင်မဆောင်၌ ကျယ်ဝန်းစွာကျင်းပနိုင်ရန် တက္ကသိုလ်မှ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး) သင်္ကြန်အကြိုပွဲတော်တွင် လှိုင်နယ်မြေမှ တက္ကသိုလ် ကျောင်းသား ကျောင်းသူများနှင့် အခြားတက္ကသိုလ်မှ ကျောင်းသားအချို့လည်း ပါဝင်ဆင်နွှဲကြပြီး စတုဒိသာမဏ္ဍပ် ၃၆ ခုမှ အကျွေးအမွေးများဖြင့် ကျောင်းသား ကျောင်းသူတို့က ညှော်ခံသည်။ ပွဲတော်တွင် ကျောင်းသားများ တစ်ဦးနှင့်တစ်ဦး ချစ်ခင်နွေးထွေးမှုကို ပိုမိုရရှိကြပြီး စာမေးပွဲကာလမတိုင်မီ ကျင်းပခြင်းဖြစ်ရာ စိတ်လက်ပေါ့ပါးစွာ ဆင်နွှဲကြလျက် ယခုကဲ့သို့ ကျောင်းသား ကျောင်းသူများ ကိုယ်တိုင်ပွဲတော်ကို ခမ်းနားစွာ ကိုယ်တိုင်ပါဝင်ကျင်းပနိုင်မှုအပေါ် ဝမ်းသာပီတိဖြစ်လျက် ပွဲတော်ကို နှစ်စဉ်မတ်လ ပထမပတ်တွင် သတ်မှတ်ကျင်းပသွားနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ-သန်းစိုး**




*စာမျက်နှာ ၈ မှ*

ကလေးတွေအနေနဲ့ ပုံပြောလာပြိုင်ရုံတင်မဟုတ်ဘဲ အခြားသော တိုင်းရင်းသားဘာသာစကားနဲ့ ပုံပြင်တွေကို လေ့လာခွင့်ရတဲ့အတွက် ဗဟုသုတတွေ ရရှိခဲ့ပါတယ်''ဟု ကြည်နူးဝမ်းသာမှုဖြင့် ပီတိစကားကို ပြောကြားခဲ့သည်။

**ပွဲတော်လာပရိသတ်များ ဗဟုသုတတိုးပွားစေ**

ထို့ပြင် ပွဲတော်၌ အသိပညာပေးပြခန်းပေါင်း ၃၆ ခန်း ခင်းကျင်းပြသခဲ့ရာတွင် ဂျိန်းဖော၊ လာချိဒ်၊ လော်ဝေါ်၊ ဇိုင်ဝါး၊ လီဆူ၊ ရဝမ်၊ တိုင်းလုံ၊ တိုင်းလေ၊ တိုင်းလိုင်၊ တိုင်းဆာ၊ တိုင်းခမ်းတီ စသည့် တိုင်းရင်းသားများ၏ စာပေနှင့် ရိုးရာယဉ်ကျေးမှုပြခန်း ၁၁ ခန်းကိုလည်း ပါဝင်ပြသနိုင်ခဲ့သည်။ အဆိုပါ ပြခန်းများတွင် တိုင်းရင်းသားစာပေများ၊ ပေ၊ ပုရပိုက်များ၊ ရိုးရာဝတ်စုံများ၊ အသုံးအဆောင်ပစ္စည်းများ၊ အထိမ်းအမှတ်ပစ္စည်းများကို ခင်းကျင်းပြသထားသဖြင့် စိတ်ဝင်တစား ကြည့်ရှုလေ့လာသူများ၊ မေးမြန်းဆွေးနွေးသူများကို ပြခန်းတာဝန်ခံများက စိတ်ရှည်လက်ရှည် ရှင်းလင်းပြောပြခဲ့ကြသဖြင့် တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုပစ္စည်းများအကြောင်း ပွဲတော်လာပရိသတ်များအတွက် ဗဟုသုတတိုးပွားစေခဲ့သည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ကျင်းပခဲ့သည့် ကလေးစာပေပွဲတော်တွင် တိုင်းရင်းသားတို့၏ ကဏ္ဍစုံပူးပေါင်းပါဝင်မှုကြောင့် ရောင်စုံပန်းခင်းသဖွယ် လှချင်တိုင်းလှနေသည်ကို ကြည်နူးဖွယ်ရာ မြင်တွေ့ခဲ့ရသည်။

ထို့အတူ ကလေးစာပေပွဲတော်(ပူတာအို)ကို မတ်လ ၁၈ ရက်နေ့မှ ၁၉ ရက်နေ့အထိ မြန်မာနိုင်ငံမြောက်ဖျားရှိ ပူတာအိုမြို့တွင် ကျင်းပတော့မည်ဖြစ်ရာ ဒေသခံ ရဝမ်၊ ဂျိန်းဖော၊ လီဆူ၊ ရှမ်းတိုင်းရင်းသားတို့၏ အကအလှ ဖျော်ဖြေမှုများနှင့်အတူ တိုင်းရင်းသားဘာသာများဖြင့် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲများလည်း ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကဗျာရွတ်ဆိုနှင့် ပုံပြောပြိုင်ပွဲများ ကျင်းပရန်**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ပဲခူးတက္ကသိုလ်၌ မတ်လ ၂၈ ရက်မှ ၃၀ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် ကလေးစာပေပွဲတော်(ပဲခူး)တွင်လည်း ဒေသခံတိုင်းရင်းသားများဖြစ်သည့် ကရင်၊ မွန်၊ အရှိုချင်း၊ ပအိုဝ်း၊ ရှမ်း၊ ကယားတို့၏ အကအလှများ၊ တိုင်းရင်းသားဘာသာဖြင့် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲများ ထည့်သွင်းကျင်းပပေးရန် စီစဉ်ဆောင်ရွက်နေကြောင်း ထပ်မံသိရှိရပါသည်။

- **ကလေးစာပေပွဲတော်(ပူတာအို)ကို မတ်လ ၁၈ ရက်နေ့မှ ၁၉ ရက်နေ့အထိ မြန်မာနိုင်ငံမြောက်ဖျားရှိ ပူတာအိုမြို့တွင် ကျင်းပတော့မည်ဖြစ်ရာ ဒေသခံ ရဝမ်၊ ဂျိန်းဖော၊ လီဆူ၊ ရှမ်းတိုင်းရင်းသားတို့၏ အကအလှဖျော်ဖြေမှုများနှင့်အတူ တိုင်းရင်းသားဘာသာများဖြင့် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲများလည်း ထည့်သွင်းကျင်းပမည်**
- **ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ပဲခူးတက္ကသိုလ်၌ မတ်လ ၂၈ ရက်မှ ၃၀ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် ကလေးစာပေပွဲတော်(ပဲခူး)တွင်လည်း ဒေသခံတိုင်းရင်းသားများဖြစ်သည့် ကရင်၊ မွန်၊ အရှိုချင်း၊ ပအိုဝ်း၊ ရှမ်း၊ ကယားတို့၏ အကအလှများ၊ တိုင်းရင်းသားဘာသာဖြင့် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲများ ထည့်သွင်းကျင်းပပေးရန် စီစဉ်ဆောင်ရွက်နေ**

ထိုကဲ့သို့ နိုင်ငံတစ်ဝန်းတွင် အရှိန်အဟုန်ဖြင့် ကျင်းပလာသည့် ကလေးစာပေပွဲတော်များတွင် စာအုပ်စာပေပြပွဲနှင့် စာအုပ်ပြခန်း၊ နည်းပညာမိတ်ဆက်၊ ဉာဏ်စမ်းပဟေဠိနှင့် ကလေးကစားနည်း၊ စုပေါင်းကစားနည်းများ စုံလင်စွာပါဝင်လာမှုနှင့်အတူ တိုင်းရင်းသားတို့၏ အကအလှများ၊ ကဗျာရွတ်ဆိုသံများ၊ ပုံပြင်ပြောဆိုမှုများ၊ စာပေနှင့် ရိုးရာယဉ်ကျေးမှုဆိုင်ရာပြခန်းများဖြင့် ထပ်မံဖြည့်စွက်ဆောင်ရွက်လာမှုကြောင့် **''ပင်ချင်းခက်၍ နွယ်ချင်းယှက်''** ဆိုသကဲ့သို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ဆက်နွယ်ပါဝင်လာပြီး **''တိုင်းရင်းသားတို့၏ အသံများ ထင်ဟပ်ပေါ်လွင်လာသော ကလေးစာပေပွဲတော်များ''**ဟု ကျူးရင့်မိပါသတည်း။ ။

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)၏ လုပ်ငန်းစဉ်များတွင် အသုံးပြုနိုင်ရန် ကိုရီးယားသမ္မတနိုင်ငံသံရုံးက အထောက်အကူပစ္စည်းများပေးအပ်လှူဒါန်း

ရန်ကုန် မတ် ၅

**မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ၏ လုပ်ငန်းစဉ်များတွင် အသုံးပြုနိုင်ရန်အတွက် KIA အမျိုးအစား မော်တော်ယာဉ် တစ်စီး၊ Samsung Tablet PC အလုံး ၁၁၀ နှင့် Daewoo မီးစက်ငယ် အလုံး ၂၀ တို့ကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် ပေးအပ်လှူဒါန်းခဲ့သည်။**

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အားပေး**

အခမ်းအနားတွင် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Sang-hwa က လှူဒါန်းရခြင်းရည်ရွယ်ချက်နှင့် ပတ်သက်၍ ကိုရီးယားနိုင်ငံနှင့် မြန်မာနိုင်ငံသည် များစွာသော ရင်းနှီးမှုများ ရှိကြပါကြောင်း၊ သမိုင်းအရသော်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း တူညီနေပါကြောင်း၊ ယနေ့လှူဒါန်းထားသောပစ္စည်းများသည် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ကိုရီးယားနိုင်ငံ၏ အားပေးမှုကို ပြသနေခြင်းဖြစ်ပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် ကိုရီးယားနိုင်ငံ သံအမတ်ကြီးက JMC-U ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အားပေးထောက်ခံသည့်အနေဖြင့် လှူဒါန်းထားသော အထောက်အကူပြုပစ္စည်းများအား လွှဲပြောင်းပေးအပ်သည်။

လွှဲပြောင်းပေးအပ်ပြီးနောက် JMC-U ဥက္ကဋ္ဌက ကိုရီးယားနိုင်ငံ သံအမတ်ကြီးထံ ဂုဏ်ပြုကျေးဇူးတင်လွှာမှတ်တမ်းနှင့် အထိမ်းအမှတ်လက်ဆောင်အား ပြန်လည်ပေးအပ်သည်။



**ကိုရီးယားနိုင်ငံ သံအမတ်ကြီးက JMC-U ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အားပေးထောက်ခံသည့်အနေဖြင့် လှူဒါန်းထားသော အထောက်အကူပြုပစ္စည်းများအား လွှဲပြောင်းပေးအပ်စဉ်။**

**လိုအပ်သလို အသုံးပြု**

ဆက်လက်၍ JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပေးအပ်လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် “NCA မှာပါတဲ့ သဘောတူညီချက်တွေကို လက်နက်ကိုင်အဖွဲ့အစည်းများ လိုက်နာမှု ရှိ၊ မရှိ စောင့်ကြည့်ဖို့ အဓိကဖြစ်ပွားရာဒေသတွေမှာ ဒေသခံ အရပ်သားစောင့်ကြည့်ရေး (LCM) တွေကို လုပ်ငန်းစဉ်အကောင်အထည်ဖော်ဖို့အတွက် ဆက်လက်ဖွဲ့စည်းမှာ ဖြစ်ပါတယ်။ ဒီနေ့ ကိုရီးယားသမ္မတနိုင်ငံ သံရုံးက လှူဒါန်းတဲ့ အထောက်အကူပစ္စည်းတွေကိုလည်း ပြည်နယ်အဆင့်၊ ဒေသဆိုင်ရာအဆင့် JMC တွေမှာ အဓိကထား အသုံးပြုသွားမှာဖြစ်ပြီးတော့ Samsung အမျိုးအစား Tablet ၁၁၀ ကို ဒေသခံအရပ်သားစောင့်ကြည့်ရေး (LCM) တိုးချဲ့ဖွဲ့စည်းတဲ့အခါမှာ အသုံးပြုသွားမှာ ဖြစ်ပါတယ်။ ပဋိပက္ခဖြစ်ပွားခြင်းမရှိတဲ့ အချို့ဒေသတွေမှာဆိုရင် လျှပ်စစ်မီးမရရှိတဲ့အတွက် အဲဒီဒေသတွေမှာလည်း လိုအပ်တဲ့ မီးစက်တွေကို လိုအပ်သလို အသုံးပြုသွားမှာ ဖြစ်ပါတယ်” ဟု ပြောကြားသည်။

ယနေ့ အခမ်းအနားသို့ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍မေးမြန်း**

အခမ်းအနားအပြီးတွင် သတင်းမီဒီယာများက ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Lee Sang-hwa အား မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ကိုရီးယားနိုင်ငံကဲ့သို့ ပြင်ပနိုင်ငံများ၏ အမြင်ကို မေးမြန်းခဲ့သည်။

ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးက “ဖြေရှင်းရမယ့် နည်းလမ်းတွေ၊ လုပ်ဆောင်ရမယ့် လုပ်ဆောင်မှုတွေ သပ်သပ်စီရှိပါတယ်။ နည်းလမ်းတစ်ခုပဲ သတ်မှတ်ပြီးတော့ အကုန်လုံးကို ပေါင်းစုံပြီးတော့ လုပ်လို့မရဘူး။ သူ့ဟာနဲ့သူ၊ သူ့နေရာနဲ့သူ အဖြေကိုရှာပြီး လုပ်ရမယ်လို့ ကျွန်တော် နားလည်မိပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း အချိန်တစ်ခုယူပြီး သည်းခံနိုင်စွမ်းနဲ့စောင့်ဖို့ လိုအပ်တယ်လို့ ခံစားမိပါတယ်။ ကိုရီးယားငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပုံစံကတော့ မတူပေမယ့် ငြိမ်းချမ်းရေးလိုအပ်တယ်ဆိုတာကတော့ တူညီချက်တစ်ခုလို့ ပြောလို့ရပါတယ်။ ပြီးခဲ့တဲ့လက ရခိုင်ပြည်နယ် ငပလီမှာကျင်းပခဲ့တဲ့ ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲကို ကိုရီးယားလုပ်ငန်းရှင်တွေနဲ့အတူတူ ကျွန်တော် တက်ရောက်ခဲ့ပါတယ်။ အဓိကက ငြိမ်းချမ်းရေးသည် တစ်ခုတည်းသွားလို့မရဘဲ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလည်း တစ်ပြိုင်တည်းသွားမှ မြန်မာနိုင်ငံငြိမ်းချမ်းရေး မြန်မြန်ရမယ်လို့ ကျွန်တော် ထင်တယ်။ အဲဒါကြောင့် ရခိုင်ပြည်စီးပွားရေးဖွံ့ဖြိုးဖို့အတွက် ကျွန်တော်တို့အနေနဲ့လည်း ကဏ္ဍတစ်ခုအနေနဲ့ အားထုတ်နေပါတယ်” ဟု ဖြေကြားခဲ့သည်။

**ဒေသခံ အရပ်သားစောင့်ကြည့်ရေး ဖွဲ့စည်း**

JMC သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက် လုပ်ငန်းများအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ စောင့်ကြည့်နိုင်ရေးအတွက် ပဋိပက္ခနယ်မြေဒေသများတွင် ဒေသခံအရပ်သားစောင့်ကြည့်ရေး (LCM) ကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်သည်။

**သတင်း-ရဲခေါင်ညွှန့်**
**ဓာတ်ပုံ-ဖိုးထောင်**

---

✻ ***ရှေ့ဖုံးမှ***

ပိုမိုကောင်းမွန်တဲ့ အရွေ့တစ်ခုကို ဖန်တီးနိုင်ဖို့ လိုအပ်နေတယ်လို့လည်း ကျွန်တော်တို့ KNU နဲ့ RCSS တို့က ရှုမြင်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့အကြားမှာ အကျေအလည်ညှိနှိုင်းဆွေးနွေးနိုင်မယ့် အထူးအစည်းအဝေး (Extra-ordinary Meeting) တစ်ရပ် လိုအပ်နေပြီဖြစ်လို့ အခုလိုခေါ်ယူတာဖြစ်ပါတယ်” ဟု ထည့်သွင်းပြောကြားခဲ့သည်။

ယနေ့ကျင်းပသည့် အစည်းအဝေးသည် အထူးအစည်းအဝေးဖြစ်ပြီး ညီညွတ်မှုကို ရှေးရှု၍ အကျေအလည် ညှိနှိုင်းဆွေးနွေးကြရမည်ဖြစ်ကြောင်းနှင့် ယခုအစည်းအဝေးမှနေ၍ လိုက်လျောညီထွေဖြစ်စေမည့် သင့်တော်သောကိုယ်စားလှယ်ပြောင်းလဲမှုများကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနှစ်ဖွဲ့နှင့် ပတ်သက်၍ စောမူတူးဆေးဖိုးက “ကျွန်တော်တို့ နှစ်ဖွဲ့အနေနဲ့ PPST စုဖွဲ့မှုကို အကျေအလည် ညှိနှိုင်းဆွေးနွေးပြီး ရည်မှန်းချက်တူညီရာကို အတူတကွပူးတွဲအကောင်အထည်ဖော်နိုင်တဲ့ ညှိနှိုင်းဆွေးနွေးမှုအစည်းအဝေးအဖြစ်သို့ အသွင်ပြောင်းလိုတဲ့ကိစ္စကိုလည်း ဒီအထူးအစည်းအဝေးမှာ အဆိုပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအဆိုပြုချက်အတိုင်း KNU နဲ့ RCSS တို့အနေနဲ့ကတော့ PPST အစည်းအဝေးနဲ့ ပတ်သက်ပြီး လိုက်လျောညီထွေဖြစ်စေမယ့် သင့်တော်တဲ့ ကိုယ်စားလှယ်ပြောင်းလဲမှုတွေကိုလည်း ပြုလုပ်သွားမှာဖြစ်ပါတယ်ဆိုတဲ့အကြောင်းကိုလည်း အသိပေးအပ်ပါတယ်” ဟု ပြောသည်။

ဒီမိုကရေစီ၏အနှစ်သာရဖြစ်သည့် မတူကွဲပြားမှုကို အသိအမှတ်ပြုပြီး ညီညွတ်မှုတည်ဆောက်ခြင်း အခြေခံမှတစ်ဆင့် ဘုံရည်မှန်းချက်ကိုရှာဖွေ၍ ဒီမိုကရေစီနှင့် ဖက်ဒရယ်ပန်းတိုင်သို့ အရောက်ချီတက်နိုင်မည့် ပူးပေါင်းဆောင်ရွက်မှုမျိုးကို တည်ဆောက်ကြရန် တိုက်တွန်းကြောင်းကိုလည်း PPST အဖွဲ့ခေါင်းဆောင်က ထည့်သွင်းပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST)ကို မူဝါဒပိုင်းဆိုင်ရာ ဦးဆောင်ကော်မတီတစ်ရပ်အနေဖြင့် ၂၀၁၆ မတ်လအတွင်းက NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့က ခေါင်းဆောင်ရှစ်ဦးဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးကို မတ် ၆ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။




**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) ၏ အစည်းအဝေးကျင်းပစဉ်။**

**သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-EPRN**

---

## နေရပ်စွန့်ခွာလာသူ ဒေသခံများအတွက် စားနပ်ရိက္ခာနှင့်အသုံးအဆောင် ပစ္စည်းများပေးအပ်

**သီပေါ မတ် ၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် အရှေ့တောင်ခြမ်းဒေသနှင့် အနောက်မြောက်ခြမ်းဒေသတို့မှ ပဋိပက္ခကြောင့် နေရပ်စွန့်ခွာလာသူများကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (ICRC) တို့မှ လှူဒါန်းသော လူ့အသုံးအဆောင်ပစ္စည်းများနှင့် စားနပ်ရိက္ခာများ မတ် ၅ ရက်က ရောက်ရှိလာသည်။ အဆိုပါရောက်ရှိလာသော ခြုံစောင်၊ ခြင်ထောင်၊ မိသားစုသုံး သန့်ရှင်းရေးပစ္စည်းများ၊ ကလေးဝတ်အင်္ကျီနှင့် ကိုယ်ဝန်ဆောင်မိခင်သုံးပစ္စည်းများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဇေယျနှင့် အဖွဲ့ဝင်များ၊ ကူညီထောက်ပံ့ရေးအဖွဲ့ဝင်များနှင့် သီပေါကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးစိုင်းဇော်ဝင်းနှင့် တပ်ဖွဲ့ဝင်များက ဘိုးတော်ကျောင်း၊ အမက(ထုံစင့်)နှင့် နမ့်လန် (မန်လီ) ခိုလှုံရေးစခန်းများသို့ စဉ်ဆက်မပြတ် သွားရောက်ကူညီပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# ဆေးတက္ကသိုလ် (၁) ရန်ကုန် (၅၆) ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၅**

ဆေးတက္ကသိုလ် (၁) ရန်ကုန်၏ (၅၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မတ် ၂ ရက်က ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပါမောက္ခဒေါက်တာဇော်ဝေစိုးက တိုင်းရင်းသား ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် တိုင်းရင်းသားပြည်သူလူထုက အားကိုးယုံကြည်သည့် ချစ်ခင်သူတွေဖြစ်အောင် ကြိုးစားအားထုတ်ရန်၊ မပြည့်စုံသေးသည့် နေရာဒေသတွင်ရှိသည့် တိုင်းရင်းသားပြည်သူများအား မိမိဆွေမျိုးသားချင်းကဲ့သို့ ကျန်းမာရေးပြုစုစောင့်ရှောက်ပေးခြင်းသည် ငြိမ်းချမ်းရေးကို တည်ဆောက်ပေးခြင်းဖြစ်ပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ပရဟိတနှင့် အတ္တဟိတကို ယှဉ်ပြီးကြည့်ရန် အရေးကြီးပါကြောင်း၊ အဆင့်မြင့်ပညာ ကဏ္ဍတွင်သုတေသနဖွံ့ဖြိုးရေးသည် ပဓာနကျပါကြောင်း၊ နိုင်ငံတော်အနေဖြင့် သုတေသနဖွံ့ဖြိုးရေးအတွက် ဘဏ္ဍာငွေတိုးမြှင့်သုံးစွဲလျက်ရှိပါကြောင်း။

ထို့ပြင် တိုးတက်ပြောင်းလဲနေသည့် ဆေးပညာများကို စဉ်ဆက်မပြတ် လေ့လာလိုက်စားနိုင်ရန်အတွက် တွေးခေါ်မြော်မြင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ဦးစားပေးသည့် Outcome Based Integrated Curriculum ကို ဆေးတက္ကသိုလ်များတွင် ပြောင်းလဲသင်ကြားနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေပါကြောင်းနှင့် ဘွဲ့လွန်သင်ကြားမှုအနေဖြင့် Competency Based Postgraduate Training ကို သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းသင်ကြားမည်ဖြစ်ပါကြောင်း။

ထို့နောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဆေးပညာဘွဲ့ရမောင်မယ် ၆၂၆ ဦး၊ ဘွဲ့လွန်ဒီပလိုမာ ၄၆ ဦး၊ ဆေးပညာမဟာသိပ္ပံ ၃၃၆ ဦး၊ ပါရဂူဘွဲ့ ခြောက်ဦးနှင့် ဆေးပညာလက်တွေ့ပါရဂူဘွဲ့ ၇၀ စုစုပေါင်း ၁၀၈၄ ဦးတို့ကို အသီးသီးသက်ဆိုင်ရာဘွဲ့များ အပ်နှင်းခဲ့ကြောင်း သိရသည်။

**မောင်လူမော်**

# မြို့ပြဆိုင်ရာ ပညာရှင်များ ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၅**

မြန်မာနိုင်ငံဗိသုကာအသင်းနှင့် အမိမြေစိမ်းလန်းဖွံ့ဖြိုး တိုးတက်ရေးအသင်းတို့ ပူးပေါင်း၍ "စဉ်ဆက်မပြတ် မြို့ပြဖွံ့ဖြိုး တိုးတက်ရေးဆီသို့" ဟူသည့် ခေါင်းစဉ်ဖြင့် နည်းပညာ ဟောပြောပွဲကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ဆူးလေ ရှန်ဂရီလာဟိုတယ်၌ မတ် ၈ ရက် နံနက် ၉ နာရီမှမွန်းလွဲ ၁၂နာရီခွဲအထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နည်းပညာဟောပြောပွဲကို "သင်၏မြို့ကို အဘယ်သို့ သင်မြင်ချင်ပါသလဲ။ အထပ်မြင့် မိုးမျှော်တိုက်၊ မိုးပျံလမ်း၊ ရောင်စုံမီးများ ထိန်ညီးလျက် ခမ်းနားထည်ဝါလှပသော၊ ကုန်တိုက်ကြီးများဖြင့် တည်ဆောက်ထားသော ခေတ်မီမြို့ပြ အိပ်မက်ကို သင်မက်လိုပါသလား၊ သို့တည်းမဟုတ် အနေစုတ်ပေမယ့် ရွှေထုပ်တဲ့မြပဝါလို နွေးထွေးလုံခြုံလျက် နိုးထနိုင်စွမ်းအားများဖြင့် လန်းဆန်းတက်ကြွနေသည့် မြို့ပြဝန်းကျင်ကို သင်မြင် တွေ့လိုပါသလား၊ ပြောင်းလဲလာသော ရာသီဥတုအောက်တွင် စိန်ခေါ်မှုများနှင့်ကြုံတွေ့နေရသော မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုအခါ အကောင်းဆုံးလမ်းကို စဉ်းစားရွေးချယ် လျှောက်လှမ်းရမည့် လမ်းဆုံလမ်းခွသို့ ရောက်ရှိနေပြီဖြစ်သည်" ဟူသည့် လှုံ့ဆော်သံများနှင့်အတူ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအတွေ့အကြုံများ၊ အမေရိကန်နိုင်ငံ တက်ဆက်ပြည်နယ် မြို့ပြတည်ဆောက်ရေးဆိုင်ရာ မြေယာစီမံခန့်ခွဲရေးနှင့် အဆောက်အအုံဆောက်လုပ်ရေးဆိုင်ရာ စံသတ်မှတ်ချက် အတွေ့အကြုံများနှင့် ပွင့်လင်းမြင်သာ၍ တာဝန်ယူ တာဝန်ခံမှုရှိသော မြို့ပြအခွန်ဘဏ္ဍာ စီမံခန့်ခွဲနိုင်ရေးအတွက် Blockchain နည်းပညာ၏ အားသာချက်များ၊ အားနည်းချက်များနှင့် စိန်ခေါ်မှုများ အစရှိသည့် စိတ်ဝင်စားဖွယ်ခေါင်းစဉ်များကို ပြည်တွင်းပြည်ပ အတွေ့အကြုံရှိသည့် ပုဂ္ဂိုလ်များက ဟောပြောပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဟောပြောသူများစုပေါင်း၍ မြို့ပြစီမံကိန်းများအတွက် လိုအပ်သော ဘဏ္ဍာရေးရင်းနှီးမြှုပ်နှံမှုများကို မည်သို့ရယူစုဆောင်းအသုံးပြုနိုင်မည်နည်းဟူသော စကားဝိုင်းကိုလည်း ဆက်လက်ဆွေးနွေးသွားမည် ဖြစ်ကြောင်း၊ သို့ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို မြန်မာနိုင်ငံဗိသုကာအသင်း ဖုန်း ၀၉ - ၇၃၁ ၅၄၄၆၀၊ ၀၉- ၉၆၃၄ ၂၂၅၅၆၊ ၀၉- ၄၄၃ ၁၅၄၄၆၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စာရင်းသွင်းကာ တက်ရောက်နိုင်ကြောင်း၊ တက်ရောက်သူအရေအတွက် ကန့်သတ်ထားသဖြင့် ဆောလျင်စွာ ကြိုတင်စာရင်းပေးရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မအူပင်တွင် ဓာတ်ငွေ့ပိုက်လိုင်းယိုစိမ့်နေရာအား ရှာဖွေစဉ် သေဆုံးနှစ်ဦးနှင့် ဒဏ်ရာရသူတစ်ဦးအတွက် ထောက်ပံ့

**မအူပင် မတ် ၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့အမှတ်(၁)ရပ်ကွက် မအူပင်တံတားချဉ်းကပ်တိုင် အမှတ် (MA-1)(MA-2)ကြားပေ ၁၂၀ ခန့်တွင် မတ် ၁ ရက်ကမအူပင် (တောင်) ရေနံမြေမှ ညောင်တုန်းရေနံမြေသို့ ဆက်သွယ်သည့် ပိုက်လိုင်းယိုစိမ့်နေမှုကို ရှာဖွေရန်ဆောင်ရွက်စဉ် မီးလောင်ပေါက်ကွဲမှုကြောင့် သေဆုံးသူနှစ်ဦးအား မအူပင်မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနက တစ်ဦးလျှင်ငွေကျပ်သုံးသိန်း၊ ဒဏ်ရာရရှိသူတစ်ဦးအား ငွေကျပ်ငါးသောင်းကို မအူပင်ရေနံမြေ(တောင်)ခန်းမတွင် ထောက်ပံ့ပေးအပ်ရာ မအူပင်မြို့နယ်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးဇော်မိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်အားပေးထောက်ပံ့ကြောင်း သိရသည်။

**အောင်ခိုင်၊ အောင်မြင့်မြတ် (မအူပင်)**

# စားနပ်ရိက္ခာဖူလုံစေဖို့ ငါးမွေးမြူရေးတိုးမြှင့်စို့

*ခွန်(ဝင်းပ)*

မြန်မာနိုင်ငံအတွင်း ငါးသယံဇာတများ မပပျောက်စေအောင် ထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့်လည်းကောင်း၊ ပြည်သူများ ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်စေရေးအတွက် မွန်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဦးစီးဌာန၏ ငါးလုပ်ငန်းဦးစီးဌာန ငါးလုပ်ငန်းစခန်း(သထုံ)၊ ငါးလုပ်ငန်းသင်တန်းကျောင်းတွင် ကျန်းမာသန်စွမ်းသော မျိုးကောင်းမျိုးသန့်ငါးမျိုးများကို ခေတ်နှင့်အညီ တိုးတက်လာသော လူဦးရေနှင့် စားနပ်ရိက္ခာအတွက် အချိုးကျသဟဇာတဖြစ်အောင် သဘာဝအတိုင်း ငါးသားဖောက်ခြင်း၊ ငါးဆေးထိုးသားဖောက်ခြင်းလုပ်ငန်းများကိုဆောင်ရွက်၍ ငါးသားပေါက်များအား ငါးမွေးမြူရေးလုပ်ငန်းရှင်များ လက်ဝယ်သို့ သက်သာသော ဈေးနှုန်းမြင့် ရောင်းချဖြန့်ဖြူးပေးနိုင်ရန် ငါးသားပေါက်များကို တိုးမြှင့် ထုတ်လုပ်နေကြောင်း သိရသည်။

### အခမဲ့သင်တန်းများ ဖွင့်လှစ်ပေး

အဆိုပါ သင်တန်းကျောင်းတွင် ပြည်နယ်အတွင်းရှိ ငါးမွေးမြူရေးလုပ်ငန်းကို စိတ်ပါဝင်စားသူများအား တစ်နှစ်လျှင် သုံးကြိမ်ခန့် အခြေခံငါးဆေးထိုးသားဖောက်သင်တန်းများ၊ ငါးသယံဇာတ ထိန်းသိမ်းရေးသင်တန်းများကို အခမဲ့ ဖွင့်လှစ်သင်ကြားပေးနေသည်။ စဉ်ဆက်မပြတ် မွေးမြူရေးငါးမျိုးများကို သဘာဝအတိုင်း သားဖောက်ခြင်း၊ ငါးဆေးထိုးသားဖောက်၍ ငါးပြုစုမွေးမြူပြီး အင်းအိုင်၊ ချောင်းမြောင်း၊ လယ်ကွင်းများအတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးနိုင်ရန်အတွက်လည်းကောင်း၊ ငါးမွေးမြူရေး လုပ်ငန်းလုပ်ကိုင်နေကြသူများအား စီးပွားဖြစ်လုပ်ကိုင်နိုင်စေရန်အတွက်ငါးသားပေါက်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေကြောင်း သိရသည်။

### ငါးမျိုးစိတ်များကို ထိန်းသိမ်း

စိတ်ဝင်စားစရာကောင်းသည်မှာ ယခုအချိန်၌ ငါးသယံဇာတများ ရှားပါးလာနေသည့်အတွက် မြန်မာနိုင်ငံတွင် ငါးလုပ်ငန်းသင်တန်းကျောင်းများ ဖွင့်လှစ်ပေးခဲ့ပြီးနောက် ငါးမျိုးစိတ်များအားထိန်းသိမ်း၍ သဘာဝအတိုင်း သားဖောက်ခြင်း၊ ငါးဆေးထိုးသားဖောက်၍ မျိုးပွားခြင်းတို့ကြောင့် ငါးမျိုးစိတ်များကို အောင်မြင်စွာ မွေးမြူလာနိုင်သည်ကို တွေ့မြင်ရသည်။

### ငါးမျိုးပွား၍ မွေးမြူရေး

သဘာဝအတိုင်း ငါးမျိုးပွားခြင်းသည် မွေးမြူထားသည့် ငါးကန်အတွင်းမှ မိမိရွေးချယ်သည့် ငါးမျိုး( ရွှေဝါငါးကြင်း)အား ပထမဦးစွာ အရွယ်ရောက်ပြီးသော၊ ကျန်းမာသန်စွမ်းသော ငါးထီး၊ ငါးမများကို ရွေးချယ်ရကြောင်း၊ (ဥပမာ) ငါးထီးအကောင် ၂၀ ၊ ငါးမ ၁၀ ကောင်ကို မွေးမြူရေးကန်ထဲတွင် ဗေဒါပင်များ ထည့်ထားသော အလျား ၁၀ ပေ၊ အနံခြောက်ပေရှိသော ခြင်ထောင်အတွင်းသို့ ထည့်၍ အပေါ်မှ ရေပန်းများဖြင့် ရေပြင်ကို လှုပ်ရှားစေပြီး တစ်ညတာထားရှိစေခြင်းဖြင့် ငါးများမိတ်လိုက်၍ မျိုးဥများစွာ ရရှိကြောင်း၊ ထိုနည်းတူ ငါးဆေးထိုး သားဖောက်ခြင်းကို ( ငါးတန်၊ ငါးမြစ်ချင်း၊ ငါးခုံးမ၊ ငါးဖန်းမ၊ ငါးသိုင်းခေါင်းပွ၊ ရေချိုငါးမုတ်၊ အလှမွေးငါး )ငါးမျိုးစုံအား ပြုလုပ်ပေးနိုင်ကြောင်း အထူးသဖြင့် အထီး၊ အမရွေးချယ်၍ ငါးဟော်မုန်းဆေးများကို အချိုးကျရောစပ်ပြီး ငါးအရွယ်အစားအလိုက် သင့်တော်သော ဆေးအချိုးအစားအတိုင်းငါး၏ အရေ့ရေယက်အောက် (သို့မဟုတ်) ငါး၏ကျောကုန်းသို့ ဆေးထိုးပေးရကြောင်း၊ ယင်းနောက် သီးသန့်နေရာအုတ်ကန်အတွင်း ဆေးထိုးထားသော ငါးများကိုထည့်၍ အပေါ်မှ ရေပန်းများကို အဆက်မပြတ် ဖွင့်လှစ်ပေးထားရကြောင်း၊ ငါးဆေးထိုးသားဖောက်ခြင်းကို ညနေပိုင်းများတွင် ပြုလုပ်လေ့ရှိပြီး နောက်တစ်နေ့နံနက်ပိုင်းတွင် မျိုးဥများ ရရှိပြီဖြစ်ကြောင်း၊ ယင်းနောက် တစ်ရက်အကြာတွင် ငါးအကောင်ပေါက်လေးများ ဖြစ်ပေါ်လာကြောင်း၊ ဆေးထိုးသားဖောက်ခြင်းလုပ်ငန်းကို စတင်ချိန်မှ သုံးရက်အတွင်း ငါးသားပေါက်ကလေးများ ရရှိရှင်သန်ကြောင်း ငါးလုပ်ငန်းစခန်း(သထုံ)မှ စခန်းတာဝန်ခံ ဦးဝင်းဗိုလ်က ပြောသည်။



**ကန်အတွင်း မွေးမြူထားသော ငါးများကို မျိုးပွားရန်အတွက် ရွေးချယ်နေမှုကို တွေ့ရစဉ်။**

### စနစ်တကျ ရှင်သန်ကြီးထွားလာစေရန်

မျိုးဥများမှ သုံးရက်အတွင်း (ငါးအကောင်ပေါက်လေးများ)ရရှိလာသည့် ငါးမှုန်အဆင့်မှာပင် ငါးကန်များအတွင်းသို့ ပြောင်းရွှေ့ရှင်သန်ကြီးထွားလာအောင် မွေးမြူဆောင်ရွက်ရကြောင်း ၎င်းက ဆက်လက်ပြောသည်။

### ဖွဲ့နု၊ ပဲဖတ်နှင့် အဆင်ပြေ

"ငါးမြစ်ချင်း နဲ့ ငါးခုံးမ၊ ငါးတန်၊ ငါးမုတ်၊ တီလားပီးယားငါးတွေကို အဓိကမွေးမြူထားပါတယ်။ ရောင်းတန်းဝင် ငါးရရှိဖို့အတွက် အချိန်တစ်နှစ်ကျော် စောင့်ရပါတယ်။ ကုမ္ပဏီတွေက ထုတ်တဲ့ ငါးစာတစ်အိတ်တန်ဖိုးက ဈေးနှုန်းကြီးတဲ့အတွက် ဝယ်မကျွေးနိုင်ဘူးလေ၊ ကုန်ကျစားရိတ်နည်းအောင် တခြားအစာ(ဖွဲ့နု၊ ပဲဖတ်)စသည်ဖြင့် နေ့စဉ်ကျွေးရပါတယ်။ မျိုးငါးအတွက် ငါးသားပေါက်တွေကို ငါးအမျိုးအစား၊ အရွယ်အစားအလိုက် သူ့ဈေးနဲ့သူသထုံငါးလုပ်ငန်းစခန်းက လိုသလောက် ဝယ်ယူရပါတယ်။ ငါးသားပေါက်တွေကို ကန်လေးထဲမှာ ခြောက်လလောက် အစာကျွေးပြုစုပြီး အကောင်ကြီးလာမှ ကန်ကြီးထဲကို ပြောင်းထည့်ပြီး မွေးပါတယ်။ ကန်လေးထဲကို ထပ်ပြီး မိမိကြိုက်တဲ့ ငါးမျိုးသားပေါက်တွေ ပြန်ဝယ်ထည့်ပါတယ်၊ ကန်ကြီးထဲက ရောင်းတန်းဝင် ငါးဖြစ်လာတဲ့အခါ ပြန်ရောင်းပါတယ်။ တစ်သုတ်ပြီး တစ်သုတ်လှည့်ပြီး တစ်နိုင်တစ်ပိုင်ပဲ မွေးတဲ့အတွက် မိသားစုစားဝတ်နေရေးအဆင်ပြေပါတယ်" ဟု မွန်ပြည်နယ်ပေါင်မြို့တွင် ငါးမွေးမြူရေးလုပ်ငန်းအား ငါးမွေးကန်တစ်ဧကခွဲခန့် လုပ်ကိုင်နေသူ ဦးစိန်သန်းမွန်က ပြောသည်။

### အလှငါး မွေးမြူသူများ၏ စိတ်အေးချမ်းရာ

ရောင်စုံငါးကြင်း၊ အလှမွေးငါး စသည်တို့ကို ငါးချစ်တတ်သူများက ဟိုတယ်၊ စားသောက်ဆိုင်၊ ပန်းခြံ၊ နေအိမ်များတွင် ပုံစံအမျိုးမျိုးနှင့် အလှမွေးမြူလေ့ရှိသောကြောင့် အရွယ်အစား၊ အရောင်၊ အမျိုးအစားအလိုက် ဈေးနှုန်းကြီးစွာပေး၍ မွေးမြူကြသောကြောင့် အလှမွေးတိရစ္ဆာန်များထဲတွင် နာမည်ကြီးထင်ရှားသည့်အပြင် အိမ်ခြံဝင်းအတွင်း ပေ ၂၀ ပတ်လည် ငါးကန်တူး၍ ရောင်စုံအလှမွေးငါးများကို မွေးမြူထားသည့် ဝင်းပကျေးရွာမှ ကျေးရွာသားတစ်ဦးက "ငါးအစာကျွေးတိုင်း ငါးတွေကိုကြည့်ပြီး စိတ်ချမ်းသာကြည်နူးရပါတယ်"ဟု ဆိုသည်။

### တိုးတက် ထုတ်လုပ်မည်

ငါးလုပ်ငန်းသင်တန်းကျောင်းမှ မွေးမြူရရှိလာသော ငါးအမျိုးအစား၊ အရွယ်အစားအလိုက် ငါးသားပေါက်များကို မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့မှ ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများက အဆင်ပြေ ချောမွေ့စွာ ဖုန်းဆက်အော်ဒါမှာယူ၍ လာရောက်ဝယ်ယူကြကြောင်း သိရသည်။ မွန်ပြည်နယ်အတွင်း ငါးကန်ဧရိယာ တစ်ထောင်ကျော်ရှိပြီး ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၀၀ ခန့် ရှိကြောင်း သိရသည်။ ယခု ငါးသားဖောက်သည့် ငါးလုပ်ငန်းစခန်း၏ ဧရိယာမှာ ၁၉ ဒသမ ၉၂ ဧက၊ မျိုးငါးကန် ၂ ဒသမ ၅ ဧက၊ ပြုစုကန် ၈ ဒသမ ၅ ဧကရှိပြီး စခန်းတာဝန်ခံအပါအဝင် ဝန်ထမ်းခုနစ်ဦးဖြင့် ဖွဲ့စည်းထားကာ၊ ယခင် ၂၀၁၇-၂၀၁၈ခုနှစ်တွင် ငါးသား ပေါက်ကောင်ရေ ၄၂ သိန်းခန့် ထုတ်လုပ်နိုင်ခဲ့ပြီး ငါးသားပေါက်ကောင်ရေ ၃၄ သိန်းကို ရောင်းချနိုင်ခဲ့ပြီး ၈ ဒသမ ၄ သိန်းအား ငါးမျိုးစိုက်ထည့်နိုင်ခဲ့ကြောင်း သိရသည်။ ယခု ၂၀၁၈-၂၀၁၉ ခုနှစ်တွင်မူ တစ်နှစ်ထက်တစ်နှစ် ပိုမို၍ငါးသားပေါက်များကို တိုးတက်ထုတ်လုပ်နိုင်ရန်ဆောင်ရွက်နေကြောင်း သိရသည့်အတွက် သားငါးရိက္ခာ တိုးပွားလာစေရန်အတွက် ငါးမွေးမြူရေးလုပ်ငန်းအား တိုးမြှင့်လုပ်ဆောင်ကြရန် တိုက်တွန်းအားပေးလိုက်ရပါသည်။ ။

# ရွှေတိဂုံစေတီတော် (၅၆၈) ကြိမ်မြောက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲ ကျင်းပ

**ရန်ကုန် မတ် ၅**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က စီစဉ်ကျင်းပသော (၅၆၈) ကြိမ်မြောက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲနှင့် အလှူရှင်များအား ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ရွှေတိဂုံစေတီတော် ရင်ပြင်တော်တောင်ဘက် ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ အလှူရှင်များက အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိနှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ထုတိအနုမောဒနာဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဗဟန်းမြို့နယ် ညောင်တုန်းပါဠိတက္ကသိုလ်



ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တပဝရာဘိဝံသထံမှ ညှိ့ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ရေစက်ချအနုမောဒနာ တရားနာယူကာ အခမ်းအနားကို ရုပ်သိမ်းသည်။

ယနေ့ပြုလုပ်သော အလှူတော်ငွေပေးအပ်လှူဒါန်းပွဲ၌ ရွှေသင်္ကန်းတော်(ရွှေပြား)အလှူရှင် ၁၁၅ ဦးထံမှ ရွှေပြားပေါင်း ၁၁၉ ချပ်အလှူခံရရှိခဲ့ကာ ငွေသားအလှူရှင် ၃၇ ဦး အပါအဝင် လှူဒါန်းငွေစုစုပေါင်း ၉၆၇၇၃၉၆၅၀ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❄ *ကျော့ဖုံးမှ*

မြင်တွေ့ရမှာပါ။ အကောင်းဆုံး ပြင်ဆင်ထားသလို အကောင်းဆုံး ယှဉ်ပြိုင်ပြီး တစ်ဖက်ပြိုင်ဘက် ကစားသမားကိုလည်း အိမ်ရှင်မြန်မာနိုင်ငံ ပရိသတ်ရှေ့မှာ အနိုင်ယူသွားမှာပါ” ဟု MMA ကစားသမား ဖိုးသော်က မီဒီယာများအား ပြောကြားသည်။

**တွဲဆိုင်းသုံးဆိုင်းထိုးသတ်မည်**

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမိုးလုံလေလုံ အားကစားရုံ၌ လာမည့်မတ် ၈ ရက် ညနေပိုင်းတွင် ယှဉ်ပြိုင်ထိုးသတ်မည့် MMA ပြိုင်ပွဲတွင် အိမ်ရှင်မြန်မာနိုင်ငံအနေဖြင့် အမျိုးသား တွဲဆိုင်းနှစ်ဆိုင်းနှင့် အမျိုးသမီးတွဲ တွဲဆိုင်းသုံးဆိုင်း ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ ဖိုးသော်သည် ဖယ်သာဝိတ်တန်းတွင် အင်ဒိုနီးရှားနိုင်ငံမှ နာမည်ကျော် MMA ကစားသမား ရိုဟန် မူလီယာနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ပြီး MMA လောကသို့ ပထမဆုံး ခြေချဝင်ရောက်လာသည့် တီရဲလ်ထန်သည် ကမ္ဘောဒီးယားနိုင်ငံသား MMA ကစားသမား ရင်းဆာယေဝ့်နှင့် အမိမြေ၌ ပွဲဦးထွက်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ အမျိုးသမီးတွဲဆိုင်း၌ အိမ်ရှင်မြန်မာနိုင်ငံမှ MMA ကစားသမား အန်တိုနီယာနှင့် မလေးရှားနိုင်ငံမှ ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံ လက်ဝှေ့ကျော် ဘွန်နီဖေ့နှင့် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

MMA ပြိုင်ပွဲကို အမိမြေ၌ ပထမဆုံးယှဉ်ပြိုင်ထိုးသတ်မည့် တီရဲလ်ထန်က “ကျွန်တော့်အတွက် ပထမဆုံးပြိုင်ပွဲဖြစ်တာမို့ ရင်ခုန်မိတာတော့ အမှန်ပါ။ ဒါပေမယ့် အမိမြေမှာယှဉ်ပြိုင်ရမှာဆိုတော့ ပရိသတ်ကျေနပ်အားရမှု ရှိအောင်တော့ ကြိုးစားယှဉ်ပြိုင်သွားမှာပါ။ တစ်ဖက် ပြိုင်ဘက်ကစားသမားကိုလည်း သေချာလေ့လာ ပြင်ဆင်ထားပါတယ်။ ဒါကြောင့် ဒီပြိုင်ပွဲမှာ ပရိသတ်ကျေနပ်မှုရရှိအောင် အကောင်းဆုံးယှဉ်ပြိုင်ထိုးသတ်သွားမှာပါ” ဟု ပြောကြားသည်။

အမျိုးသမီးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မည့် အန်တိုနီယာကလည်း “ လာမယ့် မတ် ၈ ရက် ပြိုင်ပွဲမှာ ပရိသတ်က အနိုင်ရစေချင်တယ်ဆိုတာ သိပါတယ်။ ဒါကြောင့်လည်း ဒီပြိုင်ပွဲအတွက် အကောင်းဆုံးပြင်ဆင်ထားပါတယ်။ ဒီပွဲကို အိမ်ရှင်ပရိသတ်ရှေ့မှာ တစ်ဖက်ပြိုင်ဘက်ကို ကောင်းကောင်း အနိုင်ယူသွားမှာပါ” ဟု ယနေ့ကျင်းပသော မီဒီယာရှင်းလင်းပွဲတွင် ပြောကြားသည်။

**ပရိသတ်အကြိုက်တွေ့စေမည်**

အဆိုပါ Reign of Valor Open Workout ပြိုင်ပွဲတွင် စုစုပေါင်း တွဲဆိုင်း ရှစ်ဆိုင်း ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး အဓိကတွဲဆိုင်းအနေဖြင့် ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ရွှေခါးပတ်လုစိန်ခေါ်ပွဲတွင် ဆွီဒင်နိုင်ငံသား Kadestam နှင့် စိန်ခေါ်သူ ကာဇက်စတန်နိုင်ငံသား Knight တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်၍ ယင်းပြိုင်ပွဲသည်လည်း ပရိသတ်အကြိုက်တွေ့စေမည့် ပွဲကောင်းတစ်ပွဲဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

---

❖ *ကျော့ဖုံးမှ*

ကျင်းပမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းသည် ဧပြီ ၃ ရက်တွင် နီပေါအသင်းနှင့် စတင်ကစားရမည်ဖြစ်ပြီး ဧပြီ ၆ ရက်တွင် အင်ဒိုနီးရှားအသင်း၊ ဧပြီ ၉ ရက်တွင် အိန္ဒိယအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ အုပ်စုပွဲများကို တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်ပြီး နောက်ဆုံးပွဲကို တစ်ချိန်တည်းကစားရမည်ဖြစ်သောကြောင့် မန္တလာသီရိနှင့် ဗထူးကွင်း၌ ကျင်းပမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ယခုနောက်ပိုင်းတွင် အိန္ဒိယ၊ နီပေါအသင်းတို့နှင့် ဆက်တိုက်တွေ့ဆုံနေပြီး အိုလံပစ်ပထမအဆင့်ခြေစစ်ပွဲတွင် တွေ့ဆုံခဲ့သလို ဖေဖော်ဝါရီလက ကျင်းပသည့် အိန္ဒိယဖိတ်ခေါ်ပြိုင်ပွဲတွင်လည်း တွေ့ဆုံခဲ့ကာ ဒုတိယအဆင့်တွင် တိုက်တိုက်ဆိုင်ဆိုင် ထပ်မံတွေ့ဆုံခြင်းဖြစ်သည်။ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီသာ တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်မည်ဖြစ်သောကြောင့် မြန်မာအသင်းအနေဖြင့် အမှားလုပ်၍ မရဘဲ ပထမနေရာရရန် ကြိုးပမ်းရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ဒုတိယအဆင့်ခြေစစ်ပွဲအတွက် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး ခြေစစ်ပွဲစတင်ရန် တစ်လနီးပါး လိုအပ်နေသောကြောင့် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာအသင်းသည် ပထမအဆင့်ခြေစစ်ပွဲကိုလည်း ရန်ကုန်မြို့၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်ကို အနိုင်၊ နီပေါနှင့် သရေကျကာအုပ်စုပထမဖြင့် နောက်တစ်ဆင့် တက်ရောက်လာခြင်း ဖြစ်သည်။

**ညီမြတ်သော်တာ**

---

# (၄၁) ကြိမ်မြောက် Queen Sirikit Cup 2019 ပြိုင်ပွဲတွင် မြန်မာလူငယ်အမျိုးသမီး ဂေါက်သီးအဖွဲ့ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် မတ် ၅**

ဩစတြေးလျနိုင်ငံ၌ မတ် ၆ ရက်မှ ၈ ရက်အထိ ကျင်းပမည့် (၄၁) ကြိမ်မြောက် Queen Sirikit Cup 2019 ပြိုင်ပွဲတွင် မြန်မာလူငယ်အမျိုးသမီး ဂေါက်သီးအဖွဲ့ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာ ဂေါက်သီးရိုက်အဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးမျိုးသီဟ (တွဲဖက်အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်)၊ ကစားသမားများအဖြစ် အိန်ဂျယ်လာအောင်၊ သင်းဝေခိုင်၊ သံလွင်မိုးသက်တို့ ပါဝင်သည်။

ယင်းပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၄ နိုင်ငံမှ အမျိုးသမီးဂေါက်သီးကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာအမျိုးသမီး ဂေါက်သီးရိုက်အဖွဲ့အနေဖြင့် အောင်မြင်မှုရယူနိုင်ရန်နှင့် အတွေ့အကြုံရစေရန် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အိမ်ရှင်ဩစတြေးလျအပါအဝင် အင်ဒိုနီးရှား၊ အိန္ဒိယ၊ တရုတ်၊ မလေးရှား၊ တရုတ်တိုင်ပေ၊ နယူးဇီလန်၊ စင်ကာပူ၊ ဟောင်ကောင်စသည့်နိုင်ငံများ ယှဉ်ပြိုင်မည်ဖြစ်သည်။

**သတင်း-ဖိုးသော်ဇင်**



**ဓာတ်ပုံ-ဂေါက်သီးအဖွဲ့ချုပ်**

---

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၅**- နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာ ရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

---

## ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပမည်

**ရန်ကုန် မတ် ၅**

သွေးလိုအပ်နေသည့် လူနာများအား ဇီဝိတဒါနအသက်ကယ်နိုင်ရန် ရည်မှန်း၍ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များက စုပေါင်းသွေးလှူဒါန်းကြမည့် (၂၁)ကြိမ်မြောက် နှစ်သစ်အကြိုစုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသွေးလှူဒါန်းပွဲကို ဧပြီ ၆ ရက် (စနေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)ရှိ အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီးနှင့်အဖွဲ့က လက်ခံယူကြမည်ဖြစ်သည်။

နှစ်သစ်အကြိုစုပေါင်းသွေးလှူဒါန်းပွဲ၌ ပါဝင်လှူဒါန်းလိုသူများသည် လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ အဆိုပါဆေးရုံကြီးရှိ သံဃာတော်များ ပြင်ပလူနာဌာန ဖုန်း-၅၅၂၉၇၅၊ သီလရှင်များ ပြင်ပလူနာဌာန ဖုန်း-၅၄၂၇၀၆၊ လူပုဂ္ဂိုလ်များ ပြင်ပလူနာဌာန ဖုန်း-၅၅၂၅၄၂၊ ဆေးရုံအုပ်ကြီးရုံး ဖုန်း-၅၅၈၄၃၄၊ လူမှုဆက်ဆံရေးဌာနစု ဖုန်း- ၅၄၁၇၉၅/၅၅၈၄၃၇ တို့သို့ ဖုန်းဖြင့်ဖြစ်စေ ဧပြီ ၄ ရက်အတွင်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဟောပြော

**ရန်ကုန် မတ် ၅**

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် သရုပ်ပြပွဲကို ယနေ့မွန်းလွဲ ၂ နာရီက သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ ဟောပြောခဲ့ပြီး မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ဆရာ ဆရာမများနှင့် ဝန်ထမ်းများအား မီးငြိမ်းသတ်ပုံလက်တွေ့သရုပ်ဖော်ပြခြင်းကို ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**ပီအက်စ်ဂျီနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားမည်**

ယနေ့ည ၂နာရီခွဲအချိန်တွင် ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် ပီအက်စ်ဂျီနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ မှတ်တမ်းများအရ ပီအက်စ်ဂျီအသင်းသည် နောက်ဆုံးရှစ်ပွဲတွင် ရှစ်ပွဲစလုံး အနိုင်ရရှိထားကြောင်း သိရသည်။ ထို့အပြင် ပီအက်စ်ဂျီအသင်းသည် ချန်ပီယံလိဂ်၌ အိမ်ကွင်း ၁၆ ပွဲတွင် တစ်ပွဲသာ ရှုံးနိမ့်ထားပြီး ၁၀ ပွဲနိုင်၊ ငါးပွဲ သရေကျထားကြောင်း သိရသည်။ မန်ယူအသင်းသည် နောက်ဆုံးချန်ပီယံလိဂ် ရှုံးထွက်ပြိုင်ပွဲ ၁၀ ပွဲတွင် တစ်ပွဲသာ အနိုင်ရရှိထားပြီး ခြောက်ပွဲရှုံးကာ သုံးပွဲသရေကျထားကြောင်း သိရသည်။ ပထမအကျော့ပွဲစဉ်တွင် မန်ယူအသင်းသည် ပီအက်စ်ဂျီအသင်းအား နှစ်ဂိုးပြတ်ရှုံးနိမ့်ထားကြောင်း သိရသည်။

**ပေါင်သန်း ၁၀၀ ပေးချေရသည့် ပထမဆုံး အင်္ဂလန်ကစားသမားတစ်ဦး ဖြစ်လာဖွယ်ရှိ**

မန်ယူအသင်းသည် ဒေါ့မွန်အသင်းမှ တောင်ပံကစားသမား ဆန်ချိုအား ပီအက်စ်ဂျီအသင်းနှင့် အပြိုင်ကမ်းလှမ်းသွားဖွယ်ရှိကြောင်း၊ ထိုအပြောင်းအရွှေ့ဖြစ်ပေါ်လာပါက အသက် ၁၈ နှစ်အရွယ် ဆန်ချိုသည် ပေါင်သန်း ၁၀၀ ပေးချေရသည့် ပထမဆုံး အင်္ဂလန်ကစားသမားတစ်ဦးဖြစ်လာဖွယ်ရှိကြောင်း တယ်လီဂရပ်တွင် ဖော်ပြထားသည်။

**ဂျက်ဘတ်လန်းအား ခေါ်ယူရန် စိတ်ဝင်စား**

ခရစ္စတဲလ်ပဲလေ့စ်အသင်းသည် စတုတ်စီးတီးအသင်းမှ အသက် ၂၅ နှစ်အရွယ် အင်္ဂလန်ဂိုးသမား ဂျက်ဘတ်လန်းအား အသင်းသို့ ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ဗြိတိန်မီဒီယာများတွင် ဖော်ပြထားသည်။

**ဆာရီအား လာမည့်ရာသီတွင် စတန်းဖို့ဒ်ဘရစ်ခ်၌ မြင်တွေ့ရဖို့ ခက်ခဲ**

အာဆင်နယ်ဂန္ထဝင်ကစားသမားဟောင်းတစ်ဦးဖြစ်သူ ပီရက်စ်သည် ချယ်လ်ဆီးနည်းပြ ဆာရီအား လာမည့်ရာသီတွင် စတန်းဖို့ဒ်ဘရစ်ခ်၌ ဆက်လက်မြင်တွေ့ရရန် ခက်ခဲဖွယ်ရှိနေကြောင်း၊ ဇီဒန်းအား ဆာရီ၏ နေရာကို အစားထိုးခန့်အပ်ပါက ကောင်းမွန်သော ခန့်အပ်မှုဖြစ်လာဖွယ်ရှိလာမည်ဟု ပြောကြားလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဂျူဗင်တပ်စ်အသင်းသည် အဆန်စီယိုအား ခေါ်ယူရန် စိတ်ဝင်စား**

ဂျူဗင်တပ်စ်အသင်းသည် ရီးရဲမက်ဒရစ်အသင်းမှ စပိန်တောင်ပံကစားသမား အဆန်စီယို (၂၃နှစ်) အား အသင်းသို့ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း အီတလီသတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

**ဂနာဘရီ ဘိုင်ယန်နှင့် သက်တမ်းတိုး စာချုပ်တစ်ရပ် ချုပ်ဆို**

ဘိုင်ယန်မြူးနစ်အသင်းသည် တောင်ပံကစားသမား ဂနာဘရီအနေဖြင့် အသင်းနှင့် သက်တမ်းတိုးစာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။ ထို့ကြောင့် ဘိုင်ယန်မြူးနစ်အသင်းသည် အဆိုပါ တောင်ပံကစားသမားအား ၂၀၂၃ ခုနှစ်အထိ အသင်း၌ ထိန်းသိမ်းထားနိုင်တော့မည်ဖြစ်သည်။

**အောင်ဇော်**

# ဒိုက်ဦးမြို့နယ် ရန်ကုန်-နေပြည်တော် အမြန်လမ်းပိုင်းတွင် ခရီးသည်တင်ယာဉ်တိမ်းမှောက်၊ သံဃာလေးပါးအပါအဝင် ခရီးသည် ၁၁ ဦးသေဆုံး

**ဒိုက်ဦး မတ် ၅**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ရန်ကုန်-နေပြည်တော် အမြန်လမ်းပိုင်း မိုင်တိုင် ၇၇/၃ နှင့် ၄ အကြားတွင် ယနေ့ နံနက် ၆ နာရီခန့်က ခရီးသည်တင် မှန်လုံယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့ရာ ၁၁ ဦး သေဆုံးပြီး ၂၅ ဦး ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားကြောင်း သတင်းအရ အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဉာဏ်မြင့်ကျော်နှင့် မြို့ချောင်း၊ ဘောနိ၊ ဘောနတ်ကြီး အမြန်လမ်းရဲစခန်းများမှ တာဝန်ရှိသူများ၊ အုတ်ရှစ်ကုန်း အမြန်လမ်းရဲစခန်းမှ စခန်းမှူး ရဲအုပ် သူရစိုး ဦးစီးအဖွဲ့သည် အမြန်လမ်း မီးသတ်တပ်ဖွဲ့မှ လက်ထောက်ဦးစီးမှူး ကျော်မင်းထွေး ဦးစီးအဖွဲ့နှင့်ပူးပေါင်း၍ အခင်းဖြစ်ပွားရာသို့ သွားရောက်စစ်ဆေးရာ နေပြည်တော်မှ ရန်ကုန်ဘက်သို့ ဝင်းထွန်း (၃၈ နှစ်)၊ ညောင်ပင်သာ ရပ်ကွက် ကလေးမြို့နေသူ မောင်းနှင်လာသည့် High Class ခရီးသည်တင် မှန်လုံယာဉ်သည် မိုင်တိုင် ၇၇/၃ နှင့် ၄ အကြားအရောက် အရှိန် မထိန်းနိုင်ဘဲ မြေသားလမ်းပေါ်တွင် တိမ်းမှောက်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းအပါအဝင် လိုက်ပါလာသည့် ခရီးသည် ၄၂ ဦးအနက် သံဃာ လေးပါး၊ အမျိုးသား သုံးဦး၊ အမျိုးသမီး လေးဦး သေဆုံးခဲ့ပြီး ၂၅ ဦး ဒဏ်ရာများရရှိခဲ့သဖြင့် သေဆုံး ဒဏ်ရာရရှိခဲ့သူများကို တာဝန်ရှိသူများက မြို့ချောင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သန်းလွင်**

**ဓာတ်ပုံ-အမြန်လမ်းရဲတပ်ဖွဲ့**




## မြန်မာ့ရုပ်မြင်သံကြား

**၆-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - ပညာရေးစကားဝိုင်း "ဆရာ၊ ဆရာမများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်း"(အပိုင်း-၂)
- ၁၀း၃၀ - "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၉၈)
- ၁၁း၁၀ - ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၄း၁၅ - အနုပညာခန်းရိပ်သာ "စာရေးဆရာ မောင်မိုးသူနှင့်တွေ့ဆုံခြင်း"

**ညပိုင်း**

- ၁၆း၃၅ - "မတ်လအတွက် မိုးလေဝသအစီအစဉ်"
- ၁၇း၂၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ဗျစ်ရည်ဆိုင်စောင့်တဲ့ဘီလူး" (လူမင်း၊ ထွန်းထွန်း၊ ခင်လှိုင်၊ အိချောပို၊ နန်းမြတ်ဖြိုးသင်း၊ မေပန်းချီ) (ဒါရိုက်တာ-ညြရသ)
- ၁၇း၃၀ - MRTV Travelogue
- ၁၈း၂၅ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "အစွဲခုနစ်ရက်"
- ၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "စုံထောက်တင်မောင်ဆွေနှင့် မှုခင်းဇာတ်လမ်းတွဲ" (အပိုင်း-၂၆) "မီးတောက်ကလပ်လူသတ်မှု" (ဒုတိယပိုင်း)(ထိုက်တန်လင်း၊ သဥ္ဇာမြင့်မိုရ်) (ဒါရိုက်တာ-ဟိန်းဇော်)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - ဂီတသမား၊ ဂီတစကား "မင်းမဟာဂီရိသီချင်း(၂)ပုဒ်" (ဂီတစာဆို-ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)
- - နိုင်ငံခြားဇာတ်လမ်းတွဲ "ရောင်စဉ်ဖြာသောအချစ်" (အပိုင်း-၉)

## မံစီမြို့နယ်၌ ကလေးခြောက်ဦး လက်ပစ်ဗုံးဟောင်းတစ်လုံးကို ဆော့ကစားရာမှ ပေါက်ကွဲမှုဖြစ်

**မံစီ မတ် ၅**

ကချင်ပြည်နယ် မံစီမြို့နယ် မန်ဝိန်းကြီးကျေးရွာ၌ ယနေ့ နံနက်ပိုင်းက နွားကျောင်းသွားသည့် ကလေးငယ်ခြောက်ဦး လက်ပစ်ဗုံးပေါက်ကွဲ၍ ဒဏ်ရာရရှိခဲ့ကြောင်း မန်ဝိန်းကြီးနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၉ နာရီက မန်ဝိန်းကြီးကျေးရွာ ရပ်ကွက်(၇) နေသူများဖြစ်ကြသည့် မောင်ဆန်အောင် (၁၆ နှစ်)၊ မောင်ဆိုင်းမျိုးအောင်(၁၅ နှစ်)၊ မောင်ဆွတ်ရိန်အောင်(၁၀ နှစ်)၊ မောင်ဂျာဆိုင်းနော် (ကိုးနှစ်)၊ မနန်းနန်း (ခုနစ်နှစ်)နှင့် မမွန်းစောမ်ပန် (ငါးနှစ်)တို့ ခြောက်ဦးသည် မန်ဝိန်းကြီးကျေးရွာ ရပ်ကွက်(၇)မှအထွက် မန်ဝိန်းကြီး ကားလမ်း၏ ယာဘက်ဘေး လယ်ကွင်းအတွင်း နွားကျောင်းသွားစဉ် လမ်းဘေး၌တွေ့ရှိရသည့် အရှည် လေးလက်မ၊ လုံးပတ် တစ်လက်မခန့်ရှိ လက်ပစ်ဗုံးအဟောင်းကို တွေ့ရှိ ဆော့ကစားရာမှ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သိရသည်။

အဆိုပါ လက်ပစ်ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူ ကလေးခြောက်ဦးကို ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့ ပြည်သူ့ဆေးရုံကြီးသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## အင်းစိန်၊ မင်္ဂလာဒုံနှင့် မှော်ဘီမြို့နယ်တို့တွင် ဆိုင်ကယ်နှင့် စက်ဘီးခိုးယူသူသုံးဦးအား ဖမ်းဆီးရမိ

**ရန်ကုန် မတ် ၅**

အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် အင်းစိန်လမ်းမ YTU ကျောင်းဂိတ်ပေါက်ရှေ့တွင် ဖေဖော်ဝါရီ ၂၆ ရက်က ခိုးမှုများ ကျူးလွန်ထားကြောင်း သတင်းရရှိထားသူ ကိုဖြိုး(ခ)ဇော်ဇော်၊ ထက်နိုင်ဇော်(ခ)ဖိုးထက်၊ စိုးမြင့်ဦး(ခ)သောင်းထိုက်တို့ သုံးဦးသည် ဆိုင်ကယ်တစ်စီးအား တွန်းယူလာသည်ကို တွေ့ရှိသဖြင့် စစ်ဆေးမေးမြန်းရာ ဆိုင်ကယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အထောက်အထား တစ်စုံတစ်ရာ မပြသနိုင်သောကြောင့် ဖမ်းဆီးထိန်းသိမ်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ ၎င်းတို့သုံးဦးသည် ၂၀၁၈ ခုနှစ် ဇွန်လတွင် အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် ရွာသစ်မှတ်တိုင် အနီးရပ်ထားသော ဆိုင်ကယ်တစ်စီး၊ မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာရှိ နေအိမ်ခြံဝင်းအတွင်းမှ ဆိုင်ကယ်တစ်စီး၊ မင်္ဂလာဒုံမြို့နယ် ဇေကမ္ဘာစက်မှုဇုန်ရှေ့ အမှတ်(၃) လမ်းမဘေးတွင်ရပ်ထားသော ဆိုင်ကယ်တစ်စီး၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် အင်းစိန်မြို့နယ် ရွာသစ်အနောက် ကန်ဦးကျောင်းလမ်းရှိ နေအိမ်ခြံဝင်းအတွင်းမှ ဆိုင်ကယ်တစ်စီး၊ အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် အထက(၃) ကျောင်းအနီး လမ်းဘေးတွင်ရပ်ထားသော ဆိုင်ကယ်တစ်စီး၊ အင်းစိန်မြို့နယ် တညင်းကုန်းရပ်ကွက်ရှိ မြက်စိုက်ခင်းအနီးရပ်ထားသည့် ဆိုင်ကယ်တစ်စီး၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံလမ်းဘေးတွင် ရပ်ထားသည့် ဆိုင်ကယ်တစ်စီး၊ အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံလမ်း အထက(၃) ကျောင်း အနီး ရပ်ထားသော ဆိုင်ကယ်တစ်စီး၊ အင်းစိန်မြို့နယ် တညင်းကုန်းဈေးရှေ့တွင်ရပ်ထားသော ဆိုင်ကယ်တစ်စီး၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် အင်းစိန်မြို့နယ် အောင်ဆန်းဈေးမှတ်တိုင်အနီးရှိ လမ်းဘေးတွင်ရပ်ထားသော ဆိုင်ကယ်တစ်စီး၊ အင်းစိန်မြို့နယ် တညင်းကုန်းရပ်ကွက် စီဂျေ အချိုရည်စက်ရုံရှေ့တွင် ရပ်ထားသော စက်ဘီးတစ်စီး၊ မှော်ဘီမြို့နယ် ပက်စီ အချိုရည်စက်ရုံဘေးလမ်းကြားတွင်ရပ်ထားသော ဆိုင်ကယ်တစ်စီးနှင့် မှော်ဘီမြို့နယ် သန္ဓေပင်ကျေးရွာရှိ နေအိမ်ခြံဝင်းအတွင်းမှ ဆိုင်ကယ်တစ်စီးတို့ကို ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ ပြစ်မှုကျူးလွန်သူ ကိုဖြိုး(ခ)ဇော်ဇော်၊ ထက်နိုင်ဇော်(ခ)ဖိုးထက်၊ စိုးမြင့်ဦး(ခ) သောင်းထိုက်တို့ သုံးဦးကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပြီး သက်သေခံပစ္စည်းများနှင့် စပ်လျဉ်း၍ ပိုင်ရှင်များအနေဖြင့် သက်ဆိုင်ရာမြို့မရဲစခန်းများသို့ သွားရောက်စုံစမ်းနိုင်ကြောင်း သိရသည်။

**မြန်မာ့အလင်း**



ပြစ်မှုကျူးလွန်သူ ကိုဖြိုး၊ ထက်နိုင်ဇော်နှင့် စိုးမြင့်ဦးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

## ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**နေပြည်တော် မတ် ၅**

ဟိုပုံးမြို့နယ် စံဖူးကျေးရွာအနောက်ဘက် တစ်မိုင်ခန့်အကွာ၌ အမြင့် ၁/၃ ပေခန့်ရှိ ဘိန်းစိုက်ခင်း ၅ ဒသမ ၆၆ ဧကခန့်ကို ဟိုပုံးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က မတ် ၄ ရက်က ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

အလားတူ မိုင်းပျဉ်းမြို့နယ် ပါထားကျေးရွာ အနောက်တောင်ဘက် ခြောက်မိုင်ခန့်အကွာ၌ အမြင့် သုံးပေခန့်ရှိ ဘိန်းစိုက်ခင်း ၁၅ ဧကခန့်ကို ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## ဘူးသီးတောင် မီးလောင်မှု နေအိမ် ၂၅ လုံး ဆုံးရှုံး

**စစ်တွေ မတ် ၅**

ဘူးသီးတောင်မြို့နယ် တောင်ဘဇာနယ်မြေ ငရန့်ချောင်းကျေးရွာတွင် ယမန်နေ့ ညနေ ၄ နာရီခန့်က ဆေးလိပ်မီးမှတစ်ဆင့် မီးလောင်ခဲ့ရာ နေအိမ် ၂၅ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ငရန့်ချောင်းကျေးရွာ အဒူကော်ရိမ်က နေအိမ်အနီးရှိ ကိုင်းတောအတွင်း ဆေးလိပ်မီး ပေါ့ဆစွာစွန့်ပစ်ခဲ့ရာမှ လူနေအိမ်သို့ မီးကူးစက်လောင်ပြီး လူနေအိမ် ၁၃ လုံး၊ လူနေထိုင်ခြင်းမရှိသည့်အိမ် ၁၂ လုံး မီးလောင်မှုဖြစ်ပွားသည်။ မီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း၊ မီးဘေးသင့်သူ ၅၈ ဦးမှာ ယင်းကျေးရွာရှိ စာသင်ကျောင်း၌ ယာယီနေထိုင်လျက်ရှိကြောင်း သိရသည်။

အလားတူ စစ်တွေမြို့ မင်းဂံရပ်ကွက် ကန်တော်ကြီး အကွက်(၅)တွင် ယနေ့နံနက် ၁ နာရီခန့်က ဘုရားမီးမှတစ်ဆင့် အနီးရှိဝါးထရံသို့ မီးကူးစက်ပြီး မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် လူနေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးဘေးသင့်သူ သုံးဦးမှာ နီးစပ်ရာဆွေမျိုးများနေအိမ်တွင် ယာယီနေထိုင်လျက်ရှိကြောင်း သိရသည်။

**ဟန်လင်းထက်**

## ပန်းတောင်းမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့တွင် တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၅**

ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများအဖွဲ့သည် ပန်းတောင်းမြို့နယ် ကြိုးပြင်ခုတ်ကွက်(၁၂၁)၊ ပုသိမ်-မုံရွာ ကားလမ်း မိုင်တိုင်အမှတ် (၁၇၁/၄) အရှေ့ဘက်တွင် မတ် ၂ ရက်က တရားမဝင်ကျွန်းခွဲသား အချောင်း ၁၂၀ (၂၂ ဒသမ ၆၅၇၈)တန်ကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ ယင်းနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လယ်ဝေးမြို့နယ် ခြောက်မိုင်ကျေးရွာအနီး ဆည်ဘောင်လမ်းပေါ် ရေနီကြိုးဝိုင်းအကွက်(၅၅)အတွင်း ယာဉ်အမှတ် MDY 9B/---- ၁၀ ဘီးယာဉ်နှင့် ယာဉ်အမှတ် NPW 5B/---- ၁၀ ဘီးယာဉ်တို့ပေါ်မှ တရားမဝင် သံသေ၊ မအူခွဲသား ၈၃ ချောင်း (၁၆ ဒသမ ၅၀၆၈)တန်ကို ပြစ်မှုကျူးလွန်သူ လေးဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

## ရေပူစစ်ဆေးရေးအဖွဲ့ အထောက်အထားမဲ့ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၅**

တရားမဝင်ကုန်စည်များ တားဆီး ထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက တင်သွင်း တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၄ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၂၀၅ သန်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄ ဒသမ ၇၅၇ သန်း စုစုပေါင်း တားဆီးမှုရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၉၆၂ သန်းကို ဖမ်းဆီးရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၄ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် ယာဉ်ငယ်ခြောက်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အဝတ်အထည်များ၊ Metal Plate နှင့် Artifical Leather စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၂၀၅ သန်းကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆီးရီးယားနိုင်ငံရှိ အိုင်အက်စ်စစ်သွေးကြွအဖွဲ့ နောက်ဆုံးခြေကုပ်ယူရာနေရာတွင် တိုက်ပွဲများပြင်းထန်လျက်ရှိ



ဆီးရီးယားနိုင်ငံ၌ တိုက်ပွဲများပြင်းထန်လျက်ရှိသည်ကို တွေ့ရစဉ်။

**ဒမတ်စကတ် မတ် ၅**

ဆီးရီးယားနိုင်ငံရှိ အစ္စလာမ္မစ်အစွန်းရောက် အိုင်အက်စ်အဖွဲ့၏ နောက်ဆုံးခြေကုပ်ယူရာနေရာဖြစ်သည့် Baghuz တွင် တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အမေရိကန်ဦးဆောင်တပ်ဖွဲ့ဝင်များ၏ ထိုးစစ်ကို ဟန့်တားနိုင်ရေး အကြမ်းဖက်သမားများက ကားဗုံးဖောက်ခွဲမှုများ ပြုလုပ်နေသလို လူသားဒိုင်းတွေကိုလည်း အသုံးပြုလျက်ရှိကြောင်း သိရသည်။

အိုင်အက်စ်တပ်ဖွဲ့များ ထိန်းချုပ်ထားသည့် ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းရွာထဲရှိ နေရာအချို့တွင် မီးလောင်နေပြီး မီးခိုးလုံးကြီးများထွက်နေသည်ကို ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့များနှင့် ချိတ်ဆက်မှုရှိသည့် လူမှုကွန်ရက်များတွင် မျှဝေထားသည့် ဗီဒီယိုများထဲတွင် တွေ့မြင်ခဲ့သည်။

အိုင်အက်စ်တပ်ဖွဲ့များ၏ နောက်ဆုံးခြေကုပ်ယူရာနေရာဖြစ်သည့် Baghuz တွင်ညွန့်ပေါင်းတပ်ဖွဲ့များ၏ လွန်ခဲ့သည့်နှစ်ရက်တာအတွင်း လေကြောင်းတိုက်ခိုက်မှုများတွင် ကားဗုံးများကို အတော်များများဖျက်ဆီးခဲ့ကြောင်း၊ အက်စ်ဒီအက်ဖ်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ မူစတာဖာဘာလီက တွစ်တာလူမှုကွန်ရက်တွင် ရေးသားဖော်ပြထားသည်။ အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့တာဝန်ရှိသူများက တိုက်ပွဲအခြေအနေပြင်းထန်ကြောင်း အတည်ပြုပြောကြားခဲ့သည်။ ထို့အပြင် လိုအပ်သလို လေကြောင်းတိုက်ခိုက်မှုများကိုလည်း ပြုလုပ်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အိုင်အက်စ်အကြမ်းဖက်တပ်ဖွဲ့များသည် အပြစ်မဲ့အရပ်သားများအား လူသားဒိုင်းများအဖြစ် အသုံးပြုနေဆဲဖြစ်ကြောင်း ညွန့်ပေါင်းအဖွဲ့က ယုံကြည်ထားကြောင်း သိရသည်။ ယခုကဲ့သို့ ပြုလုပ်ခြင်းသည် စစ်ပွဲဥပဒေကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းဖြစ်ကြောင်း ဗိုလ်မှူးကြီးဆီယန်ရိန်းက ပြောကြားသည်။

အိုင်အက်စ် အကြမ်းဖက်သမားများသည် လူသားများအား အကာအကွယ်အနေဖြင့် အသုံးပြုနေခြင်းသည် မထူးဆန်းသော်လည်း အိုင်အက်စ်အကြမ်းဖက်သမားများ ထိန်းချုပ်ရာဒေသတွင်းရှိ အရပ်သားများကို မရွှေ့ပြောင်းရသေးခင် တိုက်ပွဲများ မရှိနိုင်ကြောင်းဆိုထားသည့် အက်စ်ဒီအက်ဖ်အဖွဲ့၏ ပြောဆိုချက်များဖြင့် ကွဲလွဲနေကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ပျောက်ဆုံး မလေးရှားလေယာဉ်ကို ပြန်လည်ရှာဖွေမည်



မလေးရှား လေကြောင်းလိုင်းမှ ပျောက်ဆုံးလေယာဉ်ကို ရှာဖွေမည့် အိုးရှန်းအင်ဖန်နတီကုမ္ပဏီ၏ သင်္ဘောတစ်စင်းကို တွေ့ရစဉ်။

**ကွာလာလမ်ပူ မတ် ၅**

မလေးရှားလေကြောင်းလိုင်း အမ်အိတ်ချ် ၃၇၀ ပျောက်ဆုံးလေယာဉ်ကို ပြန်လည်ရှာဖွေတော့မည်ဖြစ်သည်။

မလေးရှားလေကြောင်းလိုင်း အမ်အိတ်ချ် ၃၇၀ ပျောက်ဆုံးခဲ့သည့် ငါးနှစ်မြောက်နှစ်ပတ်လည်ကျင်းပနေချိန်တွင် မလေးရှားနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက အမေရိကန်နည်းပညာကုမ္ပဏီ အိုးရှန်းအင်ဖန်နတီ သို့မဟုတ် တခြားမည်သည့် နည်းပညာကုမ္ပဏီမဆို ထူးဆန်းစွာ ပျောက်ဆုံးသွားသည့် လေယာဉ် ပြန်ရှာရန် လျှောက်ထားမှုကို လက်ခံသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အမ်အိတ်ချ် ၃၇၀ လေယာဉ်သည် ၂၀၁၄ ခုနှစ် မတ် ၈ ရက်က ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်ပြီး လေယာဉ်အမှုထမ်း ၂၃၉ ဦးတင်ဆောင်ပြီး မလေးရှားနိုင်ငံ ကွာလာလမ်ပူမှ တရုတ်နိုင်ငံ ပေကျင်းသို့ ပျံသန်းစဉ် ပျောက်ဆုံးခဲ့ကြောင်း သိရသည်။

အိန္ဒိယသမုဒ္ဒရာ အနောက်ပိုင်း ကမ်းခြေတစ်ခုတွင် လေယာဉ်ပျက်၏ အပိုင်းအစအချို့ကို တွေ့ခဲ့ရသည့်အတွက် အိုးရှန်းအင်ဖန်နတီကုမ္ပဏီ၏ လေယာဉ်ရှာဖွေရာနေရာကို ချဲ့နိုင်ခဲ့သော်လည်း နောက်ထပ် လေယာဉ်ပျက်နှင့် ပတ်သက်ပြီး တစ်ခုမျှ ထပ်မတွေ့ခဲ့တော့ကြောင်း သိရသည်။

၂၀၁၈ခုနှစ် ဇန်နဝါရီလတွင် အိုးရှန်းအင်ဖန်နတီက နောက်တစ်ကြိမ် လေယာဉ်ရှာပုံတော်ဖွင့်ခဲ့သော်လည်း မည်သည့်အစအနမှ ထပ်မံမတွေ့ရဘဲ မေလတွင် လေယာဉ်ရှာပုံတော်ကို အဆုံးသတ်ခဲ့ရကြောင်း သိရသည်။

သို့သော်လည်း နောက်ထပ်ပိုကောင်းသောနည်းလမ်းများ ရသောကြောင့် လေယာဉ်ပျက်ရှာပုံတော်ကို ထပ်မံရှာဖွေလိုကြောင်း မျှော်လင့်လျက်ရှိသည်ဟု ကွာလာလမ်ပူ၌ ကျင်းပခဲ့သည့် အောက်မေ့ဖွယ် အခမ်းအနားတွင် ယင်းကုမ္ပဏီအကြီးအကဲက ဗီဒီယိုခွေပို့ပြီး ပြောကြားခဲ့သည်။

အိုးရှင်းအင်ဖန်နတီကုမ္ပဏီသည် ပျောက်ဆုံးနေသည့် အာဂျင်တီးနားရေငုပ်သင်္ဘောကြီးကို အောင်မြင်စွာ ရှာဖွေနိုင်ခဲ့သည့်နောက်ပိုင်းတွင် ပိုမိုကောင်းမွန်သည့် နည်းပညာများရရှိနေပြီဖြစ်ကြောင်း သတင်းလွှင့်ထားသည်။

**အေအက်ဖ်ပီ**

# အမေရိကန်-တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်သည့်ကိစ္စ မြောက်ကိုရီးယားနှင့် ဆွေးနွေးခဲ့ခြင်း မရှိကြောင်း ထရမ့်ငြင်းဆို

**ဝါရှင်တန် မတ် ၅**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သည့် ထိပ်သီးအစည်းအဝေး၌ အမေရိကန်-တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှုကိစ္စနှင့်ပတ်သက်၍ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် ဆွေးနွေးခဲ့ခြင်း မရှိကြောင်း ငြင်းဆန်လိုက်သည်။

ယင်းကိစ္စနှင့် ပတ်သက်၍ လုံးဝဆွေးနွေးခဲ့ခြင်း မရှိကြောင်းနှင့် ကုန်ကျစရိတ်ကြီးမားလွန်းသည့်အတွက် နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုများကို လျှော့ချရန် ယခင်ကတည်းက ဆုံးဖြတ်ခဲ့ကြောင်း ထရမ့်က တွစ်တာပေါ်တွင် ရေးသားဖော်ပြခဲ့သည်။

တောင်ကိုရီးယားနှင့် ပူးတွဲစစ်ရေးလေ့ကျင့်လိုခြင်းမရှိတော့သည့် အကြောင်းမှာ အမေရိကန်အတွက် ဒေါ်လာသန်းပေါင်းရာချီကုန်ကျမှုမှ သက်သာစေလို၍ဖြစ်ကြောင်း မတ် ၃ ရက်က တွစ်တာပေါ်တွင် ရေးသားဖော်ပြခဲ့သည်။ထို့အပြင် ယခုအချိန်တွင် မြောက်ကိုရီးယားနှင့် တင်းမာမှုများလျော့ကျအောင် လုပ်ဆောင်ခြင်းက သင့်လျော်ကြောင်း ထရမ့်က ပြောကြားခဲ့သည်။

အမေရိကန်နှင့် တောင်ကိုရီးယားတို့သည် နှစ်စဉ်ပြုလုပ်မြဲဖြစ်သည့် Key Resolve နှင့် Foal Eagle စစ်ရေးလေ့ကျင့်မှုများကို ရပ်နားရန် ဆုံးဖြတ်ခဲ့ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က မတ် ၂ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

သမ္မတထရမ့်နှင့် ခေါင်းဆောင်ကင်တို့ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ပြုလုပ်ခဲ့သည့် ထိပ်သီးအစည်းအဝေး သဘောတူညီမှုမရဘဲ ပြီးဆုံးသွားပြီးနောက် ယင်းကြေညာချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

# ဂျော်ဒန်လေကြောင်းလိုင်းကို ဆီးရီးယားလေပိုင်နက်အတွင်း ပြန်လည်ဖြတ်သန်းခွင့်ပြုမည်

**အာမန် မတ် ၅**

ဂျော်ဒန်လေကြောင်းလိုင်းမှ လေယာဉ်များကို ဆီးရီးယားလေပိုင်နက်ထဲသို့ ပြန်လည်ဖြတ်သန်းခွင့်ပြုရန် မတ် ၄ ရက်တွင် ဂျော်ဒန်နိုင်ငံက ဆုံးဖြတ်လိုက်ကြောင်း သိရသည်။

ဂျော်ဒန်လေကြောင်းလိုင်းမှ လေယာဉ်များ ဆီးရီးယားလေပိုင်နက်အတွင်း ဖြတ်သန်းခြင်းကို ၂၀၁၂ ခုနှစ်က ရပ်ဆိုင်းခဲ့သည်။ လေကြောင်းလိုင်းမှ လေယာဉ်များ ဆီးရီးယားလေပိုင်နက်အတွင်းဖြတ်သန်းရာတွင် အန္တရာယ်ရှိနိုင်သည့် အခြေအနေသုံးသပ်မှု၊ ပျံသန်းရန်လမ်းကြောင်းနှင့် အမြင့်တို့ကိုလေ့လာဆောင်ရွက်ပေးရန် လိုလားကြောင်း၊ ဂျော်ဒန် လေကြောင်းပျံသန်းမှု စည်းကမ်းထိန်းသိမ်းရေးကော်မရှင်က ပြောခဲ့သည်။ အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီးနောက်တွင် ကော်မရှင်က ဂျော်ဒန်လေကြောင်းလိုင်းကို ဆီးရီးယားလေပိုင်နက်အတွင်း ပျံသန်းခွင့်ပေးရန် ဆုံးဖြတ်လိုက်ကြောင်း သိရသည်။

ဆီးရီးယားနိုင်ငံရှိ လေဆိပ်များ၏ အခြေအနေကိုလည်း လေ့လာဆန်းစစ်ဆဲဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် ဂျော်ဒန်လေကြောင်းလိုင်းသည် အီဂျစ်လေပိုင်နက်ကို အသုံးပြု၍ ဘေရွတ်သို့ ပျံသန်းနေပြီး အစ္စရေးလေပိုင်နက်ကို အသုံးပြုကာ တူရကီသို့ ပျံသန်းလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒို ဗင်နီဇွဲလားသို့ ပြန်ရောက်လာ

**ကရာကတ် မတ် ၅**

ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုသည် မတ် ၄ ရက်က ဗင်နီဇွဲလားသို့ ပြန်လည်ရောက်ရှိလာခဲ့ရာ ၎င်းကိုထောက်ခံသူထောင်ပေါင်းများစွာတို့က အလံများကို ဝှေ့ယမ်းကာ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ်မာဒူရိုအစိုးရအဖွဲ့က ဂွိုက်ဒိုအားဖမ်းဆီးရန် ခြိမ်းခြောက်နေချိန်တွင် ၎င်းပြန်ရောက်လာခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် စွန့်စားမှုတစ်ခုကို ရင်ဆိုင်နေရခြင်းဖြစ်ပြီး ထိုအရာက ကျွန်ုပ်တို့ကို ရပ်တန့်သွားစေခြင်းငှာ မစွမ်းဆောင်နိုင်ကြောင်း နိုင်ငံပေါင်း ၅၀ ကျော်၏ထောက်ခံမှုကို ရရှိထားသည့် မစ္စတာဂွိုက်ဒိုက ပြောကြားခဲ့သည်။

ဂွိုက်ဒိုကို ထောက်ခံအားပေးသူများ၊ မီဒီယာသမားများနှင့် မဟာမိတ်နိုင်ငံများမှ သံတမန်များက ကရာကတ်ရှိ နိုင်ငံတကာလေဆိပ်၌ ၎င်းကိုကြိုဆိုခဲ့ကြသည်။ ဂွိုက်ဒိုသည် သမ္မတမာဒူရိုကိုဖြုတ်ချနိုင်ရေး ဖိအားများပိုမိုပေးရန်အတွက် လာမည့်စနေနေ့တွင် ဆန္ဒပြချီတက်စုဝေးမှုအသစ် လုပ်ဆောင်သွားရန် ကြေညာခဲ့သည်။

**အေအက်ဖ်ပီ**

# အတိုက်အခံခေါင်းဆောင် ပြန်ရောက်လာမှုနဲ့ မာဒူရိုရဲ့ခေါင်းခဲစရာ အခြေအနေ

*ကလျာမိုးမြင့်*

**ဗင်နီဇွဲလား အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုဟာ ကရာကတ်မြို့ကိုပြန်ရောက်ရှိလာခဲ့ပြီဖြစ်ပြီး ၎င်းကိုထောက်ခံသူထောင်ပေါင်းများစွာဟာ ဂွိုက်ဒိုပြန်ရောက်လာတာကို သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြပါတယ်။ ဗင်နီဇွဲလား တရားရုံးချုပ်က ဂွိုက်ဒိုကို နိုင်ငံတကာအကူအညီတွေ ရယူမှုနဲ့ပတ်သက်လို့ နိုင်ငံအတွင်းကနေ ထွက်ခွာခွင့်ပိတ်ပင်လိုက်ပြီးနောက်မှာ ၎င်းကိုဖမ်းဆီးမှုနဲ့ရင်ဆိုင်ရဖွယ်ရှိနေပါတယ်။**



ဗင်နီဇွဲလားသို့ ပြန်လည်ရောက်ရှိလာသည့် အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုကို တွေ့ရစဉ်။

**ထောက်ခံသူကိုယ်စီရှိ**

၎င်းတို့ကခြိမ်းခြောက်နေပေမယ့်လည်း ကျွန်ုပ်တို့ကတော့ အခုဒီကို ရောက်နေပြီ။ ကျွန်ုပ်တို့ရဲ့ မျက်နှာတွေကို ဗင်နီဇွဲလားဆီ လာပြနေပြီလို့ ၎င်းက လူအုပ်ကြီးကို ပြောလိုက်ပါတယ်။ အတိုက်အခံအဖွဲ့ ဦးဆောင်တဲ့ အောက်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာဂွိုက်ဒိုဟာ မိမိကိုယ်ကို ဗင်နီဇွဲလားရဲ့ ယာယီသမ္မတအဖြစ် ကြေညာထားသူဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် မေလမှာ ပြန်လည်ရွေးကောက်ခံခဲ့ရတဲ့ သမ္မတမာဒူရိုဟာ တရားမဝင်ဘူးလို့ နိုင်ငံပေါင်း ၅၀ ကျော်က ယူဆထားပြီး အတိုက်အခံခေါင်းဆောင် ဂွိုက်ဒိုကိုထောက်ခံနေကြပေမယ့်လို့ သမ္မတမာဒူရိုကတော့ သူသာလျှင် တရားဝင်သမ္မတဖြစ်တယ်လို့ ငြင်းဆန်နေပြီး တရုတ်၊ ရုရှားနဲ့ ကျူးဘားရဲ့ ထောက်ခံမှုကို အခိုင်အမာရရှိထားပါတယ်။

**လူမှုကွန်ရက်ကို အသုံးပြုခဲ့**

ဆိုင်မွန်ဘိုလီဘာ နိုင်ငံတကာလေဆိပ်မှာ မစ္စတာဂွိုက်ဒိုကို အမေရိကန်နဲ့ ဥရောပသမဂ္ဂနိုင်ငံတွေက သံအမတ်ကြီးတွေက ကြိုဆိုခဲ့ကြပြီး ၎င်းကို ထောက်ခံတဲ့လူအုပ်ကြီးက ဂွိုက်ဒိုရဲ့အမည်ကို ကြွေးကြော်နေပါတယ်။ အဲဒီနောက်မှာ မစ္စတာဂွိုက်ဒိုဟာ အစိုးရကိုဆန့်ကျင်တဲ့ လူထုစုဝေးမှုတစ်ခုမှာ မိန့်ခွန်းပြောဖို့အတွက် ကရာကက်မြို့အရှေ့ပိုင်း လက်စ်မာစီဒီးစ်ဒေသရှိ နေရာတစ်ခုဆီကို ထွက်ခွာခဲ့ပါတယ်။ နိုင်ငံပြင်ပမှာရှိနေစဉ် ၎င်းရဲ့လူတွေ အတူတကွစုဝေးဖို့ လူမှုကွန်ရက် မီဒီယာကို အသုံးပြုပြီး တိုက်တွန်းခဲ့ပါတယ်။

**ကွင်းဆက်ပြတ်နေ**

၎င်းပြန်မလာမီမှာ ဖမ်းဆီးအကျဉ်းချခံရဖို့ ခြိမ်းခြောက်ခံခဲ့ရပြီးနောက် လေဆိပ်ကိုပြန်လာချိန်မှာတော့ ကောင်းကောင်းမွန်မွန် ဆက်ဆံခဲ့ကြတယ်လို့ ဆိုပါတယ်။ လူဝင်မှုကြီးကြပ်ရေးအာဏာပိုင်တွေဆိုရင် လေဆိပ်မှာ ၎င်းကို ကြိုဆိုပါတယ်။ သမ္မတကြီးလို့တောင် နှုတ်ဆက်ခဲ့ကြသေးတယ်လို့ ဂွိုက်ဒိုက ပြောပြခဲ့ပါတယ်။ ခြိမ်းခြောက်တာတွေဖြစ်လာပြီးတဲ့နောက် တစ်ယောက်ယောက်က အမိန့်တွေကို မလိုက်နာခဲ့ဘူး။ လူတော်တော်များများကလည်း လိုက်နာခြင်းမရှိဘူး။ အစိုးရလုံခြုံရေးတပ်ဖွဲ့အတွင်းမှာ အမိန့်ပေးအပ်ညွှန်ကြားမှုတွေ ကွင်းဆက်ပြတ်နေပြီလို့ ဂွိုက်ဒိုက ၎င်းကို ထောက်ခံသူ လူအုပ်ကြီးကို ပြောကြားလိုက်ပါတယ်။ လာမယ့်စနေနေ့မှာ တစ်နိုင်လုံးအတိုင်းအတာနဲ့ ဆန္ဒပြပွဲတွေပြုလုပ်ကြဖို့လည်း တိုက်တွန်းထားပါတယ်။

စနေနေ့ရောက်တဲ့အခါ လမ်းတွေပေါ် ကျွန်ုပ်တို့ ဆက်လက်ချီတက်မယ်။ ဗင်နီဇွဲလားပြည်သူတွေအားလုံး လမ်းတွေပေါ် နေရာပြန်ယူပြီး ၎င်းတို့ရဲ့လွတ်လပ်ခွင့်အတွက် လှုပ်ရှားဖို့ ဆုံးဖြတ်ချက်ချမယ်။ လွတ်မြောက်ခွင့်ဆိုတာကို မရသရွေ့ တစ်စက္ကန့်လေးတောင် အနားမယူဘူးလို့ လူထုကို တိုက်တွန်းခဲ့ပါတယ်။ အဲဒီနောက်မှာတော့ နိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီအထောက်အပံ့တွေ မဝင်ရောက်နိုင်အောင် တားဆီးပိတ်ဆို့ဖို့ ဗင်နီဇွဲလားတပ်မတော်ရဲ့ ကြိုးပမ်းမှုအတွင်း နှစ်ဖက်ရန်းရင်းဆန်ခတ်ဖြစ်ပွားမှုတွေကြောင့် သေဆုံးခဲ့ရတဲ့သူတွေကို ဂွိုက်ဒိုက ဂါရဝပြုခဲ့ပါတယ်။

**အတိုက်အခံပြန်ရောက်လာမှုက မာဒူရိုကို အကျဉ်းအကျပ် ဖြစ်စေ**

ဂျူအန်ဂွိုက်ဒို လိုက်ပါလာတဲ့ကားဟာ လူထုစုဝေးချီတက်လာတဲ့ လမ်းတွေဆီ သွားနေပြီး ၎င်းစင်မြင့်ပေါ် နေရာယူလိုက်ချိန်မှာ ၎င်းပြန်ရောက်လာတာကို ကြိုဆိုနေတဲ့ အသံတွေဟာ နားကွဲမတတ် ဆူညံနေပါတယ်။ လူအုပ်ထဲရောက်နေတဲ့အချိန်မှာ သင့်အနေနဲ့ အမေရိကန်ဦးဆောင်တဲ့ စစ်ရေးအရ ကြားဝင်စွက်ဖက်မှုဆီကနေ ပဋိပက္ခကို ငြိမ်းချမ်းစွာနဲ့ ညှိနှိုင်းဆွေးနွေးပြီး ဖြေရှင်းမှုဆီ ရောက်ရှိလာဖို့ မစ္စတာဂွိုက်ဒို နောက်ထပ်ဘာလုပ်သင့်တယ်ဆိုတာနဲ့ ပတ်သက်ပြီး

**“မစ္စတာဂွိုက်ဒိုကို ဖမ်းဆီးလိုက်ရင် လူထုဆူပူမှု အကြီးအကျယ် ဖြစ်လာနိုင်ပါတယ်။ တနင်္လာနေ့က ၎င်းပြန်မလာမီ အချိန်ပိုင်းလေးအတွင်းမှာ အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်က မစ္စတာဂွိုက်ဒိုအပေါ် ကျရောက်လာမယ့် ဘယ်ခြိမ်းခြောက်မှုကိုမှ သည်းခံမှာမဟုတ်သလို အန္တရာယ်ပြုလာရင်လည်း ချက်ချင်းလက်ငင်း တုံ့ပြန်မှာဖြစ်တယ်လို့ သမ္မတမာဒူရိုကို သတိပေးလိုက်ပါတယ်”**

ပြင်းထန်တဲ့ ရပ်တည်မှု အခြေအနေနှစ်ခုကို ကြုံရနိုင်ပါတယ်။ သို့သော်လည်း ၎င်းတို့အားလုံး တစ်ခဲနက်သဘောတူနေတဲ့အရာကတော့ သမ္မတမာဒူရို အာဏာကို လက်လွှတ်လိုက်ဖို့ပါပဲ။

မစ္စတာမာဒူရိုအနေနဲ့ ကြည့်မယ်ဆိုရင်တော့ ၎င်းဟာ ခက်ခဲတဲ့အနေအထားတစ်ခုတည်း ကျရောက်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ တရားရုံးချုပ်ရဲ့ခရီးသွားလာခွင့် ပိတ်ပင်မှုနဲ့ ၎င်းရဲ့အစိုးရအဖွဲ့အပေါ်မှာ ဂွိုက်ဒိုက ပမာမခန့်လုပ်နေတာကို စောင့်ကြည့်နေခဲ့ရပါတယ်။ နိုင်ငံကနေ ထွက်ခွာသွားတဲ့အတွက် အတိုက်အခံကို ဖမ်းဆီးမလား၊ မဖမ်းဆီးဘူးလားဆိုတာကို ဆုံးဖြတ်ရမှာဖြစ်ပြီး ဒီလိုလုပ်ရင်ဖြစ်လာမယ့် အကျိုးဆက်က ပြင်းထန်လိမ့်မယ်လို့ အကြိမ်ကြိမ်သတိပေးထားတဲ့ အမေရိကန်ကိုလည်း ၎င်းကသတိထားရဦးမှာဖြစ်ပါတယ်။

**ဂွိုက်ဒိုကိုဖမ်းဆီးခဲ့ရင်ဘာဖြစ်မလဲ**

အတိုက်အခံခေါင်းဆောင် မစ္စတာဂွိုက်ဒိုကို ဖမ်းဆီးလိုက်ရင် လူထုဆူပူမှု အကြီးအကျယ် ဖြစ်လာနိုင်ပါတယ်။ တနင်္လာနေ့က ၎င်းပြန်မလာမီ အချိန်ပိုင်းလေးအတွင်းမှာ အမေရိကန်ဒုတိယသမ္မတမိုက်ပန့်စ်က မစ္စတာဂွိုက်ဒိုအပေါ် ကျရောက်လာမယ့် ဘယ်ခြိမ်းခြောက်မှုကိုမှ သည်းခံမှာမဟုတ်သလို အန္တရာယ်ပြုလာရင်လည်း ချက်ချင်းလက်ငင်း တုံ့ပြန်မှာဖြစ်တယ်လို့ သမ္မတမာဒူရိုကို သတိပေးလိုက်ပါတယ်။ အဲဒီအချက်ကိုပဲ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုကလည်း နောက်ပိုင်းမှာ ထပ်မံပြောဆိုလာပြီး ဒေသအတွင်းမှာ မစ္စတာဂွိုက်ဒိုရဲ့ သံတမန်နည်းအရ ကြိုးပမ်းမှုအောင်မြင်ခဲ့ခြင်းနဲ့ ဗင်နီဇွဲလားသို့ ကောင်းကောင်းမွန်မွန်ပြန်လည်ရောက်ရှိလာခြင်းအတွက် ချီးကျူးဂုဏ်ပြုလိုက်တယ်လို့ သိရပါတယ်။

**ဒီမိုကရေစီစနစ်ဆီ ပြန်လည်ခေါ်ဆောင်မည်**

အမေရိကန်နဲ့ ကမ္ဘာတစ်ဝန်းက လွတ်လပ်မှုကိုမြတ်နိုးတဲ့နိုင်ငံတွေဟာ ယာယီသမ္မတဂွိုက်ဒိုဘက်မှာ ရပ်တည်နေပြီး အောက်လွှတ်တော်နဲ့တကွ ဒီမိုကရက်တစ် အင်အားစုတွေအားလုံးက ဗင်နီဇွဲလားနိုင်ငံကို ဒီမိုကရေစီစနစ်ဆီ ပြန်လည်ခေါ်ဆောင်လာမယ့် လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲတွေ ကျင်းပနိုင်ဖို့ အလုပ်လုပ်နေကြပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေအနေနဲ့လည်း အတူတကွ စုစည်းညီညွတ်ကြပြီး သမ္မတမာဒူရိုရဲ့ ရက်စက်ကြမ်းကြုတ်တဲ့အုပ်ချုပ်မှုစနစ်ကျဆုံးဖို့နဲ့ ငြိမ်းချမ်းတဲ့ ဒီမိုကရေစီစနစ် ရှင်သန်ပေါက်ဖွားနိုင်ဖို့ လုပ်ဆောင်ကြရမှာ ဖြစ်တယ်လို့ ၎င်းက တိုက်တွန်းခဲ့ပါတယ်။

**လီမာအုပ်စုသတိပေး**

ဗင်နီဇွဲလားပဋိပက္ခကို ကိုင်တွယ်ဆောင်ရွက်ဖို့ ဖွဲ့စည်းထားတဲ့ အနောက်နိုင်ငံ ၁၄ နိုင်ငံပါဝင်သောအဖွဲ့ဖြစ်တဲ့ Lima Group သံတမန်တွေက မစ္စတာဂွိုက်ဒိုရဲ့အသက်အန္တရာယ်နဲ့ ပတ်သက်ပြီး ဆိုးဆိုးရွားရွား ခြိမ်းခြောက်မှုတွေရှိခဲ့တယ်လို့ ဆိုပါတယ်။ မစ္စတာဂွိုက်ဒိုနဲ့ ၎င်းရဲ့ဇနီးကို ပြင်းပြင်းထန်ထန် ထိခိုက်လာစေမယ်ဆိုရင် တရားဥပဒေအရရော၊ နိုင်ငံရေးယန္တရားအရပါ နည်းလမ်းမျိုးစုံနဲ့ ရင်ဆိုင်ရမယ်လို့ လီမာအဖွဲ့က သတိပေးထားပါတယ်။

သမ္မတနီကိုးလပ်စ်မာဒူရိုအပေါ် နိုင်ငံတကာက ပေးလာတဲ့ဖိအားတွေ တစ်စထက်တစ်စ တိုးပွားလာပေမယ့်လည်း ဗင်နီဇွဲလားသမ္မတဟာ ၎င်းကို ရာထူးကနေဆင်းဖို့ တောင်းဆိုမှုမှန်သမျှကို မသိကျိုးကျွန်ပြုနေဆဲဖြစ်သလို ဒီလိုတိုက်တွန်းလာတဲ့သူတွေကို အာဏာသိမ်းဖို့ကြံစည်နေတဲ့သူတွေအဖြစ် စွပ်စွဲလျက်ရှိပြီး အစိုးရကို သစ္စာခံသူတွေကလည်း တရားစီရင်ရေးကို ထိန်းချုပ်ထားဆဲဖြစ်ပါတယ်။ အစိုးရဟာ အမေရိကန်ရဲ့ အရေးယူပိတ်ဆို့မှုတွေကိုလည်း ထပ်မံရင်ဆိုင်ရဖို့ ရှိနေပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ၊ ဘီဘီစီ**

---

# နိုင်ငံတကာသတင်းတိုထွာ

## တရုတ်ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်မည်

**ပေကျင်း မတ် ၅**

တရုတ်နိုင်ငံသည် ၂၀၁၉ ခုနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ်ကို ၇ ဒသမ ၅ ရာခိုင်နှုန်းတိုးမြှင့်လိုက်ကြောင်း မတ် ၅ ရက်တွင် ကြေညာခဲ့သည်။

အစိုးရသည် ၂၀၁၉ ခုနှစ်အတွက် ကာကွယ်ရေးဆိုင်ရာ အသုံးစရိတ်ကို ယွမ် ၁ ဒသမ ၉ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၇၇ ဒသမ ၆ ဘီလီယံ) သုံးစွဲသွားမည်ဖြစ်သည်။ ၂၀၁၈ ခုနှစ်က ကာကွယ်ရေးအသုံးစရိတ်ကို ယွမ် ၁ ဒသမ ၁၁ ထရီလီယံ သုံးစွဲကာ ၁ ဒသမ ၈ ရာခိုင်နှုန်း တိုးမြှင့်ခဲ့သည်။

တရုတ်ဝန်ကြီးချုပ် လီကေကျင်းက အစိုးရသည် စစ်ရေးလေ့ကျင့်မှုများကို အားဖြည့်သွားမည်ဖြစ်ပြီး တရုတ်နိုင်ငံ၏ အချုပ်အခြာအာဏာ၊ လုံခြုံရေးနှင့် အကျိုးစီးပွားကို အခိုင်အမာကာကွယ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## အီရတ်အနောက်ပိုင်း၌ နိုင်ငံတကာ မဟာမိတ်အဖွဲ့ လေကြောင်းတိုက်ခိုက်မှုကြောင့် အိုင်အက်စ်စစ်သွေးကြွ ရှစ်ဦးသေဆုံး

**ဘဂ္ဂဒက် မတ် ၅**

အီရတ်နိုင်ငံအနောက်ပိုင်းပြည်နယ် အန်ဘာရှိ အိုင်အက်စ်စစ်သွေးကြွများ ပုန်းခိုရာနေရာကို မတ် ၄ ရက်က နိုင်ငံတကာမဟာမိတ်အဖွဲ့၏ လေကြောင်းချီတိုက်ခိုက်ခဲ့မှုကြောင့် အိုင်အက်စ်စစ်သွေးကြွရှစ်ဦး သေဆုံးခဲ့ကြောင်း အီရတ်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့ကြောင်း သိရသည်။

အီရတ်ပူးတွဲစစ်ဆင်ရေးညွှန်ကြားမှုအဖွဲ့နှင့်အတူ အမေရိကန်ဦးဆောင်သည့် မဟာမိတ်တိုက်ခိုက်ရေးဂျက်လေယာဉ်များက ဘဂ္ဂဒက်မြို့အနောက်ပိုင်းမှ ၁၈၀ ကီလိုမီတာအကွာခန့်ရှိ အိုင်အက်စ်အဖွဲ့ပုန်းအောင်းရာနေရာများကို လေကြောင်းတိုက်ခိုက်မှု လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ဖော်ပြခဲ့သည်။

အိုင်အက်စ်အဖွဲ့ဝင်ရှစ်ဦးသေဆုံးသည့်အပြင် ၎င်းတို့ပုန်းခိုရာနေရာများ ဖျက်ဆီးခံလိုက်ရကြောင်း သိရသည်။

**ဆင်ဟွာ**

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သို့ နှစ်နိုင်ငံကုန်သွယ်မှု လေ့လာကြည့်ရှု

**မူဆယ် မတ် ၅**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် ဦးဆောင်သော ပြည်နယ်ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် မတ် ၄ ရက်က မူဆယ်မြို့နယ် မိုင်းယု (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်သို့ရောက်ရှိခဲ့သည်။ အဆိုပါ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် (၁၀၅)မိုင်၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်တာဝန်ခံညွှန်ကြားရေးမှူး ဦးတင်ရဲဝင်းက နှစ်နိုင်ငံ ကုန်သွယ်စီးဆင်းမှုလုပ်ငန်းစဉ်များအားရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က တက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အပြန်အလှန် မိတ်ဆက်ပေးခဲ့ပြီး ရှေ့ဆက်လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကို ပြန်လည်ပြောကြားပေးခဲ့သည်။

ထို့နောက် ကုန်ပစ္စည်းစစ်ဆေးရေးကွင်း နှင့် အရှေ့မြောက်တံခါး သစ်သီးရောင်းဝယ်ရေးကွင်းတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သန့်ဇင် (မူဆယ်)**

## ရိုခေါဒါရ်၌ ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝတ်ကျေပွန်မှု အသိပညာပေး (အခြေခံ) သင်တန်းဖွင့်လှစ်

**ရိုခေါဒါရ် မတ် ၅**

ချင်းပြည်နယ်အစိုးရအဖွဲ့ ဦးဆောင်မှုဖြင့် ခရီးသွားလာခြင်းနှင့် ဧည့်ဝတ်ကျေပွန်မှု အသိပညာပေး (အခြေခံ) သင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၄ ရက်က ရိုခေါဒါရ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က အမှာစကားပြောကြားပြီး ပြည်နယ် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ညွှန်ကြားရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဖြိုးက သင်တန်းဖွင့်လှစ်ပို့ချရခြင်း၏ ရည်ရွယ်ချက်များ၊ ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သည့် အခြေခံဥပဒေများ၊ သိသင့်သိထိုက်သည်များ အသေးစိတ်ဆွေးနွေးသည်။

အဆိုပါသင်တန်းတွင် ရန်ကုန်မြို့ Star အကယ်ဒမီကျောင်းမှ နည်းပြဆရာ ဦးတင်ကိုက သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ မြို့ပေါ်ရပ်ကွက် နှစ်ခုရှိ လူငယ်များက သင်တန်းတက်ရောက်သွားမည်ဖြစ်ကြောင်း၊ သင်တန်းကာလမှာ မတ် ၄ ရက်မှ ၈ ရက်အထိ ငါးရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မြန်မာ့နှမ်း GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်ရေးအလုပ်ရုံဆွေးနွေး

**ကျောက်ဆည် မတ် ၅**

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးကော်ပိုရေးရှင်း (IFC) တို့ ပူးပေါင်းပြုလုပ်သည့် မြန်မာ့နှမ်း GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ မတ် ၄ ရက်က ကျင်းပသည်။

တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက ကျွန်တော်တို့ နိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည့်အတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသည် အဓိကကျသော အခန်းကဏ္ဍမှာပါဝင်ကြောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စိုက်ပျိုးသော သီးနှံတိုင်း ထွက်နှုန်းကောင်းပြီး စီးပွားရေးအရ တွက်ခြေကိုက်ရန်လိုကြောင်း၊ ထုတ်လုပ်သော သီးနှံတိုင်းလည်း စားသုံးသူများအတွက် ဓာတ်ကြွင်းကင်းပြီး ဘေးအန္တရာယ်ကင်းရှင်းရန် လိုအပ်ကြောင်း၊ သို့မှသာ ပြည်တွင်း စားသုံးသူများအတွက် အန္တရာယ်ကင်းစေရန် ပြည်ပတင်ပို့ရောင်းချရာတွင်လည်း ဈေးနှိမ်ခြင်း မခံရမှာဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြစ်သည့် GAP စနစ်ဖြင့်သာ စိုက်ပျိုးသွားကြစေလိုကြောင်း၊ တောင်သူများလိုအပ်သည့် အရည်အသွေးပြည့်ဝသော သွင်းအားစုများကို ဈေးနှုန်းသက်သက်သာသာနှင့် သီးနှံပေါ်ပေးအကြွေးစနစ်ဖြင့် ရောင်းချပေးလျက်ရှိသော ကုမ္ပဏီများကိုလည်း ဖိတ်ခေါ်ထားသဖြင့် တောင်သူများက မိမိတို့လိုအပ်သည့် သွင်းအားစုများကို စိတ်ကြိုက် ဝယ်ယူနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။



မြန်မာ့နှမ်း GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပနေစဉ်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်အတွင်းရှိ နွေသီးနှံစိုက်တောင်သူများအတွက် အဓိကစိုက်ပျိုးရေပေးဝေလျက်ရှိသော ဇော်ဂျီဆည်ကိုသွားရောက်ကြည့်ရှုခဲ့သည်။ ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်က ဇီးတောဆည်ကြီး သာယာလှပစေရေးနှင့် ရေဘေးအန္တရာယ် မရှိစေရေးအတွက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ ပြန်လည်တင်ပြ ဆွေးနွေးခဲ့သည်။

**ခရိုင် (ပြန်/ဆက် )**

## ဘားအံမြို့၌ (၁၃) ကြိမ်မြောက်ပရိတ်ကြီး (၁၁) သုတ်ကျမ်းကြည့် အကောင်းဆုံးရွတ်ဆိုပြိုင်ပွဲ ဆုများပေးအပ်

**ဘားအံ မတ် ၅**

ကရင်ပြည်နယ် ဘားအံမြို့၌ ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော (၁၃) ကြိမ်မြောက် ပရိတ်ကြီး (၁၁) သုတ်ကျမ်းကြည့် အကောင်းဆုံးရွတ်ဆိုမှု ရွေးချယ်ပြိုင်ပွဲဆုပေးပွဲကို မတ် ၄ ရက်က ဘားအံမြို့ ကျက်သရေဆောင် သေဋ္ဌမာရ်အောင်ဘုရားကြီးဝင်းရှိ အတုလသာသနိက ဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြိုင်သဇင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတက္ကသရိယထံမှ တက်ရောက်လာကြသော ပြည်နယ် မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များအား ပြည်နယ်ဝန်ကြီးနှင့် ပြည်နယ် အဆင့်ဌာနဆိုင်ရာ များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။

ဆက်လက်၍ အကြီးတန်း ဝတ်ရွတ်အသင်းတွင် ပထမဆုရရှိသော ကရင်ပြည်နယ်ရဲတပ်ဖွဲ့ ဝတ်ရွတ်အသင်း၊ ဒုတိယဆုရ မြဝတီမြို့နယ်ဝတ်ရွတ်အသင်း၊ တတိယဆုရ ဘားအံ သူနာပြုသင်တန်းကျောင်းတို့ကိုလည်းကောင်း၊ အငယ်တန်း ဝတ်ရွတ်အသင်းတွင် ပထမဆုရ မြိုင်ကြီးငူ အထကကျောင်းဝတ်ရွတ်အသင်း၊ ဒုတိယဆုရ ဘားအံ အထက (၄) ကျောင်းဝတ်ရွတ်အသင်း၊ တတိယဆုရ ဘားအံ အထက (၂) ဝတ်ရွတ်အသင်းတို့ကို လည်းကောင်း ဆုရရှိအသင်းများအား ပြည်နယ်ဝန်ကြီးနှင့် ပြည်နယ်အဆင့် တာဝန်ရှိသူများက ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရွေးချယ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၄ ရက်အထိ ပြည်နယ်လွှတ်တော်နှင့် စီမံကိန်းဘဏ္ဍာရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနအပါအဝင်၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်ကောလိပ်နှင့် မြို့မဝတ်အသင်းများမှ အကြီတန်းဝတ်ရွတ် အသင်း ၁၅သင်း၊ အခြေခံပညာအထက်တန်းကျောင်းများမှ အငယ်တန်းဝတ်ရွတ်အသင်း ခြောက်သင်း ယှဉ်ပြိုင်သွားခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ကမ်းပြိုကာကွယ်ရေး ကျောက်စီနံရံ ဆောင်ရွက်နေမှုကြည့်ရှု

**မြင်းခြံ မတ် ၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကန်နီကျေးရွာတွင် ရေတိုက်စားသဖြင့် ကမ်းပြိုခြင်းများရှိသည့်အတွက် ကမ်းပြိုခြင်းကာကွယ်ရန် ကျောက်စီနံရံ တည်ဆောက်နေခြင်းကို မတ် ၃ ရက် က တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးခဲ့သည်။

ကန်နီကျေးရွာတွင် ရေတိုက်စားသဖြင့် ကမ်းပြိုခြင်းများရှိရာ (၂၀၁၈-၂၀၁၉) ဘဏ္ဍာနှစ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး အစိုးရ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၉၀ ဖြင့် ဆောင်ရွက်လျက်ရှိသော ကျောက်စီနံရံတည်ဆောက်နေမှုကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ တိုင်းဒေသကြီးလွှတ်တော် စက်မှု/စွမ်းအင်နှင့် လျှပ်စစ်ရေးရာ ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေးမီ ပစ္စည်းများသုံးစွဲရေးနှင့် အချိန်မီပြီးစီးရေးတို့ကို မှာကြားခဲ့သည်။

အဆိုပါ ကန်နီကျေးရွာ ကမ်းပြိုကာကွယ်ရေး ကျောက်စီနံရံတည်ဆောက်နေမှုသည် လုပ်ငန်း၏ တစ်ဝက် ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး အချိန်မီပြီးစီးအောင် ဆက်လက်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

## လူထုတွေ့ဆုံပွဲနှင့် ဝက်မျိုးကောင်းမျိုးသန့်ပေးအပ်ပွဲ ကျင်းပ

**ဒီးမော့ဆို မတ် ၅**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ဆောင်ဒူလာကျေးရွာအုပ်စု ဆော်ပထန်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ယနေ့နံနက်က လူထုတွေ့ဆုံပွဲနှင့် ဝက်မျိုးကောင်းမျိုးသန့်ပေးအပ်ပွဲ အခမ်းအနားကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘောစ်ကို၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသန်းအေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူးက ဝက်မျိုးကောင်းမျိုးသန့်ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဝက်သားပေါက်မျိုးကောင်းမျိုးသန့်နှင့် ဆက်စပ်အစာများ၊ ဆေးပစ္စည်းများကို ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက ပေးအပ်ရာ ဒေသခံပြည်သူများက လက်ခံယူခဲ့ကြောင်း သိရသည်။ **(ယာပုံ)**





ဆက်လက်၍ ဆောင်ဒူလာကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၂ရွာတို့မှ ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အများ ပြည်သူအကျိုးအတွက် လိုအပ်ချက်များဖြစ်သော လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ စာသင်ကျောင်းဆောင်ရရှိရေး၊ ကျေးရွာချင်းဆက်လမ်း၊ လယ်ယာကုန်ထုတ်လမ်းနှင့် တံတားများကို ဆွေးနွေးတင်ပြကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက ဒေသခံပြည်သူများတင်ပြသည့် ကွိုင်ငံကျေးရွာ ကွိုင်ငံရေထွက်ပေါက် တံတားပြုပြင်ရန်အတွက် ငွေကျပ် ခုနစ်သိန်းနှင့် ဆော်ပထန်ကျေးရွာ ရန်ပုံငွေအတွက် ငွေကျပ် သုံးသိန်းတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ကမ္ဘာ့တီဘီတိုက်ဖျက်ရေးနေ့အခမ်းအနား ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန် မတ် ၅**

ရန်ကုန်မြို့ တောင်ဒဂုံမြို့နယ်ခန်းမ၌ ကမ္ဘာ့တီဘီတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ကျင်းပသွားမည်ဖြစ်ကြောင်း မတ် ၄ ရက်က ရန်ကုန်တိုင်း ဒေသပြည်သူ့ကျန်းမာရေး ဦးစီးဌာန လေးလွှာတွင်ကျင်းပသော ဒုတိယအကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှ သိရသည်။

"ပြည်သူလူထုကြားမှာ တီဘီရောဂါကိုပိုမိုသိရှိနားလည်ဖို့၊ တီဘီရောဂါနဲ့ HIV ရောဂါကို ပိုမိုဖော်ထုတ်နိုင်ဖို့အတွက်လူဦးရေများတဲ့ တောင်ဒဂုံကစက်ရုံအလုပ်ရုံက ဝန်ထမ်းတွေကိုလည်းကမ္ဘာ့တီဘီ တိုက်ဖျက်ရေးနေ့မှာ ဆောင်ရွက်ပေးမှာဖြစ်တဲ့ အတွက်တောင်ဒဂုံ လွှတ်တော်ကိုယ်စားလှယ်နဲ့ စက်မှုဇုန်ဥက္ကဋ္ဌကိုလည်းဖိတ်ကြား ပြီး ပြည်သူ့ကျန်းမာရေး အပြည့်အဝစောင့်ရှောက်မှုရရှိဖို့ လုပ်ငန်းညှိနှိုင်းဆွေးနွေး တာပါ"ဟု ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်း ဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာဌေးလွင်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၁၇ ခုနှစ်တွင် တီဘီရောဂါလူနာ ၃၁၂၄၄ ဦးကိုကုသ ပေးလျက်ရှိပြီး တစ်နိုင်ငံလုံးအနေဖြင့် တီဘီဝေဒနာရှင် တစ်သိန်းခွဲခန့်ရှိသည်။ ဆေးယဉ်ပါးတီဘီဝေဒနာရှင် တစ်နှစ်လျှင် ရှစ်ထောင်မှ တစ်သောင်းရှိပြီး ၅၀ ရာခိုင် နှုန်းမှာ ရန်ကုန်တိုင်းဒေသကြီးတွင်ရှိသောကြောင့် တီဘီရောဂါ တိုက်ဖျက်ရေး လုပ်ငန်းစဉ်ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဝက်သက်-ဂျိုက်သိုးရောဂါ ကဲ့သို့ စီမံချက်ဖြင့်ဆောင်ရွက်ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးတွင် လှိုင်သာယာ မြို့နယ်၊ တောင်ဒဂုံမြို့နယ်၊ ဒဂုံ(အရှေ့)၊ မြောက်ဒဂုံ၊ ဒဂုံဆိပ်ကမ်း၊ သာကေတ၊ သဃ်္ဃန်းကျွန်းအပါအဝင် တီဘီရောဂါအဖြစ် များသော (၁၀) မြို့နယ်ရှိသည်။

တီဘီရောဂါသည်လေမှတစ်ဆင့် ကူးစက်တတ်သောကြောင့် အများပြည်သူစီးနင်း သော ခရီးသွားယာဉ်များပေါ်ပါမကျန် ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေး ဦးစီးဌာနမှ အသိပညာပေးဆောင်ရွက်ခြင်း၊ စစ်တမ်းကောက်ယူခြင်းတို့ ဆောင်ရွက်ခဲ့ပြီး ကုန်ကျ စရိတ်မရှိသော ဝန်ဆောင်မှုဖြင့်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဆောင်ရွက်လျက် ရှိသည့်တိုင် လာရောက်ကုသရန်လိုအပ်နေဆဲဖြစ်သည်။ ဆေးအခမဲ့ရရှိသော ဆေးရုံ၊ ဆေးခန်းသို့ မလာသောကြောင့် လူနာရှိရာ စက်ရုံ၊ အလုပ်ရုံ၊ ရပ်ကွက်၊ကျေးရွာများသို့ ရွှေ့လျားကုသသောဝန်ဆောင်မှုဖြင့် ကွင်းဆင်းဆောင်ရွက်သည့်တိုင် ကျန်ရှိနေဆဲ ဖြစ်ရာ တီဘီရောဂါကိုပြည်သူများ ပိုမိုသိရှိနားလည်လာစေရန် ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့တီဘီတိုက်ဖျက်ရေးနေ့တွင် ပြည်သူနှင့်အတူ ပူးပေါင်းတိုက်ဖျက်ခြင်းဖြစ်သည်။



ကမ္ဘာ့တီဘီတိုက်ဖျက်ရေးနေ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်စဉ်။

ရန်ကုန်တိုင်းဒေသကြီးတွင် လူဦးရေအများဆုံးနေထိုင်ရာ လှိုင်သာယာမြို့နယ်၌ တီဘီအများဆုံးဖြစ်ပွားပြီး ဒုတိယအများဆုံးဖြစ်ပွားသောမြို့နယ်မှာ တောင်ဒဂုံမြို့နယ် ဖြစ်သောကြောင့် ယခုနှစ်တွင် စက်ရုံ၊ အလုပ်ရုံပေါများရာ တောင်ဒဂုံမြို့နယ်တွင် ကမ္ဘာ့တီဘီ တိုက်ဖျက်ရေးနေ့ မတ် ၂၄ ရက်၌ မြို့နယ်ခန်းမတွင် အနုပညာရှင်များ နှင့်လူရွှင်တော်အဖွဲ့များ၊ ဖျော်ဖြေရေးအစီအစဉ်၊ ဂိမ်းအစီအစဉ်များစွာဖြင့် ပြည်သူတို့ ကို ကျန်းမာရေးစောင့်ရှောက်မှုကို မွန်းလွဲ ၃ နာရီမှ ည ၈ နာရီထိ ကျင်းပသွားမည် ဖြစ်သည်။

ယနေ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာ ရေးဦးစီးဌာနမှူးနှင့် တောင်ဒဂုံမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်များမှ ပြည်သူ့ကျန်းမာရေးမှူးများ၊ INGO၊ NGO၊ CBO နှင့်ကမ္ဘာ့ကျန်းမာရေးတိုက် ဖျက်ရေးနေ့တွင်ပါဝင်လုပ်ဆောင်ကြမည့်အဖွဲ့အစည်းများတက်ရောက်၍ ကမ္ဘာ့တီဘီ တိုက်ဖျက်ရေးနေ့တွင် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန် ဆွေးနွေးကြသည်။

**သန်းထိုက်၊ ဓာတ်ပုံ -သန်းစိုး**

# မော်လိုက်မြို့နယ်အတွင်း တရားမဝင်သစ်ခိုးထုတ်မှုများ လျော့နည်းရေး သစ်ထုတ်လမ်းဟောင်းများအား ဖျက်ဆီး



သစ်ခိုးထုတ်သည့်လမ်းများကို လိုက်လံဖျက်ဆီးနေစဉ်။

**မော်လိုက် မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် သစ်တောဦးစီးဌာနမှ သစ်ခိုးထုတ်မှုများအား ကြိုတင်တားဆီးခြင်းအနေဖြင့် မော်လိုက်မြို့နယ် ဖုန်းသုန်းကြိုးဝိုင်းအတွင်း တရားမဝင်သစ်ခိုးထုတ်သူများ အသုံးပြုနေကြသည့် သစ်ထုတ်လမ်းဟောင်းများအား စက်ယန္တရားများဖြင့် လိုက်လံဖျက်ဆီးခြင်းများကို ဖေဖော်ဝါရီလအတွင်း အပြီးသတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအုန်းလွင်ထံမှ သိရသည်။

"သစ်တောဦးစီးဌာနအနေဖြင့် တရားမဝင်သစ်ခိုးထုတ်မှုများကို လိုက်လံစုံစမ်း၍ လည်းကောင်း၊ တာဝန်သိပြည်သူများ၏ သတင်းပေးချက်များဖြင့်သော်လည်းကောင်း ရှာဖွေဖမ်းဆီးခြင်းများကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသလို တရားမဝင်သစ်ခိုးထုတ်နေသူများ အသုံးပြုနေသည့် သစ်ထုတ်လမ်းဟောင်းများအား လုံးဝ အသုံးပြုနိုင်ခြင်းမရှိအောင်နှင့် ပြန်လည်ပြုပြင် အသုံးပြုနိုင်ရန် ခက်ခဲသည်အထိ စက်ယန္တရားများဖြင့် လိုက်လံဖျက်ဆီးခြင်းဖြင့် မြို့နယ်အတွင်းရှိ တရားမဝင် သစ်ခိုးမှုများအား ကြိုတင်တားဆီးနိုင်မည်ဖြစ်ကြောင်းနှင့် တရားမဝင်သစ်ခိုးထုတ်မှုများလည်း လျော့နည်း သွားမည်ဖြစ်ကြောင်း ၎င်းထံမှ သိရသည်။

**၁၄၂**

# မြန်မာရွှေ့ပြောင်းအလုပ်သမား လေးဦး တာချီလိတ်မြို့၌ ပြန်လည်လွှဲပြောင်းပေးအပ်

**တာချီလိတ် မတ် ၅**

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာ ရွှေ့ပြောင်းအလုပ်သမား လေးဦးကို ထိုင်းနိုင်ငံတာဝန်ရှိသူများက မြန်မာနိုင်ငံဘက်သို့ မတ် ၄ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ က တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား၌ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ထိုင်းနိုင်ငံတွင် နယ်စပ်ဖြတ်ကျော်ခွင့် သက်တမ်းလွန်ခြင်းနှင့် အထောက်အထားမဲ့နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတာဝန်ရှိသူများက လွှဲပြောင်းလက်ခံပြီးနောက်တွင် ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာ ပြန်နိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများ ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေး ကော်မတီဝင်များက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ မတ် ၄ ရက်အထိ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည် လွှဲပြောင်းပေးခဲ့သည့် တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ယခု လွှဲ ပြောင်းသည့် လေးဦးအပါအဝင် အမျိုးသား ၂၄၄ ဦး၊ အမျိုးသမီး ၁၃၄ ဦးနှင့် ကလေး ၁၄ ဦး စုစုပေါင်း ၃၉၂ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

## ကုလားမ ဆင်ချည်တိုင်လမ်းအား မြေနီလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်

**တောင်တွင်းကြီး မတ် ၅**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် (၂၀၁၈-၂၀၁၉)ဘဏ္ဍာရေးနှစ် ကုလားမ-ဆင်ချည်တိုင်လမ်းအား မြေနီလမ်း အဖြစ် အဆင့်မြှင့်တင်နိုင်ရေးအတွက် မတ် ၄ ရက်က ကျေးရွာအဆင့်ကော်မတီဖွဲ့စည်းနိုင်ရေး တိုင်းဒေသကြီးလွှတ်တော် ကိုယ်စား လှယ်ဦးဝင်းမြင့်လှိုင်၊ NLDပါတီမှ ဒုတိယဥက္ကဋ္ဌ ဦးဌေးလွင်၊ အတွင်းရေးမှူးဦးဗိုလ်စတီး၊ အမျိုးသမီးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်မာမာစိမ်း၊ ကျေးလက်လမ်း AE ဦးစိုးမင်းထွန်းတို့လိုက်ပါကာ ဒေသခံအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ လမ်း ကောင်းမွန်ရေးနှင့် သတ်မှတ်ကာလအတွင်းပြီးစီးရေး မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၅-၃-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၂၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၁၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၇၅/၉၃၀ ကျပ် | ၉၄၀/၉၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၈၅/၉၄၀ ကျပ် | ၉၅၅/၉၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၈၅/၇၄၀ ကျပ် | ၇၉၀/၈၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၈၀/၈၃၅ ကျပ် | ၈၈၅/၈၉၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၇ · ၉ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၂၀ · ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၀ · ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၀၀ · ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၅၅ · ၉ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၇၄ · ၆ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၆ · ၄၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၄၈၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၄ · ၈၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၂ · ၄၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၇၁၈ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချီရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# Lucky Boss အပန်းဖြေ ဥယျာဉ် ပြင်ဦးလွင်မြို့တွင် စတင်ဖွင့်လှစ်




Lucky Boss အပန်းဖြေဥယျာဉ်ဖွင့်ပွဲသို့ တက်ရောက်လာသည့် အနုပညာရှင်များကို တွေ့ရစဉ်။

Lucky Boss ရုပ်ရှင်ထုတ်လုပ်ရေး၏ စီးပွားရေးလုပ်ငန်းခွဲ တစ်ခုဖြစ်သည့် အများပြည်သူ အပန်းဖြေစရာ Lucky Boss ဥယျာဉ်ဖွင့်ပွဲအခမ်းအနားကို မတ် ၃ ရက်က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံကျော် အနုပညာရှင်များဖြစ်ကြသည့် အဆိုတော် ချမ်းချမ်း၊ အိမ့်ချစ်၊ ဟဲလေး၊ ဆူဇီ၊ မြန်မာ့အသံ အဆိုတော် မိုးထက်မြင့်၊ မော်ဒယ်လ် သရုပ်ဆောင် အောင်လေး အစရှိသည့် အနုပညာရှင်များစွာတက်ရောက်ခဲ့ကြပြီး Lucky Boss Garden ဖွင့်ပွဲအခမ်းအနားတွင် တေးသီချင်းများကို သီဆို ဖျော်ဖြေပေးခဲ့ကြသည်။

"သူများတွေ မလုပ်ဖြစ်တဲ့ပုံစံမျိုး ထူးထူးခြားခြားလေး ဖြစ်အောင် ဒီဥယျာဉ်လေးကို လုပ်ဖြစ်တာပါ။ ပြင်ဦးလွင်မှာ လူတွေက အပန်းဖြေတာများတယ်။ ရန်ကုန်ကသူတွေလည်း ဒီကိုလာရင် သွားရမယ့်နေရာရှားတော့ ဒီဥယျာဉ်လေးကို ဖွင့်လှစ်ဖြစ်သွားတာပါ။ ပြည်သူတွေအားလုံးကို ပျော်ရွှင်ချမ်းမြေ့ဖို့အတွက် လာခဲ့ဖို့ဖိတ်ခေါ်ချင်ပါတယ်" ဟု Lucky Boss Garden ၏ ပိုင်ရှင် ဦးသိန်းဇော်က ပြောသည်။

Lucky Boss ဥယျာဉ်ကြီးသည် ပြင်ဦးလွင်မြို့ရပ်ကွက်ကြီး ၁၈ ဒိုးကွင်ကျေးရွာရှိ မြေကေ ၄ဧက အကျယ်အဝန်းရှိသည့် ခြံဝင်းအတွင်းတွင် တည်ဆောက်ထားသည့် အပန်းဖြေဥယျာဉ်ကြီးဖြစ်သည်။ မိသားစုအလိုက် အပန်းဖြေနားနေနိုင်မည့် နေရာများ၊ သစ်ခွနှင့် ပန်းမျိုးစုံ ဥယျာဉ်များအပြင် ဒေသန္တရ တောင်တန်း အလှအပများကို ခံစားကြည့်ရှုနိုင်မည့်နေရာများကို တွေ့မြင်နိုင်မည်ဖြစ်သည့်အပြင် ဒေသန္တရ အလှအပနှင့် လိုက်လျောညီထွေမည့် ငှက်ရုပ်များအပါအဝင် တိရစ္ဆာန်များ၏ အရုပ်များကိုလည်း မြင်တွေ့နိုင်မည်ဖြစ်သည်။

ထို့အပြင် အပန်းဖြေအနားယူသူများ အစားအသောက်များ ဝယ်ယူစားသောက်နိုင်ရန်အတွက် ရှမ်းစာနှင့် တရုတ်အစားအစာ စားသောက်ဆိုင်များကိုလည်း ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

ဥယျာဉ်၏ဝင်ကြေးကို တစ်ဦးလျှင် ငွေကျပ် ၂၀၀၀နှုန်း သတ်မှတ်ထားပြီး နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၆နာရီအထိ ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

# ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအတွက် ဇာတ်ကားအချို့ အကဲဖြတ်များကို အကျပ်ရိုက်စေဟု ထပ်ဆင့်အကယ်ဒမီ ရန်အောင်ပြော

၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုအတွက် ဆန်ကာတင် ရုပ်ရှင် ဇာတ်ကား ဒုတိယအဆင့်အတွက် ၂၅ ကား ထွက်ရှိလာကြောင်းသိရသည်။ ယခုဆိုလျှင် ထူးချွန်ဆုအတွက် ဇာတ်ကားအချို့ကို ရွေးချယ်နေပြီး ယခုလ ၂၃ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏမြို့နယ်ရှိ The One Entertainment Park တွင် ပြုလုပ်၍ အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို ဖွင့်ဖောက်ကြေညာသွားမည်ဖြစ်ကြောင်း၊ ယခုနှစ် ကျင်းပမည့်ပွဲတွင် ရွေးချယ် ခံရသည့် ဇာတ်ကားများသည် ယခင်နှစ်များထက်



ထပ်ဆင့်အကယ်ဒမီ ရန်အောင်

ရွေးချယ်ရပိုမို ခက်ခဲကြောင်း သိရသည်။

"ဒီနှစ်က တော်တော်လေးကို ကားကောင်းတွေများတယ်။ ဘာလို့လဲဆိုတော့ လူငယ်သရုပ်ဆောင်သစ်တွေ၊ လူငယ်ဒါရိုက်တာတွေက အလွန်ကိုတော်ပြီး ကြိုးစားထားတာကို ကျွန်တော် ကြည့်ရတယ်၊ တွေ့ရတယ်။ ဇော်ခီတို့ရိုက်တဲ့ "ဉပါယ်တံမျဉ်"လိုကားမျိုးတွေ။ နောက်ပြီး "မီ" ဇာတ်ကားဆိုလည်း ဒီလိုပဲ ကြည့်ရတာ တော်တော်ကို အရည်အချင်းပြည့်ဝတဲ့ ကားမျိုးတွေပါပဲ။ နောက်ပြီး ဟာသအနေနဲ့ဆို "ကိုယ်စောင့်နတ်"ကားဆို ပေါ့ပေါ့ပါးပါးနဲ့ ပရိသတ်ကို အများကြီး အကျိုးရှိစေတဲ့ ပညာပေး ဟာသကားလေးတွေပါ။ ပြီးတော့ မြို့ပြမှုဆိုးများ ဇာတ်ကားဆိုလည်း တော်တော်လေး ကောင်းပါတယ်။ ဒီနှစ်က တော်တော်လေးကို ရွေးရခက်တဲ့နှစ်လို့ လူကြီးတွေကလည်း ပြောပါတယ်။ တချို့ အကဲဖြတ်တွေဆို ခေါင်းတွေတောင်ခြောက်ပြီး ထွက်ပြေးချင်စိတ်တွေပါ ပေါက်တယ်။ ကျွန်တော်တို့ကတော့ အကောင်းဆုံး စံနှုန်းတွေနဲ့ပဲ ရွေးရပါတယ်။ ဘယ်နေရာမှာ ဘာလိုတယ်။ ဘာကို သုံးသင့်တယ်။ ဝတ်တဲ့ အဝတ်အစား၊ နေရာ၊ လေသံ အားလုံးကိုကြည့်ပြီး စိစစ်ရတာပါ။ ပြီးတော့ ဒီလိုမျိုး အရင်က တစ်ခါကြုံတွေ့ဖူးတယ်။ အလွန်ကောင်းတဲ့ ကားတွေချည်း ဆုံသွားတဲ့အခါပေါ့။ အဲ့ဒီလိုအခါဆို ကျွန်တော်တို့ အားပြိုင်တဲ့အခါ အားကောင်းတဲ့သူက အနိုင်ရသွားတတ်ပါတယ်။ ဟာကွက်ကို ကြည့်ပြီး ရွေးရတာပေါ့" ဟု ထပ်ဆင့် အကယ်ဒမီ ရန်အောင်က ပြောသည်။

ယခု ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲအတွက် အကယ်ဒမီ စာရင်းဝင် ဒါရိုက်တာ ဉာဏ်ထင်၊ ဝင့်လွင်ထက်၊ အာကာ၊ ဏကြီးတို့၏ ဇာတ်ကားများ ပါဝင်လာကြောင်း ဒါရိုက်တာ ဝိုင်း ရိုက်ကူးထားသော ဇာတ်ကား လေးကားပါဝင်ကြောင်း၊ ဒါရိုက်တာ ညွန့်မြန်မာ ညီညီအောင်၊ ဝင်းထွန်းထွန်း၊ သြရသတို့၏ ဇာတ်ကားများလည်း ပါဝင်ကြောင်း ပရိသတ်အကြိုက် တွေ့ခဲ့ သည့် "မုဒြာ ခေါ်သံ "၊ "ဉပါယ်တံမျဉ်" စသည့် ဇာတ်ကားများလည်း ပါဝင်လာကြောင်း သိရသည် ။

**ကိုလင်း**

# ပြင်သစ်နိုင်ငံတွင်ကျင်းပမည့် (၇၂) ကြိမ်မြောက် ကန်းရုပ်ရှင်ပွဲတော်တွင် မြန်မာနိုင်ငံမှ The Women ရုပ်ရှင်ပရောဂျက် ရွေးချယ်ခံရ

မြန်မာနိုင်ငံမှ ရုပ်ရှင်ပရောဂျက် The Women ကို မေလတွင် ပြင်သစ်နိုင်ငံ၌ ကျင်းပမည့် (၇၂) ကြိမ်မြောက် Festival De Cannes ကန်းရုပ်ရှင်ပွဲတော်မှာ ရွေးချယ်ခံရတယ်လို့ သိရပါတယ်။

Cine' fodation ၏ L'Atliear အစီအစဉ်မှာပါ ဒီအစီအစဉ်ဟာ တစ်ကမ္ဘာလုံးက ယှဉ်ပြိုင်လာတဲ့ ရုပ်ရှင်ပရောဂျက်တွေထဲက ၁၅ ခုကိုသာ ရွေးချယ်တာပါ။ The Women ဟာ ဒီအစီအစဉ်မှာ ပထမဆုံးရွေးချယ်ခံရတဲ့ မြန်မာပြည်က ဇာတ်ကားပရောဂျက်ဖြစ်ပါတယ်။

"ဇနီးနဲ့အတူ ဒီသတင်းကို ကြားတော့ ကျွန်တော်တို့ အံ့သြတယ်။ ပျော်လည်းပျော်တယ်။ ပင်ပန်းခဲ့ရတာတွေ၊ မောခဲ့ရတာတွေအတွက် ကျေနပ်မိတယ်။ ဒီဇာတ်ကားပရောဂျက်က ၂၀၁၆ ကျွန်တော့်ရဲ့ In and out of thin layers ဆွိဒင်မှာ ပြနေတုန်းမှာပဲ စတင်လုပ်ကိုင်နေတဲ့ ပရောဂျက်ပါ။ ဘူဆန် APM ( Asia Project Market ) ၂၀၁၇ က ရွေးခဲ့တယ်။ Myanmar Script fund 2017 က ရွေးခဲ့တယ်။ နောက် 2018 Locarno, Open Door Hub မှာ ဆု နှစ်ဆုရခဲ့တယ်။ Sor Fond pitching forum 2018 က ရွေးခဲ့တယ်။ 2018 SAFF စင်ကာပူမှာ ဆုထပ်ရတယ်။ အဲဒီလိုတွေ ဖြတ်သန်းလာနေရင်း ပြီးခဲ့တဲ့ဒီဇင်ဘာလကုန်ခါနီးလောက်မှာ ကန်းရုပ်ရှင်ပွဲရဲ့ Cine' fodation ၏ L'Atliear မှ တာဝန်ရှိသူတွေက ကျွန်တော်တို့နှစ်ယောက်အတွက် New Year လက်ဆောင်ပေးချင်ပါတယ်လို့ ပြောလာတယ်။

"ကျွန်တော်တို့ ရဲ့ The Women ဇာတ်ကားပရောဂျက်ကို ကန်းရုပ်ရှင်ပွဲရဲ့ Cine'fodation ၏ L'Atliear က ရွေးချယ်ထားပါတယ်ဆိုတဲ့ သတင်းပါ။ သူတို့ ဘာကြောင့် ရွေးချယ်တယ်ဆိုတာ ပြောပါတယ်။ ကျွန်တော့်ရဲ့ ပထမ ဇာတ်ကား The Monk ကို သူတို့ ကန်းက သဘောကျတယ်။ ကြိုက်တယ်။ နောက် အခု ဒုတိယပရောဂျက် The Women ရဲ့ ဇာတ်လမ်းကို သဘောကျတယ်။ ကျွန်တော်ရိုက်ကူးမယ့် စိတ်ကူးအစီအစဉ်ကိုလည်း သဘောကျတယ်။ အဲဒါကြောင့် ဒီ The Women ဇာတ်ကားပရောဂျက်အကြောင်း နိုင်ငံတကာက ရုပ်ရှင်ထုတ်လုပ်သူတွေ သိသင့်တယ်။ ကူညီပံ့ပိုးသင့်တယ်ဆိုပြီး ကန်းရုပ်ရှင်ပွဲတော်က ရွေးချယ်ခဲ့တာပါ"ဟု ဆုရရှိသည့် ဒါရိုက်တာ သည်မော်နိုင်က ပြောသည်။

**ခင်ရတနာ**

# ကိုယ့်ခံယူချက်နှင့် ကိုယ့်ဂီတအပေါ်ခံယူထားသည်ဟု ဆိုလာသူ အဆိုတော် သျှီ

ရှစ်နှစ်ကျော်ကြာ တေးစီးရီးခွေနှင့် ဝေးကွာနေပြီး တစ်ကိုယ်တော် သီချင်းခွေပြန်လည်ထွက်ရှိရန် ပြင်ဆင်နေသူ အမျိုးသမီးရော့ခ်အဆိုရှင် "သျှီ" တစ်ယောက် ပြောင်းလဲလာသည့် ဂီတခေတ်ရေစီးကြောင်းကို ယခုလို သိခွင့်ရခဲ့သည်။

**မေး။ ။ တစ်ကိုယ်တော်ခွေ ဖန်တီးနေတယ်လို့ သိရပါတယ်။ အခွေနဲ့ပတ်သက်ပြီး ပြောပေးပါဦး။**

ဖြေ။ ။ အစ်မ အခွေလုပ်နေတာ လုံးဝအခွေက အဆုံးသတ်နေပြီ။ဒါပေမယ့် ဘယ်တော့ ထွက်မယ်ဆိုတာသာ အတိအကျ မပြောနိုင်သေးတာလေ။ ခေတ်ကလည်း ပြောင်းသွားသလို ထုတ်ရတဲ့ပုံစံကလည်း ပြောင်းသွားတယ်ဆိုတော့ ဒါကြီးကို ကိုယ်က သေသေချာချာ သပ်သပ်ရပ်ရပ်လေး နှစ်ပေါင်းများစွာ လုပ်လာတဲ့ အခွေလေ။ ပြီးတော့မှ ထွက်ခါနီးမှ ဇရမ်းဇတာ ဖြစ်သွားမှာ စိုးလို့လေ။ အဓိကကတော့ အခွေကို နားထောင်တဲ့သူတွေ လက်ထဲလည်း ရောက်ချင်တယ်။ သပ်သပ်ရပ်ရပ်လေးနဲ့ ကိုယ့်ပစ္စည်းလေးသည် ရောင်းရတာ မရောင်းရတာထက် အသပ်ရပ်ဆုံးနဲ့ အကောင်းမွန်ဆုံး ရောက်စေချင်တယ်။ အဲ့ဒါလေးကို လုပ်နေတာ ဖြစ်တဲ့အတွက် ဒီနှစ်ထဲတော့ ထွက်မယ်။ ရက်တွေ၊ လတွေတော့ သတ်မှတ်လို့ မရ သေးဘူး။

၂၀၁၀ က ထွက်ခဲ့တဲ့ ဂန္ထဝင်စကားဆိုတဲ့ အခွေနဲ့ဆိုရင် ဒီအခွေနဲ့က ရှစ်နှစ် ကြာသွားပြီ။ မျှော်တဲ့ပရိသတ် တွေကိုတော့ မျှော်ရကျိုး မနပ်စေရမယ့် အခွေမျိုး မဟုတ်ဘူး။ အစွမ်းကုန် ဒီအချိန် ဒီအခါမှာ ဒီအရွယ်မှာ ကိုယ့်ရဲ့အရာအားလုံးကို ပုံသွားတယ်။ ပရိသတ် နောင်တမရစေအောင် အစ်မလုပ်ထားပါတယ်လို့ ပြောနိုင်ပါတယ်။ ကျန်တာကတော့ သူတို့ အပိုင်းပေါ့။

**မေး။ ။ ဘယ်လို ထွက်မယ်လို့ အစ်မ အနေနဲ့ စဉ်းစားထားလဲ။**

ဖြေ။ ။ အစ်မတို့ ခေတ်က ထွက်တဲ့ ပုံစံနဲ့ မတူဘူး။ ခေတ်တော်တော်လေးကို မြန်မြန်လေး တစ်လနဲ့ တစ်လတောင် မတူဘူး။ ပုံသဏ္ဌာန်တွေက ပြောင်းနေတာဆိုတော့ အဲ့ဒါကို အစ်မတစ်ချက်စဉ်းစားလိုက်တာ။ AUDIO ကတော့ ထွက်ကိုထွက်ရမှာပေါ့။ အရုပ်ပိုင်းဆိုင်ရာကတော့ တစ်ပြိုင်တည်း ထွက်မလား၊ နောက်မှထွက်မှာလား ပြန်စဉ်းစားရမယ်။

**မေး။ ။ အစ်မတို့က ကက်ဆက်၊ စီဒီ၊ဒီဗီဒီခွေကို ဖြတ်ကျော်လာသူတစ်ယောက်အနေနဲ့ ပြောင်းလဲနေတဲ့အပေါ် ဘယ်လိုမြင်မိလဲ။**

ဖြေ။ ။ Digital Sale က အမှန်အကန် အားကိုး ရရင်တော့ အစ်မတို့အတွက် ပိုအလုပ်ဖြစ်တာပေါ့။ ခေတ်ကတော့ အမြဲ ပြောင်းလဲနေမှာပါ။ အစ်မတို့ အဲ့ဒါကို နားလည်ပါတယ်။ ကိုယ့်ခေတ်ကတော့ လျှင်လျှင်မြန်မြန်ကြီးကို ပြောင်းနေတာပါ။ သုံးသပ်လိုက်ရင်တောင် ခဏနေရင် ပြန်ပြောင်းသွားတယ်။ အကောင်းဘက်ကို ပြောင်းလဲရင်တော့ ကောင်းပါတယ်။ အေးအေးချမ်းချမ်း သီချင်းတွေကြားမှာ အစ်မတို့ ရော့ခ် သီချင်းတွေ ထွက်လာတဲ့ အခါကျ တော့ လူ တွေ က ဟာ ဘာတွေလဲ ဖြစ်ကြတယ်။ ခေတ်ရေစီးက ပြောင်းနေမှာပါပဲ။

အစ်မတို့ကျတော့ ကိုယ့်ရပ်တည်ချက်နဲ့ကိုယ် သွားတယ်။ ကိုယ့်ယုံကြည်ချက်နဲ့ကိုယ်သွားတဲ့အခါကျတော့ အများကြီး ပြောင်းလို့မရဘူး။ ခေတ်တိုင်းမှာ အားသာချက် အားနည်းချက်တော့ ရှိနေ တာပဲလေ။



**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

# ဘောလိဝုဒ် မင်းသား မဟတ်ရှ် ဘာဘူ ဒါရိုက်တာ ဆူကူမာနဲ့ လက်တွဲဖြုတ်

ဘောလိဝုဒ်မင်းသား မဟတ်ရှ် ဘာဘူဟာဆိုရင် မြန်မာပရိသတ်နဲ့ မစိမ်းတဲ့ ရုပ်ရှင်သရုပ်ဆောင်ဖြစ်ပြီး အခုထွက်ပေါ်လာတဲ့သတင်းကတော့ မဟတ်ရှ် ဘာဘူရဲ့ပရိသတ်တွေအတွက် သတင်းဆိုးတစ်ခုပါပဲ။

မဟတ်ရှ် ဘာဘူဟာ သူ့ရဲ့ 1 :Nenokkadine ဇာတ်ကားတုန်းက ဒါရိုက်တာလုပ်ခဲ့တဲ့ ဆူကူမာနဲ့ အလုပ်ဆက်လုပ်တော့မှာ မဟုတ်ဘူးလို့ တရားဝင်ကြေညာခဲ့ပါတယ်။ ဖန်တီးမှုဆိုင်ရာ သဘောထားကွဲပြားမှုတွေကြောင့် ဒါရိုက်တာဆူကူမာနဲ့ ရိုက်ကူးမယ့်ဇာတ်ကားကို မရိုက်ဖြစ်တော့ဘူးလို့ မဟတ်ရှ် ဘာဘူက တွစ်တာစာမျက်နှာကနေတစ်ဆင့် ကြေညာခဲ့ပါတယ်။ ဒါရိုက်တာဆူကူမာရဲ့ နောက်ပရောဂျက်အတွက်လည်း အကောင်းဆုံးဆုတောင်းပေးနေပါတယ်။ 1 :Nenokkadine ဇာတ်ကားဟာ အနုပညာပြောင်မြောက်မှု တစ်ခုအဖြစ်ထင်ကျန်နေမှာပါ။

ဒါရိုက်တာ ဆူကူမာနဲ့ အလုပ်တွဲလုပ်ရတဲ့ အချိန်တွေဟာ အကောင်းဆုံးအမှတ်တရတွေ ကျန်ရစ်ခဲ့ပါတယ်လို့ တွစ်တာစာမျက်နှာပေါ်မှာ ရေးသားခဲ့ပါတယ်။ မင်းသားမဟတ်ရှ် ဘာဘူဟာ Maharshi ဆိုတဲ့ဇာတ်ကားသစ်ကို ဆက်လက်ရိုက်ကူးနေပြီး ဒါရိုက်တာကတော့ Vamsi Paidipally ပဲ ဖြစ်ပါတယ်။ မိုက်ခရိုဆော့ဖ်စီအီးအိုရဲ့ဘဝဇာတ်ကြောင်းကိုအခြေခံပြီး ရိုက်ကူးထားတဲ့ ဇာတ်လမ်းလည်းဖြစ်ပါတယ်။

**ဘောလိဝုဒ်လိုက်ဖ်**



# အမေရိကန်ရုပ်ရှင်သရုပ်ဆောင် လူ့ခ် ပယ်ရီ အသက် ၅၂နှစ်အရွယ်တွင် သေဆုံး

အမေရိကန်ရုပ်ရှင်သရုပ်ဆောင် လူ့ခ်ပယ်ရီဟာ အသက် ၅၂ နှစ်အရွယ်မှာပဲ ကယ်လီဖိုးနီးယားမှာကွယ်လွန်သွားပြီဖြစ်ပါတယ်။ လေသင်တုန်းဖြတ်ပြီး တစ်ပတ်အတွင်းမှာပဲ သေဆုံးသွားခဲ့တာဖြစ်ပါတယ်။ ပယ်ရီဟာ မိသားစု ၊ မိတ်ဆွေအပေါင်းအသင်းတွေရဲ့အလယ်မှာပဲ သေဆုံးသွားခဲ့တယ်လို့ သူ့ရဲ့လူမှုဆက်ဆံရေးအရာရှိက ပြောပါတယ်။

Riverdale ဇာတ်လမ်းတွဲ ရိုက်ကူးခဲ့တဲ့ လော့စ်အိန်ဂျလိစ်မြို့က ဆေးရုံပေါ်ကို ဖေဖော်ဝါရီ ၂၇ ရက်က တင်လိုက်ရပါတယ်။ အခုအချိန်ထိတော့ သူသေဆုံးရတဲ့ အသေးစိတ် အချက်အလက်ကို မိသားစုက ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိသေးပါဘူး။ ပယ်ရီသေဆုံး ပြီးတဲ့နောက်မှာတော့ Riverdale ဇာတ်ကားထုတ်လုပ်မှုဟာလည်း ရပ်ဆိုင်းသွားပြီ လို့ အမေရိကန် မီဒီယာတွေက ဖော်ပြကြပါတယ်။

ပယ်ရီဟာ Riverdale အဖွဲ့သားတွေအတွက် အလွန်ချစ်မြတ်နိုးစရာကောင်းတဲ့ လူပါလို့ Riverdale အဖွဲ့သားတွေက ပြောပါတယ်။ အခုဆိုရင်အနုပညာရှင်တွေကလည်း ပယ်ရီ သေဆုံးသွားမှုအတွက် ဝမ်းနည်းကြောင်းစကားတွေ ဆိုခဲ့ကြပါတယ်။ ပယ်ရီဟာ Beverly Hills 90210 ဇာတ်ကားနဲ့ Riverdale ဇာတ်လမ်းတွဲတို့နဲ့ အောင်မြင်ကျော်ကြားခဲ့သူဖြစ်ပါတယ်။ လာမယ့် ဇူလိုင်လအတွင်းမှာ ရုံတင်မယ့် Once upon a Time in Hollyood ဇာတ်လမ်းမှာလည်း ပါဝင်ထားပါသေးတယ်။

**စီအင်န်အင်န်**





## ဥပဒေအတွေးရေးပါရစေ အပိုင်း (၁၆၃)

# သက်သေများ၏ တန်ဖိုး

**ဦးဟန်ညွန့် (ဥပဒေ)**

### သက်သေအမျိုးမျိုး

သက်သေအမျိုးမျိုးအကြောင်း ပြီးခဲ့သောအပတ်က တင်ပြခဲ့ပြီးပါပြီ။ ယခုတစ်ပတ်တွင် သက်သေများ၏ တန်ဖိုးအကြောင်း တင်ပြပါရစေ။ တရားရုံးအသီးသီး၊ ဌာနအသီးသီးတွင် သက်သေအမျိုးမျိုးကို တွေ့ကြုံရသည်။ စစ်မေးရသည်။ လွတ်လပ်သော သက်သေ၊ မလွတ်လပ်သော သက်သေဟူ၍ အကြမ်းအားဖြင့် တွေ့ရသည်။ အမှုတစ်မှုအတွက် သက်သေသည် အဓိကကျပေသည်။ အဓိကကျသော သက်သေကြောင့် အမှုပျက်ရခြင်း၊ အဓိကကျသော သက်သေကြောင့် တရားခံမှာ ကြီးလေးသော ပြစ်ဒဏ်ကျခံရခြင်းမျိုးများ ရှိနိုင်ပေသည်။

### တရားသူကြီး၏ တာဝန်

တရားသူကြီး၏ တာဝန်က တရားရုံးတစ်ရုံး၏ အဓိကဇာတ်လိုက်ဖြစ်ပါသည်ဟု ရေးပါရစေ။ သက်သေ ဘာထွက်မှာလဲ။ သက်သေဘာပြောမှာလဲ။ အမှုလမ်းကြောင်းက ဘာလဲ။ အမှုလမ်းကြောင်း မတိမ်းစောင်းအောင် ဘယ်သူက ဦးဆောင်မှာလဲ။ တရားသူကြီးပါပဲခင်ဗျား။

### ရုံးမေး

တရားသူကြီးသည် အမှုမှန်ရရှိရေးအတွက် သက်သေများကို အချိန်အခါမရွေး ဝင်ရောက်မေးမြန်းနိုင်သည်။ ထိုသို့မေးမြန်းသည့် ရည်ရွယ်ချက်မှာ အမှုမှန်ဖော်ထုတ်ရေးသာလျှင် သက်သက်ဖြစ်ရမည်။ တရားခံကို လွတ်စေလိုသော သဘော၊ သို့မဟုတ် တရားခံကို ထောင်ကျစေလိုသော သဘောမျိုးမပြုလုပ်အပ်။

အစိုးရရှေ့နေကြီးဘက်က သက်သေများအား အဓိကမေးမြန်းနေစဉ်ဖြစ်စေ၊ တရားခံ၏ ရှေ့နေကြီးက ပြန်လှန်မေးခွန်းမေးမြန်း နေသည့်အချိန်တွင်ဖြစ်စေ တရားသူကြီးသည် အမှုနှင့်ပတ်သက်၍ ဝင်ရောက်မေးမြန်းနိုင်သည်။ သို့ရာတွင် ထိုသို့မေးမြန်းရာ၌ တရားသူကြီးသတိပြုရန်မှာ မိမိမေးသော မေးခွန်းသည် ရှေ့နေ၏ မေးခွန်းမျိုးမဖြစ်စေဘဲ ရုံးမေးခွန်းမျိုးဖြစ်စေရန် လိုအပ်သည်။ ထို့ကြောင့် ရုံးမေးဟူ၍ ဖော်ပြရန်လိုအပ်သည်။ သို့မှသာလျှင် အယူခံရုံးက မည်သည့်မေးခွန်းကို မည်သူကမေးထား၍ သက်သေက ဖြေဆိုထားသည်ကို သိနိုင်ပေမည်။ သက်သေထွက်ရာ၌ မရှင်းလင်းသော အချက်အလက်များရှိလျှင် ရုံးက မေးနိုင်ပေသည်။ ယင်းသို့ မေးရာတွင် ရုံးမေးဟု ခေါင်းစဉ်တပ်ရန် မမေ့ဖို့ လိုအပ်ကြောင်း စီရင်ထုံးများက ထောက်ပြသတိပေးထားပေသည်။

### ဖြစ်ရပ်အမှန်

အမှုတစ်မှု၏ ဖြစ်ရပ်အမှန်က ဘာလဲ။ တရားလိုသို့မဟုတ် တရားခံတစ်ဦး၏ မတတ်ကျွမ်း မလိမ်မာမှုကြောင့် ဖြစ်ရပ်အမှန်ကို တင်ပြနိုင်ခြင်းမရှိသည့် အမှုမျိုးကြုံတွေ့တတ်ပေသည်။ ထိုအခါ ဖြစ်ရပ်အမှန်ကို ပေါ်လွင်ထင်ရှားလာအောင် စစ်ဆေးဖော်ထုတ်ဖို့ တာဝန်မှာ တရားသူကြီး၏ တာဝန်ဖြစ်လာရသည်။

အမှန်တရားဖော်ထုတ်ရေးကို အဓိကမထားဘဲ ဒိုင်လူကြီးအနေဖြင့်သာ အဆုံးအဖြတ်ပေးလျှင် တရားသူကြီး၏တာဝန် ကျေပွန်လိမ့်မည်မဟုတ်ပေ။ စွပ်စွဲခံရသူအဖို့လည်း မသက်သာ၊ တိုင်းပြည်အတွက်လည်း အကျိုးယုတ်စေမည့်အကြောင်းမဲ့ ရာဇဝတ်ပြစ်မှု ကျူးလွန်သည်ဟု ရုံးတင်တရားစွဲခြင်းမပြုအပ်သည်ကိုလည်း သတိချပ်ဖို့လိုသည်။

### အမှန်ကို ဖော်ထုတ်ရန်

အမှုစစ်တရားသူကြီးများသည် မိမိကိုယ်ကို ဒိုင်လူကြီးများသဖွယ်သာလျှင် မှတ်ယူရန် မဟုတ်။ အမှန်ကို ဖော်ထုတ်ရန်အတွက် ဆီလျော်သည့် မေးခွန်းကို မေးမြန်းသင့်ကြောင်း၊ ထိုကဲ့သို့ အမှန်ကို ဖော်ထုတ်ရန်အတွက် လျော်ကန်သင့်မြတ်သည့် မေးခွန်းများကို မေးမြန်းနိုင်ရန် ဥပဒေအာဏာများ အပ်နှင်းထားခြင်းဖြစ်ပေသည်။ သက်သေက မေ့လျော့ပြီး ချန်လှပ်ထားရုံကာမျှဖြင့် ပစ္စည်းရှာစာရင်းတွင် အသေအချာဖော်ပြထားသော ပစ္စည်းမပါဝင်ဟု မယူဆနိုင်ကြောင်း စီရင်ထုံးတစ်စောင်တွင် ဖော်ညွှန်းခဲ့ပေသေးသည်။

### တရားရုံးများကို ယုံကြည်

တရားရုံးများကို ပြည်သူတို့ ယုံကြည်အားကိုးကြလျှင် စိတ်ချမ်းမြေ့ကြမည်။ စည်းလုံးညီညာကြမည်။ အစိုးရအပေါ်လည်း မေတ္တာထားကြမည်။ ထို့ကြောင့် ပြည်သူတို့ ယုံကြည်အားကိုးနိုင်သော တရားစီရင်ရေးဖြစ်ထွန်းစေရန် အမြဲတစေ ဆော်ဩနှိုးဆော်ခြင်း၊ ဝါယမစိုက်ထုတ်ခြင်း ပြုလျက်ရှိကြသည်ဟု စီရင်ထုံးများတွင် သမိုင်းမော်ကွန်းရေးထိုးခဲ့သည်။

တရားစီရင်ရသော ပုဂ္ဂိုလ်တို့သည်စေတနာထား၍ ကြိုးစားကြရန်လိုသည်။ တရားစီရင်ရေးအာဏာသည် ထင်သလိုသုံးရန် ကိုယ်ပိုင်အာဏာမဟုတ်။ အများအကျိုးနှင့် အမှန်ကို ဖြစ်စေရန် ပြည်သူက ယုံကြည်အပ်နှင်းထားသော အာဏာဖြစ်သည်ဟု မပြတ်သတိချပ်ဖို့ လိုသည်ဟုလည်း စီရင်ထုံးများက ထောက်ပြသတိပေးခဲ့ပြီးဖြစ်ပေသည်။

### ဆန်ကွဲနှင့်ဖွဲ


ကျောက်ဖြုန်းများထဲမှ ကျောက်ကောင်း၊ စပါးလုံး၊ ဆန်အကျိုး၊ ဆန်ကွဲ၊ ဖွဲ၊ ကြွက်ချေး၊ ထုံး၊ သဲ၊ ခဲတို့မှ ဆန်စေ့အကောင်းများကို ရွေးထုတ်သည့်ပမာ အမှန်တရားကို ရှာဖွေဖော်ထုတ်အပ်ကြောင်း အတွေ့အကြုံများသည့် ဥပဒေပညာရှင်ကြီးများက ထောက်ပြသတိပေးထားပေသည်။

### သက်သေခံမဝင်သော

သက်သေက မည်သို့ထွက်ထွက်၊ သက်သေခံဥပဒေဖြင့် တိုင်းတာကြရသည်။ သက်သေခံဝင်၊ မဝင်၊ ပီပြင်မှုရှိ၊ မရှိ၊ ဥပဒေနှင့် ညီ၊ မညီ စသည်ဖြင့် ဥပဒေပညာရှင်များက စဉ်းစားသုံးသပ်ကြရသည်။ ဆုံးဖြတ်ကြရသည်။ သက်သေ၏တန်ဖိုးကို ပိုင်းဖြတ်ရပေသည်။ ဤသက်သေ၏ တန်ဖိုးသည် ဤအမှုတွင် မည်မျှထိုက်တန်ပါသနည်း။ သက်သေခံမဝင်သော အချက်ဖြစ်ပါက အချိန်ကုန်လူပန်းသာ ဖြစ်ပေလိမ့်မည်။

### စပ်ဆိုင်သည့် သက်သေခံချက်

သက်သေခံဥပဒေပုဒ်မ ၁၃၆ ကို ရည်ညွှန်းပါရစေ။ တရားရုံးရှေ့တွင် တင်ပြလာသော သက်သေခံ



### သက်သေ

သက်သေများကို ကောင်းစွာ စစ်ဆေးပါ။ ယုံကြည်ထိုက်၊ မထိုက်၊ ခိုင်လုံသည်၊ မခိုင်လုံသည် ချိန်ဆသုံးသပ်ပါ။ စွပ်စွဲသည့်အတိုင်း မှန်၊ မမှန် ဆုံးဖြတ်ပါ။ တရားရုံး၏ တာဝန်သာ။

သက်သေအထောက်အထားနှင့် တရားရုံး၏ ဆင်ခြင်တုံတရားသည် အမှန်အမှား၏ အဓိကအချက်ဖြစ်ပေသည်။ ဒင်္ဂါးပြားတစ်ပြား၏ ခေါင်းနှင့်ပန်းပမာ နှိုင်းစရာဖြစ်ပေသည်။ အမှန်တရားကိုသာ မျက်ခြည်မပြတ်ဖော်ထုတ်ဖို့ ဖြစ်သည်။

### မုသား

သက်သေတိုင်း မမှန်ပါ။ မုသားသက်သေရှိပေသည်။ အမှန်နှင့်မုသားရောနှော၍ ပြောသူများလည်း ရှိသည်။ တစ်ဆင့်ကြားစကားပြောသူများလည်း ရှိသည်။ အထင်နှင့်မှန်းဆ၍ ပြောသူများလည်း ရှိသည်။ တမင်သက်သက် မမှန်ကန်သော သက်သေခံချက်ကို လုပ်ကြံတင်ပြသူလည်း ရှိသည်။ ရန်ကိုကြောက်၍ အမှန်မပြောဝံ့သူလည်း ရှိသည်။ အချိန်ကြာသွား၍ မေ့သောသက်သေလည်း ရှိသည်။ အမှုပတ်မည်စိုး၍ တွန့်ဆုတ်၊ တွန့်ဆုတ်ဖြစ်နေသော သက်သေများလည်း ရှိသည်။ အခြေအနေပေါင်းစုံ၊ သက်သေမျိုးစုံ တွေ့ကြုံတတ်ပေသည်။

အထောက်အထားများအနက် စပ်ဆိုင်သည့် သက်သေခံချက်များကို လက်ခံရပေသည်။ မစပ်ဆိုင်သော အကြောင်းခြင်းရာများကို သက်သေခံတင်ပြလာလျှင် ချက်ချင်းပယ်သည့်အမိန့်ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားချက်အတိုင်း အဆုံးအဖြတ်ပေးနိုင်ရန်အတွက် သက်သေခံဥပဒေကို ကောင်းစွာနားလည်သဘောပေါက်ထားရန် လိုအပ်သည်။

ရဲထံထွက်ဆိုချက်များ၊ သက်သေခံမဝင်သော ဖြောင့်ချက်များကို လက်မခံမိဖို့ သတိပြုအပ်သည်။ ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊ မှတ်တမ်းတင်ခြင်းဖြင့် သက်သေများ၏ တန်ဖိုးကို ရယူသင့်ကြပေသည်။

ရပ်ထဲရွာထဲ၊ ဈေးထဲမှာ ပြောစကားကို တရားရုံးရှေ့ဥပဒေစကား(သက်သေခံဝင်သော စကား)အဖြစ် ဥပဒေဘောင်ဝင်အောင် စွမ်းဆောင်ရပေမည်။ သက်သေ တန်ဖိုးကား ကြီးမားလှပေသည်။ ဥပဒေပေတံဖြင့်သာ သက်သေများ၏ တန်ဖိုးဖြတ်ကြပေမည်။

### စေတနာ

သက်သေအမျိုးမျိုးကို စစ်မေးသည့်အတွေ့အကြုံများက သင်ခန်းစာများ ရပေသည်။ ထိုသင်ခန်းစာများအကြောင်း တွေးခေါ်မိသော ကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာပါ...။ ။

**“တရားသူကြီးသည် အမှုမှန်ရရှိရေးအတွက် သက်သေများကို အချိန်အခါမရွေး ဝင်ရောက်မေးမြန်းနိုင်သည်။ ထိုသို့မေးမြန်းသည့် ရည်ရွယ်ချက်မှာ အမှုမှန်ဖော်ထုတ်ရေးသာလျှင် သက်သက်ဖြစ်ရမည်။ တရားခံကို လွတ်စေလိုသောသဘော၊ သို့မဟုတ် တရားခံကို ထောင်ကျစေလိုသော သဘောမျိုး မပြုလုပ်အပ်”**

# ငါးမွေးမြူရေးဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်း ဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှ အဆက်*

**အခန်း(၆)**

**လိုင်စင်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း**

၁၄။ ပုဒ်မ ၁၀ ပါ အငှားဂရန်ရရှိသူကဖြစ်စေ၊ ပုဒ်မ ၁၃ ပါ အငှားဂရန်လျှောက်ထားရန် မလိုအပ်သူကဖြစ်စေ အောက်ပါငါးမွေးမြူခြင်းလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုလျှင် လိုင်စင်ရရှိရန် သက်ဆိုင်ရာဦးစီးဌာနမှူးထံသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်-

(က) ဝန်ကြီးဌာနက ပုဒ်မ ၄ အရ စီမံခန့်ခွဲနိုင်ခွင့်ရှိသော ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေးရေပြင်တွင် ငါးမွေးမြူခြင်းလုပ်ငန်း လုပ်ကိုင်ခြင်း၊

(ခ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုက လက်ဝယ်ထားသည့်မြေနှင့် ရေပြင်တွင် ယင်းအစိုးရဌာန၊ အဖွဲ့အစည်း၏ သဘောတူညီချက်ဖြင့် ငါးမွေးမြူခြင်းလုပ်ငန်းလုပ်ကိုင်ခြင်း၊

(ဂ) လယ်ယာမြေတွင်လယ်ယာမြေဥပဒေနှင့်အညီ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ခွင့်ပြုချက်အရ ငါးမွေးမြူခြင်းလုပ်ငန်း လုပ်ကိုင်လိုခြင်း၊

(ဃ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမြေတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့်အညီ ဗဟိုကော်မတီက ခွင့်ပြုချက်အရ ငါးမွေးမြူခြင်းလုပ်ငန်း လုပ်ကိုင်လိုခြင်း၊

(င) စီးပွားဖြစ် ငါးမွေးမြူခြင်း၊ ငါးသားဖောက်ခြင်း၊ သဘာဝရေပြင်မှ ငါးသားပေါက်စုဆောင်းခြင်း၊ ရောင်းချခြင်း၊ သားပေါက်နှင့် မျိုးငါးများ ပြုစုခြင်းလုပ်ငန်း၊

(စ) စီးပွားဖြစ် အလှမွေးငါးမွေးမြူရေး၊ သားဖောက်ရေး၊ ရောင်းချရေး၊ စုဆောင်းရေးလုပ်ငန်းနှင့် မျိုးငါးစုဆောင်းရေးလုပ်ငန်း၊

(ဆ) လိုင်စင်ရယူရန် ဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသော အခြားငါးမွေးမြူခြင်း လုပ်ငန်းများ။

၁၅။ သက်ဆိုင်ရာဦးစီးဌာနမှူးသည် -

(က) ပုဒ်မ ၁၄ အရ လိုင်စင်လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက သတ်မှတ်ထားသော လိုင်စင်ခပေးသွင်းစေပြီး လိုင်စင်သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ လိုင်စင်ထုတ်ပေးနိုင်သည်။

၁၆။ လိုင်စင်ရရှိသူသည် -

(က) လိုင်စင်တွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ငါးမွေးမြူခြင်းလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုအစီရင်ခံစာနှင့် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ တောင်းခံသောစာရင်းဇယား၊ အချက်အလက်များကို တင်ပြရမည်။

(ဂ) အကြောင်းတစ်စုံတစ်ရာကြောင့် လုပ်ငန်းဆက်လက်လုပ်ကိုင်နိုင်မှု မရှိခြင်း သို့မဟုတ် အခြားသူတစ်ဦးကို လွှဲပြောင်းလိုပါက သတ်မှတ်ချက်များနှင့်အညီ စာဖြင့် ဦးစီးဌာနမှူးထံသို့ တင်ပြ၍ ခွင့်ပြုချက်ရယူရမည်။

(ဃ) လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် ငါးမွေးမြူခြင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ သက်ဆိုင်ရာဦးစီးဌာနမှူးထံသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထား၍ လိုင်စင်သက်တမ်းတိုးမြှင့်ပြီးမှ လုပ်ငန်းဆက်လက်ဆောင်ရွက်ရမည်။

**အခန်း(၇)**

**အခကြေးငွေ ပေးဆောင်ခြင်း**

၁၇။ ဦးစီးဌာနသည် အငှားဂရန်ကြေး၊ လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေးစသည့် အခကြေးငွေများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ရမည်။

၁၈။ လိုင်စင်ရရှိသူသည်ပုဒ်မ ၁၇ အရ သတ်မှတ်ထားသော လိုင်စင်နှင့် စပ်လျဉ်း၍ စည်းကြပ်ကောက်ခံသည့် အခကြေးငွေကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာဦးစီးဌာနမှူးထံသို့ လည်းကောင်း၊ အငှားဂရန်ရရှိသူသည် သတ်မှတ်ထားသော အငှားဂရန်ကြေးနှင့်စပ်လျဉ်းသည့် အခကြေးငွေကို ဦးစီးဌာနသို့ လည်းကောင်း ပေးဆောင်ရမည်။

၁၉။ သက်ဆိုင်ရာဦးစီးဌာနမှူးသည် လိုင်စင်နှင့်စပ်လျဉ်း၍ စည်းကြပ်ကောက်ခံသည့် အခကြေးငွေကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာငွေအရအသုံးငွေစာရင်းသို့လည်းကောင်း၊ ဦးစီးဌာနသည် အငှားဂရန်နှင့်စပ်လျဉ်း၍ စည်းကြပ်ကောက်ခံသည့် အခကြေးငွေကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းသို့ လည်းကောင်း ပေးသွင်းရမည်။

၂၀။ အငှားဂရန်နှင့်လိုင်စင်ဆိုင်ရာ အခကြေးငွေပေးဆောင်ရန် ပြဋ္ဌာန်းချက်သည် ဦးစီးဌာနက ဆောင်ရွက်သော ငါးမွေးမြူခြင်းလုပ်ငန်းများ၊ ငါးသားဖောက်ခြင်းလုပ်ငန်းများ၊ ငါးမွေးမြူရေးဆိုင်ရာသုတေသနလုပ်ငန်း သို့မဟုတ် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မသက်ဆိုင်စေရ။

**အခန်း(၈)**

**စစ်ဆေးခြင်းနှင့် အရေးယူခြင်း**

၂၁။ ဦးစီးဌာနသည် -

(က) ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် ဦးစီးဌာနက သတ်မှတ်ထားသော စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း ရှိ မရှိစစ်ဆေးခြင်း၊ အရေးယူခြင်းပြုရန် စစ်ဆေးရေးမှူးများကို တာဝန်ပေးအပ်ရမည်။

(ခ) စွန့်ပစ်ရေဆိုးများ၊ ဓာတုပစ္စည်းများ၊ ပိုးသတ်ဆေးများ၊ ရေထုညစ်ညမ်းစေသော အရာများဝင်ရောက်မှုနှင့် စွန့်ထုတ်မှုတို့မရှိစေရေးအတွက် စစ်ဆေးရေးမှူးများကို တာဝန်ပေးအပ်ရမည်။

၂၂။ စစ်ဆေးရေးမှူးများသည် အောက်ပါတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်-

(က) မိမိတာဝန်ခံရသည့် နယ်မြေအတွင်း၌ဖြစ်စေ၊ သီးခြားတာဝန်ပေးအပ်သည့် နယ်မြေအတွင်း၌ ဖြစ်စေ၊ ငါးလုပ်ငန်းဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများကို စစ်ဆေးခြင်း၊

(ခ) ငါးလုပ်ငန်းဆိုင်ရာနေရာနှင့် အဆောက်အအုံများအတွင်းသို့ သတ်မှတ်ချက်နှင့်အညီ ဝင်ရောက်စစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ ဤဥပဒေပါပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်သူများအား ဖမ်းဆီးခြင်းနှင့် အရေးယူခြင်း၊

(ဂ) ပုဂ္ဂလိကငါးမွေးမြူရေးရေပြင်များနှင့် ငါးမွေးကန်များတွင်စွန့်ပစ်ရေဆိုးများ၊ ဓာတုပစ္စည်းများ၊ ပိုးသတ်ဆေးများ၊ရေထုညစ်ညမ်းစေသော အရာများဝင်ရောက်မှုနှင့် စွန့်ထုတ်မှုတို့မရှိစေရေးအတွက် ဆောင်ရွက်စေခြင်းနှင့် စစ်ဆေးခြင်း၊

(ဃ) ပြစ်မှုနှင့်သက်ဆိုင်သည့် ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် သတ်မှတ်ပုံစံဖြင့် သိမ်းဆည်းခြင်း၊

(င) သိမ်းဆည်းရမိသောပုပ်သိုးပျက်စီးလွယ်သည့် ငါးနှင့်ပိုင်ရှင်မဲ့သိမ်းဆည်းရမိသောအခြားပစ္စည်းများအား တရားရုံးသို့ တရားစွဲဆိုတင်ပို့ခြင်းမပြုဘဲ ဦးစီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ခွင့်ပြုချက်ရယူ၍ ထုခွဲရောင်းချပြီး ရရှိသောငွေများကို ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်သက်ဆိုင်ရာ ငွေစာရင်းသို့ပေးသွင်း၍ သတ်မှတ်ထားသည့် ဘဏ်သို့အပ်နှံခြင်း၊

(စ) အမိန့်ကြော်ငြာစာထုတ်ပြန်၍ တားမြစ်ထားသော ငါးများကို ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် သုတေသနပြုလုပ်ရန်နှင့် အများပြည်သူအား အသိပေးပြသရန်မှတစ်ပါး ငါးသားဖောက်ခြင်း၊ ငါးမွေးမြူခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လက်ဝယ်ထားခြင်း သို့မဟုတ် သိုလှောင်ခြင်း မပြုရန်တားမြစ်ခြင်းနှင့် စစ်ဆေးခြင်း၊

(ဆ) ဦးစီးဌာနက အခါအားလျော်စွာ ပေးအပ်သောငါးလုပ်ငန်းနှင့် သက်ဆိုင်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

**အခန်း(၉)**

**စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူခြင်း**

၂၃။ လိုင်စင် သို့မဟုတ် အငှားဂရန်ရရှိသူက လိုင်စင် သို့မဟုတ် အငှားဂရန်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ လိုင်စင် သို့မဟုတ် အငှားဂရန်ကို မမှန်မကန်လိမ်လည်လျှောက်ထားလျှင် သော်လည်းကောင်း၊ ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း သက်ဆိုင်ရာဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) စာဖြင့်သတိပေးပြီး သတ်မှတ်သည့်ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊

(ဂ) အငှားဂရန် သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်ခြင်း။

၂၄။ (က) အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူသည်အငှားဂရန် သို့မဟုတ် လိုင်စင်ကို ယာယီရပ်ဆိုင်းကြောင်း အမိန့်ချမှတ်ထားသည့် ကာလအတွင်းဖြစ်စေ၊ ပယ်ဖျက်ကြောင်း အမိန့်ချမှတ်ထားလျှင်ဖြစ်စေ လုပ်ငန်းလုပ်ကိုင်ခြင်းမပြုဘဲ ရပ်ဆိုင်းထားရမည်။

(ခ) ပုဒ်မခွဲ(က)အရ ရပ်ဆိုင်းထားရမည့်လုပ်ငန်းကို ရပ်ဆိုင်းခြင်းမရှိဘဲ ဆက်လက်လုပ်ကိုင်ပါက အငှားဂရန် သို့မဟုတ် လိုင်စင်မရှိဘဲ လုပ်ကိုင်သည်ဟု မှတ်ယူခြင်းခံရမည်။

**အခန်း (၁၀)**

**အယူခံခြင်း**

၂၅။ (က) ဤဥပဒေအရ ချမှတ်သည့် သက်ဆိုင်ရာဦးစီးဌာနမှူး၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် လက်ခံရရှိသောနေ့မှ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ(က) အရ အယူခံမှုကို စိစစ်ပြီး သက်ဆိုင်ရာဦးစီးဌာနမှူးက ချမှတ်ထားသည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် သင့်လျော်သော အမိန့်တစ်ရပ်ရပ် ချမှတ်ခြင်းပြုနိုင်သည်။

၂၆။ (က) ပုဒ်မ ၂၃အရချမှတ်သည့် ဦးစီးဌာန၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုလည်းကောင်း၊ ပုဒ်မ ၂၅ပုဒ်မခွဲ (ခ)အရ အယူခံမှုတွင် ချမှတ်သည့် ဦးစီးဌာန၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုလည်းကောင်း မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် လက်ခံရရှိသောနေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

(ခ) ဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) အရ အယူခံမှုကို စိစစ်ပြီး ဦးစီးဌာနက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် သင့်လျော်သော အမိန့်တစ်ရပ်ရပ် ချမှတ်ခြင်းပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဝန်ကြီးဌာန၏ စီမံခန့်ခွဲရေးနည်းလမ်းအရ ချမှတ်သော ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၂၇။ ဤအခန်းပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ အယူခံရာတွင် ဒဏ်ကြေးငွေပေးဆောင်စေရန်ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အယူခံခြင်းဖြစ်ပါက ထိုငွေကို သတ်မှတ်ချက်များနှင့်အညီ ပေးသွင်းပြီးမှသာ အယူခံခွင့်ရှိသည်။ အယူခံရာတွင် အနိုင်ရရှိပါက လျှောက်ထားသူ ပေးသွင်းထားသော ဒဏ်ကြေးငွေကို သတ်မှတ်ချက်များနှင့်အညီ ပြန်လည်ထုတ်ပေးရမည်။

**အခန်း (၁၁)**

**အငှားဂရန် သို့မဟုတ် လိုင်စင် ပျက်ပြယ်ခြင်းနှင့် ပျက်စီးပျောက်ဆုံးခြင်း**

၂၈။ (က) အငှားဂရန် သို့မဟုတ် လိုင်စင်သည် အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့် အခါပျက်ပြယ်သည် -

(၁) သက်တမ်းကုန်ဆုံးခြင်း၊

(၂) ပယ်ဖျက်ခံရခြင်း၊

(၃) လုပ်ငန်းကို ဆက်လက်မလုပ်ကိုင်လို၍ ပြန်လည်အပ်နှံခြင်း။

(ခ) ပုဒ်မခွဲ(က) အရ ပျက်ပြယ်သောနေ့ရက်မှ ၁၅ ရက်အတွင်း အဆိုပါ အငှားဂရန် သို့မဟုတ် လိုင်စင်ကို ထုတ်ပေးသည့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနသို့ ပြန်လည်အပ်နှံရမည်။

(ဂ) ပုဒ်မခွဲ (ခ)အရ ပြန်လည်အပ်နှံခြင်းမပြုဘဲ ဆက်လက်လုပ်ကိုင်ပါက အငှားဂရန် သို့မဟုတ် လိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သူအဖြစ် အရေးယူခြင်းခံရမည်။

၂၉။ (က) အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူသည် အငှားဂရန် သို့မဟုတ် လိုင်စင်မူရင်းမှာ ပျက်စီးပျောက်ဆုံးသဖြင့် မိတ္တူထုတ်ပေးထားပြီးဖြစ်ပါက ထိုပျက်စီးပျောက်ဆုံးသွားသည်ဟုဆိုသော မူရင်းအငှားဂရန် သို့မဟုတ် လိုင်စင်ကို ဆက်လက် သုံးစွဲခြင်းမပြုရ။

(ခ) ပုဒ်မခွဲ (က)အရ ပျက်စီးပျောက်ဆုံးသွားသည်ဟုဆိုသော မူရင်းအငှားဂရန် သို့မဟုတ် လိုင်စင်ကို ဆက်လက်သုံးစွဲပါက အငှားဂရန် သို့မဟုတ် လိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သူအဖြစ် အရေးယူခြင်းခံရမည်။

၃၀။ အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူသည် ၎င်း၏အငှားဂရန် သို့မဟုတ် လိုင်စင် ပျက်စီးပျောက်ဆုံးပါက ပျက်စီးပျောက်ဆုံးသည့်နေ့မှစ၍ ၁၅ ရက်အတွင်း သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနသို့ အငှားဂရန် သို့မဟုတ် လိုင်စင်မိတ္တူထုတ်ပေးရန် ခိုင်လုံသောအထောက်အထားဖြင့် ပြန်လည်လျှောက်ထားရမည်။ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနက မိတ္တူထုတ်ပေးသည့်အခါ သတ်မှတ်ထားသည့် ဒဏ်ကြေးကို ပေးဆောင်ရမည်။

**အခန်း(၁၂)**

**တားမြစ်ချက်များ**

၃၁။ မည်သူမျှပုဒ်မ ၃၈ အရ ကင်းလွတ်ခွင့်ပြုထားသည့် မိသားစုတစ်အိမ်ထောင်စားသုံးရန် ငါးမွေးမြူခြင်းမှတစ်ပါး ပုဒ်မ ၁၄ ပါ လိုင်စင်ရယူရန် သတ်မှတ်သော ငါးမွေးမြူခြင်းလုပ်ငန်းတစ်ရပ်ရပ်ကို လိုင်စင်မရှိဘဲ လုပ်ကိုင်ခြင်း မပြုရ။

၃၂။ (က) မည်သည့် အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူမျှ ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ အငှားဂရန် သို့မဟုတ် လိုင်စင်ကို အခြားသူတစ်ဦးဦးအား လွှဲပြောင်းခြင်း မပြုရ။

(ခ) မည်သူမျှ အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူထံမှအငှားဂရန် သို့မဟုတ် လိုင်စင်ကို ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ လွှဲပြောင်းလက်ခံ၍ ငါးမွေးမြူခြင်းလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ။

၃၃။ မည်သူမျှ -

(က) ငါးမွေးမြူရေးရေပြင်တွင်ရေကြောင်းသွားလာမှုနှင့် ရေစီးရေလာများကို အဟန့်အတားဖြစ်စေခြင်း၊ ရေထုညစ်ညမ်းစေခြင်း သို့မဟုတ် ပတ်ဝန်းကျင်ကို ထိခိုက်စေခြင်းမပြုရ။

(ခ) ဦးစီးဌာနက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်၍တားမြစ်ထားသောငါးကို သားဖောက်ခြင်း၊ မွေးမြူခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်း မပြုရ။

**အခန်း(၁၃)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၃၄။ မည်သူမဆို ပုဒ်မ၃၁ သို့မဟုတ် ၃၂ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးလမှ အများဆုံးတစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင်၊ အနည်းဆုံး ငွေကျပ်တစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

*စာမျက်နှာ ၂၁ သို့*

# လေးညှင်းနှင့် ဇာတိပ္ဖိုလ်အစွမ်း

**ဖိုးကျား (ဆေးဝါး)**

မြန်မာပြည်သားများသည် လေးညှင်းပင်နှင့် ဇာတိပ္ဖိုလ်ပင်များ စိုက်ပျိုးရေးကို စိတ်မဝင်စားကြသည်မှာ မည်သည့်အကြောင်းကြောင့်ဖြစ်သည်ကို စာရေးသူအနေဖြင့် စဉ်းစား၍မရပါ။

ဤဆေးဖက်ဝင်အပင်နှစ်မျိုးကို ၁၉၇၅ ခုနှစ်များက အပင်ကို စိုက်ပျိုးကြရန် ထိုခေတ်အခါရှိ နိုင်ငံတော်အစိုးရက ပြည်သူများကို အသိပေးနှိုးဆော်ခဲ့ပေသည်။ စာရေးသူအနေဖြင့်လည်း ၁၉၇၈ ခုနှစ် မြန်မာ့အလင်းသတင်းစာတွင် ဆောင်းပါးရေးကာ အချက်အလက်ပြည့်စုံစွာဖြင့် တိုက်တွန်းနှိုးဆော်ခဲ့ဖူးပါသည်။

**ဆက်လက်ကြိုးစား**

ထိုနှစ်ကာလများအတွင်း လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး ရဲခေါင်သည် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ စိုက်ပျိုးရေးဦးစီးဌာနရုံးချုပ် အနီးရောင်အဆောက်အအုံကြီး၌ အထူးအစည်းအဝေးပြုလုပ်စေခဲ့သည်။ ထိုအစည်းအဝေးသို့ စာရေးသူကိုလည်း ဖိတ်ခေါ်ခဲ့သည်။ ဆွေးနွေးခဲ့ကြသည်မှာ ဇာတိပ္ဖိုလ်ပင်များကို စိုက်ပျိုးရေး သုတေသနခြံများတွင် စိုက်ပျိုးကြရာ ပွင့်ပြီးသီးကြသော်လည်း ထိုအသီးများသည် ရင့်မှည့်ခြင်းမရှိဘဲ အချိန်စောစွာကြွေကျပျက်စီးခြင်း ပြဿနာရှိနေကြောင်း၊ ဗဟုသုတရှိသူများက အဖြေရှာ အကြံပြုစေလိုကြောင်းဖြင့် ဆွေးနွေးခဲ့ကြသည်။ ထို့နောက် စိုက်ပျိုးရေးခြံများတွင် ဆက်လက်ကြိုးစားသည်ကို သိခဲ့ရသည်။

၂၀၀၅ ခုနှစ်တွင် စာရေးသူသည် ဆေးဝါးတက္ကသိုလ် University of Pharmacy (ရန်ကုန်)တွင် ဆေးဝါးသိပ္ပံမဟာဘွဲ့ (Master of Pharmacy-M.Pharm) ကျောင်းသားများကို ဆေးဝါးပစ္စည်းများအကြောင်း သင်ကြားပို့ချရာတွင် မြန်မာပြည်မှ ရရှိနိုင်သော ဆေးဝါးပစ္စည်းအမျိုးအစားစာရင်းကို ပြုစုနေချိန်တွင် ပေလီသို့ အပန်းဖြေသွားရောက်ခဲ့လေသည်။

“၁၉၉၀ ပြည့်နှစ်က ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ဝေသော မြန်မာ့တိုင်းရင်းဆေးပညာဦးစီးဌာန ဌာနသုံးဆေးနည်းများ စာအုပ်တွင် အစွမ်းထက်သော ဆေးဝါး ၁၅ မျိုးခန့်တွင် လေးညှင်း၊ ဇာတိပ္ဖိုလ်နှင့် ဇာပွင့်များ ပါဝင်သုံးစွဲထားပါသည်။ မြန်မာ့တိုင်းရင်းဆေးများကို မှီဝဲသူများအတွက် များစွာအရေးကြီး”

ပေလီရှိ လင်းသာဟိုတယ် (လင်းသာရွာ)တွင် တည်းခိုနေစဉ် ဆူနာမီရေလှိုင်းဖြစ်လာခဲ့သော် ခိုအောင်းနိုင်ရန် ယင်းလင်းသာ ဟိုတယ်အနီး နောက်ကျောရှိ တောင်ကုန်းကလေးဘက်သို့ လမ်းလျှောက်ခဲ့ရာ နိုင်ငံတော်စိုက်ပျိုးရေးခြံကို တွေ့ရှိခဲ့ရသည်။ ထိုခြံအတွင်း၌ အပွင့်အသီးများဖြင့် ရှင်သန်နေသော ဇာတိပ္ဖိုလ်ပင်များနှင့်တကွ ထိုဒေသခံ အစိုးရဝန်ထမ်းတို့က အောင်မြင်စွာ စိုက်ပျိုးထားသည်ကို စာရေးသူကိုယ်တိုင် တွေ့ရှိခဲ့ပါသည်။ အလွန်လှပသော ကြက်သွေးရောင်အပွင့်များနှင့် အသီးများကို မြင်တွေ့ခဲ့ရသည်။

တစ်ဖန် များမကြာမီက သံတွဲခရိုင်ဖြစ်သည့် ဂွမြို့နယ်တွင်လည်း ဒေသခံတစ်ဦးက ဇာတိပ္ဖိုလ်ပင်များကို ၎င်း၏ခြံဝင်းအတွင်း၌ စိုက်ပျိုးထားကြောင်း သိရပြန်သည်။ ထို့ကြောင့် ဤသည်များကို သုံးသပ်ကြည့်ပါမူ ဤနှစ်ရှည်ပင်နှစ်မျိုးသည် ပင်လယ်လေနှင့် ပင်လယ်အခိုးအငွေ့ကို ကြိုက်နှစ်သက်ကြောင်း စာပေများတွင် တွေ့ရသည့် သုတေသနရလဒ်များမှာ မှန်ကန်သည်ဟု ယူဆရပါမည်။ မြေအမျိုးအစားကို သိပ်မရွေးဘဲ ပူအိုက်စိုစွတ်ခြင်းကို နှစ်သက်သည်ဖြစ်၍ အတွေ့အကြုံရှိသော သီရိလင်္ကာတွင် လေးညှင်းပင်များကို အုန်းပင်အုန်းတောများကြားတွင် အောင်မြင်စွာစိုက်ပျိုးကြကြောင်း သိရသည်။ ယခုအခါ စိုက်ပျိုးရေးပညာရှင် ဦးမြင့်ဆွေသည် မြန်မာ့အသံ (ရေဒီယို)မှ တစ်ဆင့် စိုက်ပျိုးရေးရာအဖြာဖြာပညာများ ဖြန့်ဝေလျက်ရှိပါသည်။ အကြံဉာဏ်ကောင်းများ ပေးလျက်ရှိသည်။

**လုပ်ငန်းများ ပေါ်ပေါက်လာနိုင်မည်**

ဤအပင်နှစ်မျိုးမှ အသီးအပွင့်များကို စနစ်တကျသန့်စင် ထုပ်ပိုးရောင်းချနိုင်ခြင်း၊ အဆီများ ထုတ်လုပ်ရောင်းချခြင်း၊ ဆေးဝါးများ၊ စားသောက်ကုန်များ၊ သွားတိုက်ဆေးစသည်များကို ထပ်ဆင့်ထုတ်လုပ်ရရှိနိုင်သည်ဖြစ်၍ တိုင်းရင်းသားမိသားစုများအတွက် တစ်ပိုင်တစ်နိုင်လုပ်ငန်းများ၊ SME အဆင့်လုပ်ငန်းများ ပေါ်ပေါက်လာနိုင်မည်ဖြစ်သည်။ နိုင်ငံခြားပို့ကုန်များ အဖြစ်လည်း ဖော်ထုတ်ပေးနိုင်ဖွယ်ရာ အကြောင်းရှိသည်။

လေးညှင်းပွင့်၊ လေးညှင်းဖူးနှင့် ဇာတိပ္ဖိုလ်အသီးအပွင့်များ၏ တိုင်းရင်းဆေးဖက်ဝင်ပုံနှင့် အနောက်တိုင်းဆေးဖက်ဝင်ပုံများမှာ များပြားလှပေသည်။ တိုးတက်ခေတ်မီနေသော နိုင်ငံကြီးများ၏ တရားဝင်ဆေးကျမ်း Pharmacopoeia များတွင်လည်း အတိအလင်းပြဋ္ဌာန်းထားကြသည်။ ထို့ကြောင့် ၎င်းတို့၏ အသုံးဝင်ပုံများကို ဤနေရာတွင် အထူးဖော်ပြရန် မလိုတော့ပါ။

၁၉၉၀ ပြည့်နှစ်က ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ဝေသော မြန်မာ့တိုင်းရင်းဆေးပညာဦးစီးဌာန ဌာနသုံးဆေးနည်းများ စာအုပ်တွင် အစွမ်းထက်သော ဆေးဝါး ၁၅ မျိုးခန့်တွင် လေးညှင်း၊ ဇာတိပ္ဖိုလ်နှင့် ဇာပွင့်များပါဝင် သုံးစွဲထားပါသည်။ မြန်မာ့တိုင်းရင်းဆေးများကို မှီဝဲသူများအတွက် များစွာအရေးကြီးပေသည်။

**သတိပြုသင့်**

ဇာတိပ္ဖိုလ်သီးအတုများကိုလည်း သတိပြုသင့်ပါသည်။ ယခုအခါ နိုင်ငံရပ်ခြားမှ ဝယ်ယူတင်သွင်းနေရသည်ဖြစ်ရာ အတုများနှင့် စံမမီများ ရောနှော၍ ပါလာတတ်ပါသည်။

တစ်ခါက ရန်ကုန်မြို့တွင် ဇာတိပ္ဖိုလ်သီးအတုများနှင့် စံမမီသည်များရှိခဲ့ရာ မြန်မာ့မီဒီယာ၏ ဖခင်ကြီးတစ်ဦးဟု အမည်ခေါ်ဆိုရမည့် ဝါရင့်သတင်းစာ သတင်းထောက်ကြီးနှင့် စာပေပညာရှင်ကြီးဖြစ်ခဲ့သော နိုင်ငံတော်ကောင်စီဝင် ဦးလှထွန်းဖြူက ထိုအတုအပများကို ဖော်ထုတ်အရေးယူနိုင်ခဲ့လေသည်။

ဤကဲ့သို့ လူသားတို့၏ ကျန်းမာရေးကိုလည်း စောင့်ရှောက်နိုင်သော “ရတနာ”ပင်များကို မြန်မာ့မြေ၊ မြန်မာ့လေနှင့် မြန်မာ့ဥတုများတွင် မြန်မာတိုင်းရင်းသားများက မဆိုင်းမငံ့ စတင်စိုက်ပျိုးထုတ်လုပ်ကြပါစို့ဟု ထပ်လောင်း၍ တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

## ချောက်မြို့နယ် မလှတောင်ကျေးရွာ၌ သောက်သုံးရေရရှိရေး အဝီစိစက်ရေတွင်းတူးဖော်



မလှတောင်ကျေးရွာ၌ အဝီစိစက်ရေတွင်းတူးဖော်နေစဉ်။

**ချောက် မတ် ၅**

မြန်မာနိုင်ငံ၏ အပူပိုင်းဇုန်တွင်ပါဝင်သော မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ဩဇာတောကျေးရွာအုပ်စု မလှတောင်ကျေးရွာ သောက်သုံးရေရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အဝီစိစက်ရေတွင်း တူးဖော်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မလှတောင်ကျေးရွာသည် ယခင်နှစ်များက သောက်သုံးရေကို ကျေးရွာနှင့် တစ်ဖာလုံခန့်ရှိ မြေသားရေကန်မှ သုံးစွဲခဲ့ရပြီး ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၃၂ ဒသမ ၃ သန်းဖြင့် အနက်ပေ ၁၀၅၀ ခန့် စက်ရေတွင်း တူးဖော်ခြင်း၊ အမြင့်ပေ ၂၀ ရှိ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ၈ ပေ၊ အမြင့် ၈ ပေ ရှိ ရေစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းများ ယခုနှစ်နွေရာသီအမီ ပြီးစီးအောင် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလုပ်ငန်းဆောင်ရွက်နေမှုများကို ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးအောင်နှင့် ခရိုင်၊ မြို့နယ်တာဝန်ရှိသူများက ကျေးရွာရေပေးရေးကော်မတီဝင်များ၊ ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံ၍ လက်ရှိရေသုံးစွဲနေမှုအခြေအနေများ၊ စက်ရေတွင်းတူးဖော်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ချောက်မြို့နယ်အတွင်း ၂၀၁၈-၂၀၁၉ ခုဘဏ္ဍာရေးနှစ်တွင် မလှတောင်ကျေးရွာအပါအဝင် မင်းဒေါင့်ကျေးရွာ၊ မကျီးပင်တပ် ကျေးရွာ၊ တောင်နောက်ကျေးရွာ၊ ညောင်ပင်သာကျေးရွာ စသည့် ကျေးရွာ ငါးရွာ၌ စက်ရေတွင်းတူးဖော်ခြင်း၊ အမြင့်ပေ ၂၀ ရှိ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် လေးခု၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တစ်ကန်၊ အလျား ၁၀ ပေ၊ အနံ ၈ ပေ၊ အမြင့် ၈ ပေရှိ ရေစက်ရုံ ငါးခုကို ငွေကျပ် ၁၀၆ ဒသမ ၉၃ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

*စာမျက်နှာ ၂၀ မှ*

၃၅။ မည်သူမဆို ပုဒ်မ ၃၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးခြောက်လမှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင်အနည်းဆုံး ငွေကျပ်သုံးသိန်းမှ အများဆုံး သိန်းသုံးဆယ်အထိ ငွေဒဏ်ချမှတ်နိုင်သည်။

**အခန်း(၁၄)**

**အထွေထွေ**

၃၆။ ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည့် ငါးမွေးမြူခြင်းဆိုင်ရာဥပဒေ(ဥပဒေအမှတ်၊ ၂၄/၈၉) အရ ထုတ်ပေးခဲ့သည့် အငှားဂရန် သို့မဟုတ် လိုင်စင်တို့သည် ခွင့်ပြုသက်တမ်းပြည့်သည်အထိ ဆက်လက် လုပ်ကိုင်ခွင့်ရှိပြီး အဆိုပါခွင့်ပြုသက်တမ်းကုန်ဆုံးပြီးနောက် ငါးမွေးမြူခြင်းလုပ်ငန်းကို ဆက်လက် လုပ်ကိုင်လိုပါက ဤဥပဒေနှင့်အညီ လိုအပ်သော အငှားဂရန် သို့မဟုတ် လိုင်စင်ကို လျှောက်ထားရမည်။

၃၇။ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုက လက်ဝယ်ထားသည့် သို့မဟုတ် အသုံးပြုသည့်မြေ သို့မဟုတ် ရေပြင်တွင်အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုက ငါးမွေးမြူခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်သည့်ကိစ္စ၌ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်။

၃၈။ မိသားစုတစ်အိမ်ထောင်စားသုံးရန်အလို့ငှာ ရေပြင်၏ အရွယ်အစား ၁၂၅၀ စတုရန်းပေ၊ တစ်ကန်ထက်မပိုသော ငါးမွေးမြူခြင်းကို ဤဥပဒေအရ လိုင်စင်ရယူခြင်းမှ ကင်းလွတ်ခွင့်ပြုသည်။

၃၉။ ငါးမွေးမြူခြင်းတွင် အသုံးပြုသည့် ငါးဖမ်းကိရိယာများအတွက် ငါးဖမ်းကိရိယာလိုင်စင်ခပေးဆောင်ခြင်းမှ ကင်းလွတ်စေရမည်။

၄၀။ (က) ဦးစီးဌာနက ရရန်ရှိသောအငှားဂရန်ကြေး၊ လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေးငွေများနှင့် စပ်လျဉ်းသည့် ကြွေးကျန်များကို ဝင်ငွေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍အရ ကောက်ခံရမည်။

(ခ) ပုဒ်မခွဲ(က)ပါကိစ္စအလို့ငှာ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးသည် တည်ဆဲဥပဒေများအရ အခွန်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိစေရမည်။

၄၁။ ဦးစီးဌာနနှင့် စစ်ဆေးရေးမှူးတို့သည် မိမိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာပြည်သူ့ရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။

၄၂။ ဤဥပဒေပုဒ်မ၃၅ ပါပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုအဖြစ် သတ်မှတ်သည်။

၄၃။ (က) ငါးလုပ်ငန်းများအား စီမံခန့်ခွဲခြင်း၊ ငါးသယံဇာတအရင်းအမြစ်များ ထိန်းသိမ်းခြင်း၊ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေး ဆောင်ရွက်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေးဆောင်ရွက်ခြင်းတို့ကို ဦးစီးဌာနက ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ငါးလုပ်ငန်းဆိုင်ရာ သုတေသနနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများကို ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခွင့်ရှိသည်။

၄၄။ ဤဥပဒေအရ ပေးအပ်သောတာဝန်ကိုသဘောရိုးဖြင့်ဆောင်ရွက်သော နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးအား တရားမကြောင်းဖြင့် သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့် သော်လည်းကောင်း တရားစွဲဆိုခြင်း သို့မဟုတ် အခြားနည်းဖြင့် အရေးယူခြင်း မပြုရ။

၄၅။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ တရားရုံးတစ်ရုံးရုံးက ချမှတ်သောအမိန့်သည် ဤဥပဒေကို ကျင့်သုံး၍ ဦးစီးဌာနက စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်အရ ချမှတ်သည့်အမိန့်အပေါ် ထိခိုက်မှု မရှိစေရ။

၄၆။ ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည့်ငါးမွေးမြူခြင်းဆိုင်ရာဥပဒေ(ဥပဒေအမှတ်၊ ၂၄/၈၉)အရ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။

၄၇။ ဤဥပဒေ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည်လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၈။ ငါးမွေးမြူခြင်းဆိုင်ရာဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၂၄/၈၉)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

# ရေယာဉ်များ ဘေးအန္တရာယ်ကင်းပြီး စနစ်တကျ ပြေးဆွဲရေးနှင့် စည်းကမ်းလိုက်နာရေး မန္တလေးမြို့တွင် ပညာပေးဆွေးနွေး

**မန္တလေး မတ် ၅**

မန္တလေးတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ရေကြောင်းရဲတပ်ဖွဲ့ခွဲ (မန္တလေး) တို့ ပူးပေါင်း၍ ရေယာဉ်များ ဘေးအန္တရာယ်ကင်းပြီး စနစ်တကျ ပြေးဆွဲရေးနှင့် စည်းကမ်းလိုက်နာရေး ပညာပေးဆွေးနွေးပွဲကို မတ် ၄ ရက်က မန္တလေးမြို့ရှိ အဆိုပါ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေ၊ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်း ရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ၊ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ၊ ရေယာဉ် မောင်းသူများနှင့် ရေယာဉ် ခရီးသည်များ လိုက်နာရန်အချက်များကို တာဝန်ရှိသူများက ပညာပေးဆွေးနွေးခဲ့သည်။

"ပြီးခဲ့တဲ့နှစ်က ပုဂံ-ညောင်ဦးမှာ ရေယာဉ်တိုက်မှုဖြစ်ခဲ့တော့ခရီးသည်တစ်ဦး အသက်ဆုံးရှုံးမှုရှိခဲ့တယ်။ ကျွမ်းကျင်သူမဟုတ်ဘဲ တခြားသူကမောင်းတာကြောင့် ပုဒ်မတစ်ခု၊ အသက်ကယ် အင်္ကျီတွေ မပါတာ၊ ခရီးသည်ပိုပြီး တင်ဆောင်တာ စတဲ့ စည်းကမ်းနဲ့မညီတာကြောင့် တရားစွဲဆိုထားတာလေးမှု ရှိတယ်။ ခရီးသည်တွေ ဘေးကင်းဖို့ သက်ကယ်အင်္ကျီနဲ့ မီးသတ်ဆေးဘူးတို့ ပါရှိဖို့အရက်သေစာ သောက်စား မမောင်းကြဖို့ ခရီးသည်တွေကလည်း ခေါင်မိုးပေါ် တက်စီးတာမလုပ်ဖို့ လိုပါတယ်"ဟု ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဦးသန့်စင်ဦးက ပြောသည်။

ရေယာဉ်များအနေဖြင့် ဆိပ်ကမ်းမှ မထွက်ခွာမီ ဌာနမှ ရေယာဉ်လုံခြုံမှုပိုင်းဆိုင်ရာများ၊ ရေယာဉ်မောင်း၊ စက်ခန်းအုပ်များကသက်ဆိုင်ရာအလိုက် ကျွမ်းကျင်လိုင်စင်များ ရှိ၊ မရှိ၊ ခရီးသည်များဘေးကင်းလုံခြုံရေး အစီအမံများလိုက်နာထားမှု ရှိ၊ မရှိနှင့် ထုတ်ပြန်ထားသည့် စည်းကမ်းများအတိုင်း စစ်ဆေးကြောင်း၊ ဌာနနှင့် ရေကြောင်းရဲတပ်ဖွဲ့တို့ကလည်း ရှောင်တခင်စစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိသကဲ့သို့ စည်းကမ်းလိုက်နာခြင်းမရှိပါက အရေးယူမှုများလုပ်ဆောင်ခဲ့ရာ ၂၀၁၈ အောက်တိုဘာထိ စာရင်းများအရ ၃၄ မှု ရှိခဲ့ကြောင်းသိရသည်။

"ရေကြောင်းထဲမှာ သွားလာနေတဲ့ ပြည်သူတွေ အထူးသဖြင့် အန္တရာယ်ကင်းဘေးရှင်းအောင် အဓိကထားပြီး ပညာပေး ဆွေးနွေးတယ်။ စည်းကမ်းနဲ့ မညီတဲ့ရေယာဉ်တွေဆိုရင် ရေကြောင်း ဦးစီးဌာနနဲ့ သက်ဆိုင်ရာ ရေယာဉ်အသင်းတွေနဲ့ ညှိနှိုင်းဆောင်ရွက်တယ်။ ရည်ရွယ်ချက်က ရေကြောင်းကဏ္ဍမှာ လုပ်ကိုင်နေကြသူတွေမလိုအပ်ဘဲ သူတို့ အကျိုးစီးပွားတွေ မယုတ်လျော့အောင် လုပ်ဆောင်တာပါ"ဟု ရေကြောင်းရဲတပ်ဖွဲ့ခွဲ (မန္တလေး) ဒုတိယရဲမှူးကြီး အောင်ဇော်မြင့်က ပြောသည်။

၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ မန္တလေးတိုင်းဒေသကြီးအနေဖြင့် ခွင့်ပြုပေးခြင်းနှင့် သဘောထားမှတ်ချက် တောင်းခံမှုများအရ ခွင့်ပြုခဲ့သည့် ရေယာဉ် ၁၁၅ စီးနှင့် ရေယာဉ်အသင်း ၃၇ သင်းရှိပြီး ရေကြောင်းကဏ္ဍဖြင့် စီးပွားရေးလုပ်ကိုင်သူများ၊ ရေယာဉ်လုပ်သားများ၊ ခရီးသည်များနှင့် ပါဝင်ပတ်သက်သူအားလုံးက ထုတ်ပြန်ထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကိုအလေးထား လိုက်နာကြရန်နှင့် မသိနားမလည်သည်များကို ဌာနသို့ မေးမြန်းဆောင်ရွက်နိုင်ကြောင်း သိရသည်။

**သန်းဇော်မင်း (ပြန်/ဆက်)**



ရေကြောင်းပို့ဆောင်ရေး ရေယာဉ်များအား တွေ့ရစဉ်။

## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယ ဘုရားပွဲ စည်ကားစွာ ကျင်းပမည်

**နေပြည်တော် မတ် ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ရာဇဌာနီလမ်းမကြီးရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၁) ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကြီးကို မတ် ၁၄ ရက်မှ ၂၀ ရက်အထိ တပေါင်းလဆန်း ၈ ရက်နေ့မှ လပြည့်နေ့အထိ ခုနစ်ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ အဆိုပါ ဘုရားပွဲတော်ကြီးတွင် အခမဲ့ဖျော်ဖြေပွဲများကို မည်သူမဆို ကြည့်ရှုနိုင်ကြောင်း သိရသည်။

ယခုကျင်းပမည့် ဘုရားပွဲတော်ကြီးတွင် မတ် ၁၄ ရက်နှင့် ၁၅ ရက် အဆိုပါနှစ်ညတွင် သစ္စာမေတ္တာ ရွှေမန်းသဘင်နှင့်အတူ မင်းသားတင်မောင်ဆန်းမင်းဝင်း ဦးစီးသော ဇာတ်သဘင်အဖွဲ့မှ မိုးလင်းပေါက်ကပြဖျော်ဖြေမည်ဖြစ်ပြီး မတ် ၁၆ ရက်နှင့် ၁၇ ရက် အဆိုပါညနှစ်ညတွင် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ ရွှေမြန်မာ ဇာတ်တော်ကြီးအဖွဲ့နှင့် သုခုမတော်ဝင် ဇာတ်သဘင်ပွဲ၊ မဟာရန်ကုန် အငြိမ့်သဘင်၊ ရုပ်ရှင်ဗီဒီယို သရုပ်ဆောင်များ၊ "ဟား ငါးကောင်" တိုင်းကျော်၊ ပြည်ကျော်၊ တိုးကျော်၊ တိုးလေး၊ ဝိုင်းကျော်တို့ဖြင့် မိုးအလင်း ကပြဖျော်ဖြေ တင်ဆက်သွားမည်ဖြစ်ရာ အဆိုပါ ဖျော်ဖြေပွဲများသို့ မည်သူမဆို အခမဲ့ကြည့်ရှုနိုင်ကြောင်း သိရသည်။ ထို့အပြင် အဆိုပါ ဘုရားပွဲတော်ကြီးတွင် လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်၊ စားသောက်ကုန်များနှင့် ဈေးရောင်းပွဲတော်ကိုပါ ထည့်သွင်း ဖွင့်လှစ်ပေးသွားမည်ဖြစ်ရာ နှစ်စဉ်နှစ်တိုင်း ကျင်းပလျက်ရှိသည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကြီး ကျင်းပခြင်းသည် (၁၁) ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်လှိုင်သင်း (နေပြည်တော်)**

## ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရေး ဆောင်ရွက်

**ဆီဆိုင် မတ် ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ကျေးလက်နေ ပြည်သူလူထု ဘက်စုံ၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ကုန်းဆွတ်ကျေးရွာအုပ်စု ကုန်းဆွတ် ကျေးရွာရှိကျေးလက်နေပြည်သူများနေ့ရာသီတွင် သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်တည်ဆောက်နေမှုကို မြို့နယ်တည်ဆောက် ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောမောင်ဇွေနှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ ကြောင်းသိရသည်။

အဆိုပါ ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေကျပ် ၁၈ ဒသမ ၀၀ သန်းဖြင့် ဆောင်ရွက်ပြီး ရေထွက်ပင်ရင်းမှ အရှည် နှစ်မိုင်ကို ရေပိုက်သွယ်တန်း၍ တည်ဆောက်ထားခြင်းဖြစ်ကာ အဆိုပါ လုပ်ငန်းပြီးစီးပါက ကျေးလက်နေပြည်သူများနွေရာသီတွင် သောက်သုံးရေဖူလုံစွာ ရရှိတော့မည် ဖြစ်ကြောင်း သိရသည်။

**ခွန်ရဲထွေး (ဆီဆိုင်)**

## အော်ဂဲနစ်သရက်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာရေး သရက်စိုက်တောင်သူများနှင့်တွေ့ဆုံဆွေးနွေး

**ကန့်ဘလူ မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ်များမှ သရက်စိုက်ပျိုးထုတ်လုပ်သူတောင်သူများအနေဖြင့် အော်ဂဲနစ်စိုက်ပျိုးမှုစနစ်ကို ပိုမိုစိတ်ဝင်စားလာစေရေးနှင့် ဒေသထွက်သီးနှံများကို ဈေးကွက်ဝင် တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ပြီး ပြည်တွင်း စားသုံးမှုသာမက ပြည်ပနိုင်ငံများသို့ပါ တင်ပို့ရောင်းချနိုင်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(GAP)မျှဝေခြင်းအစီအစဉ် တစ်ရပ်ကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီလနောက်ဆုံးပတ်က ကျင်းပခဲ့ပြီး သရက်စိုက်ပျိုးထုတ်လုပ်သူတောင်သူ ၃၀ တက်ရောက်ခဲ့ကြောင်းသိရသည်။

အဆိုပါဆွေးနွေးပွဲတွင် ခရိုင်စိုက်ပျိုးရေး ဦးစီးမှူး ဦးဝင်းရွှေနှင့်မြေ၊ မျိုး၊ ပိုးတာဝန်ခံများက အာဆီယံ GAP ကိုအခြေခံပြီး မြန်မာ GAP တွင် လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးဟောပြောပြီး တက်ရောက်လာသူ သရက်ခြံစိုက်ပျိုးထုတ်လုပ်သူတောင်သူများသိရှိလို သည့်မေးမြန်းချက်များကိုလည်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

ယခုအခါ စားသုံးသူ ဘေးအန္တရာယ်ကင်းရှင်းရေး ဦးစားပေး စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး အာဆီယံ GAP ကို အခြေခံလျက် မြန်မာ GAP လုပ်ငန်းစဉ် ၁၆ ချက်ရေးဆွဲ၍ သီးနှံ ၁၅ မျိုးအထိ အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။ အဆိုပါ သီးနှံများထဲမှ သရက်သီးနှံသည် ပထမဆုံး GAP အသိအမှတ်ပြုလက်မှတ်ရရှိသည့်သီးနှံဖြစ်ကြောင်း သိရသည်။ GAP ဆိုသည့် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများဖြစ်ပြီး စတင်မြေပြုပြင်စိုက်ပျိုးထုတ်လုပ်သည်မှ စားသုံးသူလက်ဝယ်ရောက်သည်အထိ အဆင့်ဆင့်တိုင်းတွင် စားသုံးသူအတွက် ဘေးအန္တရာယ်ဖြစ်စေသည့် ကူးစက်ညစ်ညမ်းမှုများကို အနည်းဆုံးဖြစ်စေရန် လိုက်နာရသည့်နည်းလမ်းများကို စုစည်းထားသည့် စံသတ်မှတ်ချက်များဖြစ်သည်။

မြန်မာနိုင်ငံတွင် GAP လက်မှတ်ရ သရက်ခြံများရှိလာပြီး GAP အသိအမှတ်ပြု လက်မှတ်ရရှိရေးလျှောက်ထားလာသည့်ခြံများလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာကြောင်း သိရပြီး ကန့်ဘလူခရိုင်အတွင်း GAP အသိအမှတ်ပြု လက်မှတ်ရရှိရေးလျှောက်ထားသောခြံ ၁၉ ခြံရှိကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပတင်ပို့ရောင်းချသည့် သစ်သီးများတွင် သရက်သီးသည် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိကာ တစ်နိုင်ငံလုံးတွင် သရက်စိုက်ဧက ၂၄၉၄၇၅ ခန့်ရှိပြီး ၂၀၁၆ ခုနှစ်စာရင်းများအရ မြန်မာနိုင်ငံမှသရက်သီး မက်ထရစ်တန် ၄၉၅၃၂၃ ခန့်ထွက်ရှိကာ ပြည်တွင်းစားသုံးအပြင် ပြည်ပပို့ကုန်အဖြစ်နယ်စပ်မှ တစ်ဆင့် တရုတ်နိုင်ငံ၊ ပင်လယ်ရပ်ခြား ကုန်သွယ်မှုအဖြစ် စင်ကာပူ၊ မလေးရှား၊ ဘူတန်၊ ဘရူနိုင်း၊မော်လဒိုက်စသည့် အာရှနိုင်ငံများ၊ ဥရောပနိုင်ငံများသို့ပါ တင်ပို့ရောင်းချလျက်ရှိသည်။ ယင်းသို့တင်ပို့ရာတွင် နိုင်ငံများအလိုက် ဓာတုဓာတ်ကြွင်းပါဝင်မှု နိုင်ငံဖြတ်ကျော်ထိန်းချုပ်မှုများနှင့် ရောဂါပိုးမွှား မပါရှိအောင် အဆင့်ဆင့် စိစစ်ခံပြီးမှ ပို့ဆောင်ရောင်းချရကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း (ကန့်ဘလူ)**



အော်ဂဲနစ် သရက်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး ကွင်းဆင်းကြည့်ရှုစဉ်။

## မျက်စိဆရာဝန်ကြီးနှစ်ဦး စွမ်းဆောင်ရည် ဂုဏ်ထူးဆောင်ဆုယူရန် ဗန်ကောက်မြို့သို့ ထွက်ခွာ



**ရန်ကုန် မတ် ၅**

၂၀၁၉ ခု မတ် ၆ ရက် မှ ၉ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပပြုလုပ်မည့် (၃၄) ကြိမ်မြောက် အာရှပစိဖိတ်မျက်စိရောဂါ အကယ်ဒမီညီလာခံ (Asia - Pacific Academy of Ophthalmology Congress) ၌ မျက်စိအထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ဦးအေးထွန်းအား "မိမိနိုင်ငံအတွက် မျက်စိရောဂါပညာကို မြင့်မားတိုးတက်အောင် ထင်ရှားကျော်ကြားစွာ ဆောင်ရွက်ခဲ့သည့်အတွက် ချီးမြှင့်သော စွမ်းဆောင်ရည်ဆု (၂၀၁၉)" (APAO Distinguished Service Award for improving ophthalmology in their Country) နှင့် မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာ ဦးမင်းသိမ်းအား "မျက်မမြင်ကာကွယ်ရေးလုပ်ငန်းကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်ခဲ့သည့်အတွက် ချီးမြှင့်သော စွမ်းဆောင်ရည်ဆု (၂၀၁၉)" (APAO Outstanding Service in prevention of blindness Award 2019) တို့ကို ချီးမြှင့်ပေးအပ်မည်ဖြစ်သည်။

မျက်စိဆရာဝန်ကြီး နှစ်ဦးသည် အဆိုပါဆုများကို လက်ခံရယူရန် မတ် ၅ ရက် နံနက်ပိုင်းတွင် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် ဗန်ကောက်မြို့သို့ ထွက်ခွာသွားသည်။

မျက်စိဆရာဝန်ကြီးများနှင့်အတူ မျက်စိဆရာဝန်ကြီး ဒေါက်တာ ဦးဇော်ထွန်းနှင့် မျက်စိဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာ ဦးစန်းလှိုင်မင်းတို့ လိုက်ပါသွားသည်။

**သတင်းစဉ်**

# အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၅**

၂၀၁၈-၂၀၁၉ ပညာသင်နှစ်၊ အခြေခံပညာအဆင့် အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းအတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကို ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနမှ ထုတ်ပြန်လိုက်သည်။

**ယမန်နေ့မှအဆက်**

## အခြေခံပညာဦးစီးဌာန၊ ၂၀၁၉ ခုနှစ်၊ ဒသမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၂၈ | မောင်ဇော်ဘွေးလျန် | အထက(၂)အင်းစိန် | အင်းစိန် | မြောက်ပိုင်း |
| ၁၂၉ | မချိုချိုနှင်းအောင် | အထက(၂)မင်္ဂလာဒုံ | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၃၀ | မမေမီမီသော် | ကောင်းစုစံ(ကပက) | ရွှေပြည်သာ | မြောက်ပိုင်း |
| ၁၃၁ | မောင်ကောင်းစည်သူ | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၂ | မောင်ရှင်းခန့်မာန် | အထက-ပင်းတယ | ပင်းတယ | တောင်ကြီး |
| ၁၃၃ | မနှင်းဖြူဖြူအေး | အထက(၅)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၄ | နန်းရွှေဝတ်ရည်ဖူး | အထက-ဆီဆိုင် | ဆီဆိုင် | တောင်ကြီး |
| ၁၃၅ | မောင်သက်မော်ကွန်း | အထက(၂)ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၁၃၆ | မောင်ဝေယံဖြိုး | အထက-မိုင်းရှူး | မိုင်းရှူး | လွိုင်လင် |
| ၁၃၇ | မသက်နှင်းပြည့် | အထက(၃)လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၃၈ | မယဉ်မျိုးအေး | အထက-နမ့်စန် | နမ့်စန် | လွိုင်လင် |
| ၁၃၉ | မောင်ကိုကိုလင်းထက်အောင် | အထက-တုန်ဟုန်း | မိုးနဲ | လင်းခေး |
| ၁၄၀ | နန်းယိင်းမိုဟွမ် | အထက-မောက်မယ် | မောက်မယ် | လင်းခေး |
| ၁၄၁ | မောင်ဟိန်းမြင့်ဇော် | အထက(၅)လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၂ | မောင်ခန့်သူ | အထက(၂)သိန္နီ | သိန္နီ | လားရှိုး |
| ၁၄၃ | မမေသက်ထားကို | အထက(၉)လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၄ | မဟန်နီဦး | အထက-ဟိုပန် | ဟိုပန် | လားရှိုး |
| ၁၄၅ | စိုင်းအောင်ကျော်ထက် | မင်းမြတ်စံ (ကပက) | သီပေါ | ကျောက်မဲ |
| ၁၄၆ | မောင်ဉာဏ်လင်းထက် | WVEC (ကပက) | နောင်ချို | ကျောက်မဲ |
| ၁၄၇ | မယွန်းနဒီမြတ်နိုး | WVEC(ကပက) | နောင်ချို | ကျောက်မဲ |
| ၁၄၈ | မသန်းသန်းအေး | အထက(၂)နမ္မတူ | နမ္မတူ | ကျောက်မဲ |
| ၁၄၉ | မောင်စိုင်းနော်ခမ်း | အထက(၁)မူဆယ် | မူဆယ် | မူဆယ် |
| ၁၅၀ | မအိမ့်ဖြူပြာကို | အထက(၁)မူဆယ် | မူဆယ် | မူဆယ် |
| ၁၅၁ | မောင်စိုင်းထွန်းမြတ် | ရတနာ(ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၂ | မောင်ယားပါဘို | အထက(ခွဲ)ပန်တားလေ | မိုင်းပျဉ်း | ကျိုင်းတုံ |
| ၁၅၃ | မနန်းစမ်ဆီဖောင်း | ရတနာ(ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၄ | မနန်းဆိုင်စိန် | အထက-မိုင်းပျဉ်း | မိုင်းပျဉ်း | ကျိုင်းတုံ |
| ၁၅၅ | မောင်ပြုံးချို | အထက-တာချီလိတ် | တာချီလိတ် | တာချီလိတ် |
| ၁၅၆ | မခိုင်ဇင်ဇင်လင်း | ရွှေမဟာ(ကပက) | တာချီလိတ် | တာချီလိတ် |
| ၁၅၇ | မောင်ငြိမ်းချမ်းကို | အထက-မိုင်းတုံ | မိုင်းတုံ | မိုင်းဆတ် |
| ၁၅၈ | မနန်းဖွေးခမ်း | အထက-မိုင်းတုံ | မိုင်းတုံ | မိုင်းဆတ် |
| ၁၅၉ | မောင်မိုးမင်းဟန် | အထက(၆)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၆၀ | မောင်အောင်သန်းဇော် | ဘဝရှေ့ဆောင်(ကပက) | ကျောင်းကုန်း | ပုသိမ် |
| ၁၆၁ | နမ့်နွေးပိုးအိမ် | အထက-ရေကြည် | ရေကြည် | ပုသိမ် |

(ဆက်လက်ဖော်ပြပါမည်)

## အခြေခံပညာဦးစီးဌာန၊ ၂၀၁၉ ခုနှစ်၊ နဝမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၂၈ | မောင်မင်းထက်ကျော် | အထက(၂)မင်္ဂလာဒုံ | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၂၉ | မဆွေဇင်အောင်သင်း | ကောင်းစုစံ(ကပက) | ရွှေပြည်သာ | မြောက်ပိုင်း |
| ၁၃၀ | မသဲမွန်သိမ့် | အထက(၂)အင်းစိန် | အင်းစိန် | မြောက်ပိုင်း |
| ၁၃၁ | မရွှန်းလဲ့မောင် | DNNA(ကပက) | တောင်ကြီး | တောင်ကြီး |
| ၁၃၂ | စိုင်းနော်ဝမ်း | အထက-ဆီဆိုင် | ဆီဆိုင် | တောင်ကြီး |
| ၁၃၃ | မနွဲ့နွဲ့အေး | အထက-ဝါးပြား | ပင်းတယ | တောင်ကြီး |
| ၁၃၄ | ခွန်ရှင်းသန့် | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၅ | စိုင်းခေးဟန်လှိုင်း | အထက(၁)လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၃၆ | မောင်အောင်မွန်ခန့် | အထက-ခိုလန် | နမ့်စန် | လွိုင်လင် |
| ၁၃၇ | မဆည်းဆာထက်အောင် | အထက(၁)လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၃၈ | နန်းဟွမ်နွမ်း | အထက-မိုင်းရှူး | မိုင်းရှူး | လွိုင်လင် |
| ၁၃၉ | မောင်ကောင်းမင်းသန့် | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၀ | မနန်းဟွမ်နွံ | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၁ | မောင်ဆာရကိုဇေခေါင် | အထက(၇)လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၂ | မောင်အိုက်မွန်းဆွန် | အထက-ဟိုပန် | ဟိုပန် | လားရှိုး |
| ၁၄၃ | မခိုင်ခိုင်မင်းဦး | အထက(၇)လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၄ | မနန်းဖွေးဆိုင် | အကယ်ဒမီ(ကပက) | တန့်ယန်း | လားရှိုး |
| ၁၄၅ | မောင်ဇွဲထက်ဝင်း | အထက(၁)နမ့်ဆန် | နမ့်ဆန် | ကျောက်မဲ |
| ၁၄၆ | မောင်ဝသုန် | WVEC (ကပက) | နောင်ချို | ကျောက်မဲ |
| ၁၄၇ | မဆုမြတ်နိုး | အထက(ခွဲ)အလက-မိုးမိတ် | မိုးမိတ် | ကျောက်မဲ |
| ၁၄၈ | မရတနာ | အမေ့အိမ် (ကပက) | နမ့်ဆန် | ကျောက်မဲ |
| ၁၄၉ | မောင်မင်းခန့် | အထက(၁)နမ့်ခမ်း | နမ့်ခမ်း | မူဆယ် |
| ၁၅၀ | မမြတ်သဥ္ဇာနိုင် | ကျော် (ကပက) | မူဆယ် | မူဆယ် |
| ၁၅၁ | မောင်ဝင်းမင်းအောင် | ရတနာ (ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၂ | မောင်အားဇက် | အထက-မိုင်းခတ် | မိုင်းခတ် | ကျိုင်းတုံ |
| ၁၅၃ | မရှင်မင်းသွယ် | ရတနာ (ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၄ | မဆာဘီးနာ | အထက-မိုင်းပျဉ်း | မိုင်းပျဉ်း | ကျိုင်းတုံ |
| ၁၅၅ | မောင်စိုင်းလုံနော်ခမ်း | အထက-တာချီလိတ် | တာချီလိတ် | တာချီလိတ် |
| ၁၅၆ | မနွယ်နွယ်အေး | အထက-တာချီလိတ် | တာချီလိတ် | တာချီလိတ် |
| ၁၅၇ | မောင်ထွန်းလင်းကျော် | အထက-မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် |
| ၁၅၈ | မနာမီးဝင်း | အထက-မိုင်းတုံ | မိုင်းတုံ | မိုင်းဆတ် |
| ၁၅၉ | မောင်ကျော်ဇင်ထက် | အထက(၆)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၆၀ | မောင်ထွဋ်မင်းခန့် | အထက-ရေကြည် | ရေကြည် | ပုသိမ် |
| ၁၆၁ | မဆုမွန်ဝတ်ရည်ကျော် | မြန်ပြည်သားကောင်း(ကပက) | ကျုံပျော် | ပုသိမ် |

(ဆက်လက်ဖော်ပြပါမည်)

## အခြေခံပညာဦးစီးဌာန၊ ၂၀၁၉ ခုနှစ်၊ အဋ္ဌမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၂၈ | မောင်ဇွဲညီညာနိုင် | ကောင်းစုစံ(ကပက) | ရွှေပြည်သာ | မြောက်ပိုင်း |
| ၁၂၉ | မသွန်းပိုးရတီ | အထက(၂)မင်္ဂလာဒုံ | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၃၀ | မနန်းဇေကရီလှိုင် | အထက-ဝါးနက်ချောင်း | မှော်ဘီ | မြောက်ပိုင်း |
| ၁၃၁ | မသိမ့်နှင်းစံ | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၂ | မောင်မြတ်မင်းသန့် | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၃ | မမေပီတိအောင် | အထက(၅)အောင်ပန်း | ကလော | တောင်ကြီး |
| ၁၃၄ | မောင်ဉာဏ်လင်းကျော် | အထက(၁)ကလော | ကလော | တောင်ကြီး |
| ၁၃၅ | မောင်ဂျော်ဆာဒွေ့ | အထက-မြို့မ | နမ့်စန် | လွိုင်လင် |
| ၁၃၆ | မောင်ထန်ရှုန်းဟောင် | အထက(၂)ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၁၃၇ | မရွှေနွယ်ဝင်း | အထက(၃)လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၃၈ | မကုမုဒြာ | အထက-မိုင်းရှူး | မိုင်းရှူး | လွိုင်လင် |
| ၁၃၉ | မောင်စိုင်းခွန်ဝမ်း | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၀ | မနန်းရွက်ဆိုင်စံ | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၁ | မောင်စိုင်းလင်းဘုန်းမြတ် | အထက(ခွဲ)အလက(၈) | လားရှိုး | လားရှိုး |
| ၁၄၂ | မောင်စိုင်းလှရွှေ | အထက-မိုင်းရယ် | မိုင်းရယ် | လားရှိုး |
| ၁၄၃ | မဆောင်းရတီဦး | နေခြည်(ကပက) | လားရှိုး | လားရှိုး |
| ၁၄၄ | မနန်းစိန်ခမ်း | အထက-မိုင်းရယ် | မိုင်းရယ် | လားရှိုး |
| ၁၄၅ | မောင်မဂ်ျခွန်ဒန်အောင် | ကျော်(ကပက) | မူဆယ် | မူဆယ် |
| ၁၄၆ | မမိုင်းရာ | အထက(၁)မူဆယ် | မူဆယ် | မူဆယ် |
| ၁၄၇ | မောင်ခန့်ယုဆွေ | အထက(၁)ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ |
| ၁၄၈ | မောင်ညီဖြိုးထက် | အထက-နောင်ချို | နောင်ချို | ကျောက်မဲ |
| ၁၄၉ | မမိုးသက်ခင် | အထက(၂)ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ |
| ၁၅၀ | မဒီသိမ့်သိမ့်ထွဋ်စံ | အထက(ခွဲ)အလက(၁) | နမ့်ဆန် | ကျောက်မဲ |
| ၁၅၁ | မောင်စိုင်းညီညီဦး | အထက(၆)ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၂ | မောင်ဇော်ထိပ်ခေါင် | အထက(ခွဲ)မိုင်းပျဉ်း | မိုင်းပျဉ်း | ကျိုင်းတုံ |
| ၁၅၃ | မဖူးပွင့်မြတ်ဇော် | အထက(၆)ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၄ | မနန်းတုမ်ခမ်း | အထက(ခွဲ)မိုင်းပျဉ်း | မိုင်းပျဉ်း | ကျိုင်းတုံ |
| ၁၅၅ | မောင်အောင်မြင့်မိုရ် | အထက-တာချီလိတ် | တာချီလိတ် | တာချီလိတ် |
| ၁၅၆ | မဖြိုးသိမ့်သိမ့်သူ | အထက-မိုင်းဖြတ် | မိုင်းဖြတ် | တာချီလိတ် |

(ဆက်လက်ဖော်ပြပါမည်)

# ပဲခူးမြို့၊ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး (၂၆၀၁) နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် (၁၃၈၀-၁၃၈၁) ၂၀၁၉ လေလံခေါ်ယူခြင်း

၁။ ပဲခူးမြို့၊ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ယခုလာမည့် ၁၃၈၀-၁၃၈၁ ခုနှစ် တန်ခူးလဆန်း ၁၀ ရက်၊ ၁၄-၄-၂၀၁၉ ရက် (တနင်္ဂနွေနေ့)မှ တန်ခူးလပြည့်ကျော် ၄ရက်၊ ၂၃-၄-၂၀၁၉ ရက် (အင်္ဂါနေ့) အထိ ၁၀ ရက်တိုင်တိုင် ကျင်းပပါမည်။

၂။ ဇာတ်ပွဲ/ပျော်ပွဲရှင်ပွဲ မြေနေရာများကို တစ်နေရာချင်းအလိုက် လေလံစနစ်ဖြင့် ချထားပေးမည်ဖြစ်၍ လေလံလျှောက်လွှာနှင့် စည်းကမ်းချက်တစ်စုံလျှင် ၁၀၀၀၀ိ/-(တစ်သောင်းကျပ်)နှုန်းဖြင့် ဂေါပကရုံး အဖွဲ့ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူတင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

၃။ လေလံပုံစံနှင့် စည်းကမ်းချက်များကို ၅-၃-၂၀၁၉ ရက်မှစ၍ ၁၂-၃-၂၀၁၉ ရက် မွန်းတည့် ၁၂း၀၀ နာရီအထိ ရောင်းချပြီး ၁၂-၃-၂၀၁၉ ရက် ညနေ ၄း၀၀ နာရီနောက်ဆုံးထား တင်သွင်းရပါမည်။

၄။ ဇာတ်ပွဲ/ပျော်ပွဲရှင်ပွဲ လေလံပွဲကို ၁၄-၃-၂၀၁၉ ရက် နံနက် ၁၀း၀၀ နာရီတွင် ဂေါပကအဖွဲ့ရုံး၌ ကျင်းပပါမည်။

၅။ ဈေးဆိုင်ခန်းမြေနေရာများ ရောင်းချခြင်းကို ၂၆-၃-၂၀၁၉ ရက် နံနက် ၁၀း၀၀ နာရီတွင် မွန်ဓမ္မာရုံ၌ ကျင်းပပါမည်။

၆။ ဘုရားလမ်းပျံကျ၊ ဗိမာန်အရှေ့ဘက်ခြမ်း ဆိုင်ခန်းများအား ၂၈-၃-၂၀၁၉ ရက် နံနက် ၉း၀၀ နာရီနှင့် စိန်ထွန်းလမ်းဆိုင်ခန်းများအား ၂၉-၃-၂၀၁၉ ရက် နံနက် ၉း၀၀ နာရီတွင် မွန်ဓမ္မာရုံ၌ ကျင်းပပါမည်။

၇။ ဇာတ်ရုံများရှေ့ ပျံကျဆိုင်ခန်းများရောင်းချခြင်းကို ၁၀-၄-၂၀၁၉ ရက်တွင် မွန်ဓမ္မာရုံ၌ ကျင်းပပါမည်။

၈။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဂေါပကအဖွဲ့ရုံး၊ ရုံးအဖွဲ့မှူးထံတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဂေါပကအဖွဲ့**

**ဖုန်း-၀၉-၄၂၀၇၀၅၅၇၆၊ ၀၉-၆၈၈၃၃၉၉၄၉**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| I | Heavy Machinery Spare Parts | 1 Lot |
| (a) | Hitachi ZX-230 Hydraulic Excavator Spare Parts(13 Items)(OEM) | |
| (b) | Komatsu PC 220-6 Hydraulic Excavator Spare Parts(16 Items)(OEM) | |
| (c) | Komatsu D85 Ess-2A Bulldozer Spare Parts (5 Items)(OEM) | |
| (d) | Caterpillar 320C Hydraulic Excavator Spare Parts(8 Items)(OEM) | |
| (e) | Caterpillar D7G Bulldozer Spare Parts (6 Items)(OEM) | |
| (f) | Nissan CWM 454 Dump Truck Spare Parts (8 Items)(OEM) | |

တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၄-၃-၂၀၁၉

တင်ဒါပိတ်ရက်နှင့်အချိန် - ၃-၄-၂၀၁၉ မွန်းတည့် ၁၂း၀၀နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ် အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)**
**ဖြည့်တင်းရေးဌာနခွဲ-၂**
**ရုံးအမှတ် (၅၀)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၃၁၂၉၅၊ ၀၆၇-၃၄၃၁၃၀၈**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅ခုနှစ် ရေဘေးသင့်အခြေခံပညာစာသင်ကျောင်းများအား ဂျပန်နိုင်ငံအစိုးရ၏ ထောက်ပံ့လှူဒါန်းငွေဖြင့် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် JICA တို့ပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ရှိ သဘာဝဘေးဒဏ်ခံရသည့် အခြေခံပညာကျောင်းများအား ကျောင်းဆောင်သစ်များ ဆောက်လုပ်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားပိုင် ဆောက်လုပ်ရေးကုမ္ပဏီလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၆-၃-၂၀၁၉ ရက်မှ ၁၉-၃-၂၀၁၉ ရက်အထိ

(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၉-၃-၂၀၁၉ ရက် ၁၆း၃၀ နာရီအထိ

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - ရုံးအမှတ် (၁၃)၊ အခြေခံပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်

၂။ ဆောင်ရွက်ရမည့်ကျောင်းများမှာ (ပရိဘောဂများအပါအဝင်)-

| | | |
|---|---|---|
| (က) | ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ မူလွန်-မြို့လေး | Lot-52 |
| (ခ) | ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ မူလွန်-ကျောက်အိုင် | Lot-52 |
| (ဂ) | ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အမက-အလယ်ကင်း | Lot-53 |
| (ဃ) | ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ အထက(ခွဲ)ရခိုင်ချောင် | Lot-53 |

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၄၃၀၇၄၃၂၇၊ ၀၉-၄၀၁၈၆၁၀၀၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆရာဒွေး** နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင် သား-ဆရာ ဒွေးသူရိန်ဝင်း

**အင်္ဂလိပ်စာ သဒ္ဒါ၊ အရေး နှင့် 4 Skills**

တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။

မတ်လ(၇/၉)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။

**4 Skills နိုင်ငံတကာအဆင့်မီသင်ကြားမှု**

၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။

Ph: 01-375970, 0951 72096, 09254541441

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီပိုင်၊ နေပြည်တော် အုတ်စက်ရုံတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ကျောက်မီးသွေး ၂၆၀၀ တန်အား တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အမျိုးအစား | ဝယ်ယူမည့် တန် | ရေငွေ့ ပါဝင်မှုနှုန်း | အပူဓာတ် ပေးသည့်နှုန်း |
|---|---|---|---|---|
| (က) | နမ့်စန် | ၆၀၀တန် | ၁၅% | 4500 K Cal/Kg. 8230 Btu/Lb |
| (ခ) | မကွေးတိုင်း ပဒါန်း/ပေါက် (မြေနီဒေသ) | ၆၀၀တန် | ၁၂% | 4800 K Cal/Kg. 8780 Btu/Lb |
| (ဂ) | ကလေးဝ | ၁၄၀၀တန် | ၁၀% | 5100 K Cal/Kg. 9330 Btu/Lb |

၂။ (က) **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၇-၃-၂၀၁၉ ရက်

(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၁-၃-၂၀၁၉ ရက် ၁၆း၀၀ နာရီ

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - နေပြည်တော်အုတ်စက်ရုံ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်-

- နေပြည်တော်အုတ်စက်ရုံ၊ ပျဉ်းမနား-တောင်ညိုကားလမ်း၊ မိုင်တိုင် ၁၆/၄၊ မင်းကုန်းကျေးရွာအနီး၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
- ဆက်သွယ်ရန်ဖုန်း- ၀၉-၇၈၄၃၀၀၀၄၃၊ ၀၉-၄၃၁၃၂၇၄၉၊ ၀၉-၇၆၇၁၆၄၅၀၉

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ ဥစ္စာန္တယ်အုပ်စု၊ အလယ်ကျွန်းကျေးရွာနေ ဦးပုမောင်၊ ဒေါ်သောင်းကြည်တို့၏သမီး မနှင်းမာသည် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုမူနေသည့်အတွက် ဤကြော်ငြာပါသည့်ရက်မှစ၍ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်၄င်းနှင့်ပတ်သက်သည့်ကိစ္စများအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးပုမောင် ၉/ပဘန(နိုင်)၀၂၃၂၆၅**
**ဒေါ်သောင်းကြည် ၉/ပဘန(နိုင်)၁၅၅၇၀၂**

**ဖခင် အမည်မှန်** ရမည်းသင်းမြို့နယ်၊ အင်တိုင်းအုပ်စု၊ သပြေပင်ကျေးရွာ၊ အလက သပြေပင် (၇)၊ ပဥ္စမတန်းမှ မလင်းလင်းထက်၏ဖခင် ဦးဝမ်ဟုန်ပန်း၏အမည်မှန်မှာ ဦးတင်ကိုလွင်၁၃/တယန(နိုင်)၀၀၀၀၀၈ဖြစ်ပါကြောင်း။ **ဦးတင်ကိုလွင်**





ဖယ်သာဝိတ်တန်းတွင် ယှဉ်ပြိုင်ထိုးသတ်မည့် ဖိုးသော် လေ့ကျင့်ပြင်ဆင်နေစဉ်။ ဓာတ်ပုံ- မင်းထက်

# မြန်မာနိုင်ငံ၌ နဝမအကြိမ် ကျင်းပမည့် ဝမ်းချန်ပီယံရှစ် ပြိုင်ပွဲတွင် အကောင်းဆုံးယှဉ်ပြိုင်ကာ ပြိုင်ဘက်အား အနိုင်ယူမည်ဟု ဖိုးသော်ပြောကြား

**ရန်ကုန် မတ် ၅**

စင်ကာပူနိုင်ငံအခြေစိုက် One Championship အဖွဲ့က ဦးစီး၍ မြန်မာနိုင်ငံတွင် နဝမအကြိမ်မြောက် ကျင်းပမည့် One Championship ပြိုင်ပွဲတွင် အိမ်ရှင်မြန်မာနိုင်ငံ အနေဖြင့် ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မည့် MMA ကစားသမား ဖိုးသော်သည် တစ်ဖက်ပြိုင်ဘက်အား အကောင်းဆုံးယှဉ်ပြိုင်ကာ အနိုင်ယူမည်ဟု ပြောကြားသည်။

ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ ဂျန်းရှင်းမော်တင်ငါးလွှာရှိ Transcend Gym ၌ ကျင်းပသော ပွဲကြိုစာနယ်ဇင်းရှင်းလင်းပွဲတွင် One Championship ၏ ကိုယ်ခံပညာပေါင်းစုံ ဖယ်သာဝိတ်တန်းပြိုင်ပွဲ၌ မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မည့် MMA ကစားသမား ဖိုးသော်က ယင်းသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

"လာမယ့် မတ် ၈ ရက် ရန်ကုန်မြို့မှာ One Championship အဖွဲ့က ဦးစီးကျင်းပတဲ့ Reign of Valor Open Workout ပြိုင်ပွဲမှာ ယခင်ပြိုင်ပွဲတစ်လျှောက် အားနည်းချက်တွေကို အထူးပြင်ဆင်ထားပါတယ်။ အရင်ပွဲတွေနဲ့ မတူတဲ့ပြိုင်ဆိုင်မှုမျိုး ဒီပွဲမှာ ပရိသတ် *စာမျက်နှာ ၁၂ ကော်လံ ၁* ❄

# မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း နောက်ဆုံးပွဲတွင် ထိုင်းနှင့် သရေကျ



မြန်မာနှင့် ထိုင်းအသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-MFF

**ရန်ကုန် မတ် ၅**

၂၀၁၉ ဂျပန်-အာဆီယံ ယူ-၁၉ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုစတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းက ဂျပန်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာနှင့် ထိုင်းအသင်း ဂိုးမရှိသရေကျခဲ့သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် နိုင်ပွဲဆက်ရန် ကြိုးပမ်းခဲ့သော်လည်း သရေရလဒ်ဖြင့် ကျေနပ်ခဲ့ရသည်။ အာဆီယံဒေသတွင်း အသင်းနှစ်သင်း တွေ့ဆုံသောကြောင့် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ဂိုးသွင်းခွင့်များ အသုံးမချနိုင်၍ သရေကျခဲ့ခြင်း ဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲတွင် ပွဲအားလုံးယှဉ်ပြိုင်ပြီးစီးသွားပြီး လေးပွဲကစား တစ်ပွဲနိုင်၊ သုံးပွဲသရေ ခြောက်မှတ်ရရှိခဲ့သည်။ မြန်မာအသင်းသည် ဂျပန်ကလပ် အိုကီနာဝါ ယူ-၁၉ အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး ဗီယက်နမ်နှင့် ဂိုးမရှိသရေ၊ ဂျပန်နှင့် တစ်ဂိုးစီသရေ၊ ထိုင်းနှင့် ဂိုးမရှိသရေကျခဲ့ခြင်းဖြစ်သည်။ အုပ်စုပွဲများမှာမူ မတ် ၆ ရက် (ယနေ့) မှ ပြီးဆုံးမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုလေးပွဲကို ရက်ဆက်ကစားခဲ့ရခြင်းဖြစ်သည်။ **ရဲရင့်ရှိုင်း**

# Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ (၃)မိနစ်မှ (၁၅)မိနစ်ခန့်အထိ ပြတ်တောက်မည့်အခြေအနေ အသိပေးခြင်း

**နေပြည်တော် မတ် ၅**

နေ၊ ဂြိုဟ်တုနှင့် TVRO (စလောင်း)တို့ တစ်တန်းတည်း ကျရောက်ချိန်တွင် Sun Outage ဖြစ်ပေါ်ကြောင်း၊ ယင်းသို့ Sun Outage ဖြစ်ပေါ်ချိန်တွင် ဂြိုဟ်တုမှ ပေးပို့ထုတ်လွှင့်နေသော အရုပ်/အသံ အချက်အလက်များ ခေတ္တယာယီ ပြတ်တောက်မှုများ ဖြစ်ပေါ်လေ့ရှိကြောင်း၊ Sun Outage ဖြစ်စဉ်မှာ နှစ်စဉ် ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး နှစ်စဉ်မတ်လတွင် (၁)ကြိမ်၊ စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းတို့တွင် (၁)ကြိမ် ကြုံတွေ့ရလေ့ရှိကြောင်း၊ ၎င်းဖြစ်စဉ်သည် ထုတ်လွှင့်သည့် ဂြိုဟ်တု၊ ဖမ်းယူသည့် TVRO (စလောင်း)အရွယ်အစားနှင့် တည်နေရာတို့အပေါ်မူတည်၍ Sun Outage ဖြစ်သော အချိန်နှင့် Signal ပြတ်တောက်မှုကြာချိန်တို့ ကွာခြားမှုရှိကြောင်း၊ Thaicom-6 ဂြိုဟ်တုကို အသုံးပြု၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော TV Channel များနှင့် ရေဒီယိုအစီအစဉ်များသည် မတ် ၆ ရက်မှ ၁၇ ရက်အထိ နေ့စဉ် (၃)မိနစ်မှ (၁၅)မိနစ်ခန့်ထိ Sun Outage ဖြစ်စဉ်ကြောင့် Signal ပြတ်တောက်မှု ဖြစ်ပေါ်နိုင်ကြောင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ သတင်းရရှိသည်။ **သတင်းစဉ်**



ပွဲဦးထွက်ယှဉ်ပြိုင်ရမည့် မြန်မာနှင့် နီပေါအသင်း ပထမအဆင့်ခြေစစ်ပွဲတွင် တွေ့ဆုံခဲ့စဉ်။ ဓာတ်ပုံ-စိုးညွန့်

# မြန်မာအမျိုးသမီးအသင်း ယှဉ်ပြိုင်မည့် အိုလံပစ်ဒုတိယအဆင့်ခြေစစ်ပွဲ ပွဲစဉ်များ ထွက်ပေါ်

**ရန်ကုန် မတ် ၅**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၀ တိုကျိုအိုလံပစ် အမျိုးသမီးဘောလုံး ဒုတိယအဆင့် ခြေစစ်ပွဲအုပ်စုပွဲစဉ်များ ထွက်ပေါ်လာပြီ ဖြစ်သည်။

ဒုတိယအဆင့်ခြေစစ်ပွဲကို အုပ်စုသုံးခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းပါဝင်သည့် အုပ်စု(က) ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကာ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (က)တွင် မြန်မာ၊ အိန္ဒိယ၊ နီပေါ၊ အင်ဒိုနီးရှား၊ အုပ်စု(ခ)တွင် ဗီယက်နမ်၊ ဂျော်ဒန်၊ ဟောင်ကောင်၊ ဥဇဘက်ကစ္စတန်၊ အုပ်စု(ဂ)တွင် တရုတ်(တိုင်ပေ)၊ အီရန်၊ ဖိလစ်ပိုင်၊ ပါလက်စတိုင်းအသင်းတို့ ပါဝင်နေကာ အုပ်စုပွဲများကို ဧပြီ ၃ ရက်မှ ၉ ရက်အထိ *စာမျက်နှာ ၁၂ ကော်လံ ၁* ❖



မြန်မာ့အလင်း

ယနေ့ရန်ကုန် Yangon Today

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁ ရက်

၂၀၁၉ ခုနှစ်၊ မတ် ၆ ရက်၊ ဗုဒ္ဓဟူးနေ့

# ရန်ကုန်မြို့ဖွံ့ဖြိုးစေရေး
# အားအင်အပြည့်လည်ပတ်ပေး

## ထင်ပေါ်ဝင်း

ရန်ကုန်မြို့တော်တွင် လူ့အသုံးအဆောင်ပစ္စည်းများဖြစ်သော အဝတ်အစား၊ အထည်အလိပ်၊ အိုးခွက်ပန်းကန်၊ စားသောက်ကုန် အစားအသောက်အစရှိသည်တို့ကို ရောင်းချလျက်ရှိသော လက်ကားဈေးကြီးများ၊ လက်လီဈေးများ၊ မြို့နယ်အလိုက် ဈေးများ၊ ရပ်ကွက်ဈေးများ၊ ပျံကျဈေး၊ လမ်းဘေးဈေးဟူ၍ ဈေးအမျိုးအစားပေါင်း မြောက်မြားစွာက နေရာစုံတွင် ရောင်းချလျက်ရှိသည်။ မင်္ဂလာဈေး၊ သိမ်ကြီးဈေး၊ ညောင်ပင်လေးဈေးတို့သည် ရန်ကုန်မြို့၏ ဗဟိုအချက်အချာကျသော နေရာများတွင်တည်ရှိပြီး အနယ်နယ်အရပ်ရပ်မှ လာရောက်ဈေးဝယ်သူများနှင့် စည်ကားနေလေ့ရှိသည်။ ထို့အတူ ကြည့်မြင်တိုင် စံပြငါးဈေးနှင့် လှိုင်မြို့နယ်အတွင်းရှိ သီရိမင်္ဂလာ ဈေးသစ်တို့သည်လည်း မြို့တော်ရန်ကုန်အတွက် ငါးနှင့် ဟင်းသီးဟင်းရွက်တို့ကို ဖြည့်ဆည်းပေးလျက်ရှိသည်။

### မြို့တော်အင်္ဂါရပ်နှင့်ညီ

ယခုအခါ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဈေးများဌာနသည် ဈေးများအဆင့်မြှင့်တင်ခြင်း၊ အသစ်ပြန်လည်တည်ဆောက်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ဥပမိရုပ်ပျက်စီးကာ ဟောင်းနွမ်းစပြုနေသော ဈေးများကို အသစ်ပြန်လည်တည်ဆောက်ပေးခြင်း၊ မြို့တော်တစ်ခု၏ အင်္ဂါရပ်နှင့် မညီညွတ်သော ဈေးများကို အဆင့်မြှင့်တင်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ မင်္ဂလာဈေးကဲ့သို့ မီးလောင်ဆုံးရှုံးခဲ့သောဈေးကို နိုင်ငံတကာအဆင့်မီ ဈေးသစ်ကြီးအဖြစ် တင်ဒါခေါ်ယူကာ တည်ဆောက်စေလျက်ရှိသည်။ ထို့အတူ ရန်ကုန်မြို့စွန် မြို့နယ်တစ်ခုဖြစ်သော ရွှေပြည်သာမြို့နယ်၌လည်း သံဒင်းဈေးနှင့် လှော်ကားနီလာဈေးတို့ကို အသစ်ပြန်လည်တည်ဆောက်ပေးလျက်ရှိသည်။

မင်္ဂလာဈေးကို ၂၀၁၈ ခုနှစ် မေလမှ စတင်ဆောက်လုပ်ခဲ့ပြီး ယခုအခါ တည်ဆောက်ရေးလုပ်ငန်းများ ၁၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။ အထပ်ပေါင်း ၁၇ ထပ်ပါဝင်မည့် အဆိုပါဈေးသစ်ကြီးကို ၂၀၂၁ ခုနှစ် ဧပြီလအတွင်း ဖွင့်လှစ်နိုင်ရေးအတွက် လျာထားဆောက်လုပ်နေသည်။ အသစ်ပြန်လည် တည်ဆောက်လျက်ရှိသော မင်္ဂလာဈေးသစ်ကြီးကို နိုင်ငံတကာအဆင့်မီ လက်ကားဈေးကြီးအဖြစ် ရည်ရွယ်ဆောက်လုပ်လျက်ရှိပြီး ဆေးနှင့် အခြားပစ္စည်းများ စနစ်တကျ သိုလှောင်နိုင်ရန် အပူချိန်ထိန်းညှိပေးသော ကုန်ပစ္စည်းသိုလှောင်ရုံငယ်များ၊ ဈေးအတွင်းရှိ ရောင်းကုန်များအား စနစ်တကျဖြန့်ဖြူးနိုင်မည့် အစီအမံများကို ထည့်သွင်းတည်ဆောက်လျက်ရှိသည်။ ယင်းဈေးသစ်ကြီးတွင် ဈေးဆိုင်ခန်းများ၊ ရုံးခန်းများ၊ သိုလှောင်ရုံငယ်များအပြင် စားသောက်ဆိုင်များ၊ စူပါမားကတ်များပါ ပါဝင်မည်ဖြစ်သည်။ ထို့ပြင် ယာဉ်အစီးရေ ၈၀၀ ခန့် ရပ်နားနိုင်မည့် ယာဉ်ရပ်နားရန်နေရာလည်း ပါဝင်မည်ဖြစ်သည်။

### ရွှေပြည်သာမြို့နယ်မှ ဈေးများ

ရန်ကုန်မြို့လယ်ရှိ မင်္ဂလာဈေးကို နိုင်ငံတကာ အဆင့်မီဈေးသစ်ကြီးအဖြစ် အဆင့်မြှင့်တင် တည်ဆောက်နေသကဲ့သို့ အခြားတစ်ဖက်တွင်လည်း ဖွံ့ဖြိုးမှုနည်းပါးနေသည့် ရွှေပြည်သာ မြို့နယ်အတွင်းရှိ ဈေးများဖြစ်သော ၂၀ ရပ်ကွက်အတွင်းရှိ သံဒင်းဈေးနှင့် တ ၁၅ ရပ်ကွက် အတွင်းရှိ လှော်ကားနီလာဈေးတို့ကိုလည်း မူလကိုယ့်အားကိုယ်ကိုးတည်ဆောက်ထားသော ဈေးများအစား တစ်ထပ်ဈေးရုံအသစ်များကို တည်ဆောက်ပေးလျက်ရှိသည်။ အဆိုပါဈေး နှစ်ဈေးတွင် ဈေးရုံလေးရုံစီ တည်ဆောက်မည်ဖြစ်ရာ သံဒင်းဈေးတွင် ၂၀၁၇ ခုနှစ်မှစ၍ ဈေးရုံ တစ်ရုံ၊ ၂၀၁၈ ခုနှစ်တွင် ဈေးရုံတစ်ရုံ တည်ဆောက်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ဈေးရုံ နှစ်ရုံ တည်ဆောက်လျက်ရှိသည်။ ဈေးရုံများတည်ဆောက်မှုကို မေလခန့်တွင် အပြီးတည်ဆောက်သွားမည်ဟု သိရသည်။ လှော်ကားနီလာဈေးတွင်လည်း ယခင်နှစ်က ဈေးရုံတစ်ရုံတည်ဆောက်ခဲ့ပြီး ယခုနှစ်တွင် ဈေးရုံသုံးရုံတည်ဆောက်လျက်ရှိကာ မေလအတွင်းမှာပင် အပြီးသတ်နိုင်မည်ဟု သိရသည်။

**အချပ်ပို (ဃ) သို့**



**ရန်ကုန်မြို့လယ်ရှိ မင်္ဂလာဈေးကို နိုင်ငံတကာအဆင့်မီ ဈေးသစ်ကြီးအဖြစ် အဆင့်မြှင့်တင် တည်ဆောက်နေသကဲ့သို့ အခြားတစ်ဖက်တွင်လည်း ဖွံ့ဖြိုးမှုနည်းပါးနေသည့် ရွှေပြည်သာမြို့နယ်အတွင်းရှိ ဈေးများဖြစ်သော ၂၀ ရပ်ကွက်အတွင်းရှိ သံဒင်းဈေးနှင့် တ ၁၅ ရပ်ကွက်အတွင်းရှိ လှော်ကားနီလာဈေးတို့ကိုလည်း မူလကိုယ့်အားကိုယ်ကိုး တည်ဆောက်ထားသော ဈေးများအစား တစ်ထပ်ဈေးရုံ အသစ်များကို တည်ဆောက်ပေးလျက်ရှိ သည်။**

# ဆေးလိပ်ငွေ့ကင်းစင်ရေးနဲ့ ရန်ကုန်မြို့

ဝေယံဦး

**ရန်ကုန်မြို့** ဟာ လူဦးရေများပြားလာတာနဲ့အမျှ အဲဒီပြည်သူတွေရဲ့ ကျန်းမာရေးကောင်းမွန်အောင် ကုသပေးမှု၊ ပံ့ပိုးပေးမှု၊ အသိပညာဗဟုသုတတွေ ရရှိအောင် မျှဝေပေးမှုနဲ့ ကိုယ်တိုင်လိုက်နာကျင့်သုံးနိုင်အောင် စည်းရုံးနှိုးဆော်မှုတွေ ဆောင်ရွက်ပေးနေပါတယ်။ ရန်ကုန်မြို့နေ ပြည်သူတွေ ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေမယ့် ဆောင်ရွက်မှုတစ်ရပ်အဖြစ် ကျောက်တံတားမြို့နယ်ကို ဆေးလိပ်ငွေ့ကင်းစင်တဲ့ မြို့နယ်တစ်မြို့နယ်အဖြစ် အကောင်အထည်ဖော်နေပြီဖြစ်ပါတယ်။



ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ၌ လာရောက်အပန်းဖြေသူများအား တွေ့ရစဉ်။

### ငါးမြို့နယ်ဆေးလိပ်ငွေ့ကင်းစင်ရေး

"ရန်ကုန်တိုင်းဒေသကြီးအတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနဲ့ မြို့နယ်ပေါင်း ၃၃ မြို့နယ်မှာ ဆေးလိပ်ငွေ့ကင်းစင်အောင် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အခုဆိုရင် ကျောက်တံတားမြို့နယ်မှာ ဆေးလိပ်ငွေ့ကင်းစင်တဲ့ မြို့နယ်အဖြစ် အကောင်အထည်ဖော်နေပြီဖြစ်ပါတယ်။ ကျောက်တံတားမြို့နယ်ပြီးရင် ရန်ကုန်မြို့တွင်း ငါးမြို့နယ်မှာလည်း ဆေးလိပ်ငွေ့ကင်းစင်ရေး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါက်တာသန်းစိန်က မြန်မာ့အလင်းကို ပြောကြားပါတယ်။

ကျောက်တံတားမြို့နယ်အတွင်းမှာ အစိုးရရုံးအဆောက်အအုံတွေနဲ့ ပန်းခြံ၊ ဟိုတယ်၊ ကျောင်း၊ စီးပွားရေးအဆောက်အအုံတွေဟာ စုစုပေါင်း ၅၀၀ ခန့်ရှိနေပါတယ်။ အဲဒီနေရာတွေမှာ ဆေးလိပ်မသောက်ရနယ်မြေတွေ၊ ဧရိယာတွေ သတ်မှတ်ထားပြီး သတိပေးဆိုင်းဘုတ်တွေ၊ စာတန်းတွေလည်း တပ်ဆင်ပေးထားပါတယ်။ အများပြည်သူဝင်ထွက်သွားလာနေတဲ့ ဈေး၊ ဆေးရုံ၊ ဘုရား၊ ပန်းခြံ၊ လေအေးစက်တပ်ထားတဲ့ ခန်းမတွေမှာ ဆေးလိပ်မသောက်ရ ဧရိယာအဖြစ် သတိပေးစာတန်းများ ထားရှိခြင်းတွေလည်း ဆောင်ရွက်ထားပါတယ်။

### တာဝန်ရှိသူတွေကလည်း ဆေးလိပ်မသောက်ရေး ဝိုင်းဝန်းကြိုးကြပ်

ဒီလိုဆေးလိပ်ငွေ့ကင်းစင်ရေး မြို့နယ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်တဲ့အခါ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေ စတဲ့ အလွှာပေါင်းစုံက တာဝန်ရှိသူတွေ ပူးပေါင်းပါဝင်ဆောင်ရွက်ရမှာ ဖြစ်တာမို့ နိုးနိုးကြားကြား တက်တက်ကြွကြွနဲ့ သတ်မှတ်ကာလအတွင်း အောင်မြင်မှုရအောင် ဝိုင်းဝန်းစွမ်းဆောင်ကြရမှာဖြစ်ပါတယ်။ ဒါ့အပြင် အဲဒီအဆောက်အအုံ၊ ဧရိယာ၊ နယ်မြေနဲ့ သတ်မှတ်နေရာတွေရဲ့တာဝန်ရှိသူတွေကလည်း ဆေးလိပ်မသောက်ရေး ဝိုင်းဝန်းကြီးကြပ်ကြရမှာဖြစ်ပါတယ်။

"ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ရှိတဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ မြို့နယ် ၃၃ မြို့နယ်မှာ လာမယ့်ငါးနှစ်အတွင်း ဆေးလိပ်ငွေ့ကင်းစင်တဲ့ မြို့နယ်တွေ ဖြစ်လာအောင် တိုင်းဒေသ ကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီနဲ့ ကျွန်တော်တို့ ညှိနှိုင်းထားပါတယ်။ လာမယ့် ၂၀၂၂ ခုနှစ်မှာ ရန်ကုန်မြို့တစ်ခွင် ဆေးလိပ်ငွေ့ကင်းစင်အောင် ကြိုးစားသွားဖို့ ကျွန်တော်တို့ မျှော်မှန်းထားပါတယ်" ဟု ဒေါက်တာ သန်းစိန်က ပြောပါတယ်။

ဒီလိုဆောင်ရွက်တဲ့အခါ မြို့နယ်အုပ်ချုပ်ရေးမှ တာဝန်ရှိသူတွေ၊ အစိုးရနဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ စုပေါင်းပြီး လူထုလှုပ်ရှားမှု သဏ္ဍာန်အဖြစ် ဖော်ဆောင်မှုတွေကိုလည်း ပြုလုပ်လျက်ရှိပါတယ်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၆ ရက်က ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံမှာ ကျောက်တံတားမြို့နယ် ဆေးလိပ်ငွေ့ကင်းစင်ရေး လူထုလှုပ်ရှားမှု ပြုလုပ်ခဲ့ပါတယ်။ အသိပညာပေးမှုတွေကတစ်ဆင့် ပြည်သူများအကြား ဆေးလိပ်မသောက်ရေးအသိ ပိုမိုကျယ်ပြန့်စွာ စိမ့်ဝင်ရောက်ရှိနိုင်ရေးလည်း ဆောင်ရွက်နေတာမို့ ထိရောက်တဲ့ နည်းလမ်းတွေပဲ ဖြစ်ပါတယ်။




### သောက်သုံးမှုလျော့ကျသွား

ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနဲ့ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ထုပ်ပိုးခြင်းများတွင် ကျန်းမာရေးသတိပေးရုပ်ပုံနဲ့ စာသားတံဆိပ်ရေးသားခြင်းဆိုင်ရာများနှင့် ပတ်သက်ပြီး ၂၀၁၆ ခုနှစ်မှာ အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့တဲ့အတွက် ဆေးလိပ်သောက်သုံးသူတွေ စိုးရိမ်စိတ်၊ ကြောက်ရွံ့စိတ်တွေကြောင့် သောက်သုံးမှုလျော့ကျသွားပါတယ်။ ဒါ့အပြင် ဆေးလိပ်ကြော်ငြာတွေ၊ ဆိုင်းဘုတ်တွေလည်း မရှိသလောက်ဖြစ်သွားတာမို့ ဒါဟာ ထိရောက်မှုရှိခဲ့တာ အမှန်ပါပဲ။

အခုဆိုရင် ကျောက်တံတားမြို့နယ် အပါအဝင် ရန်ကုန်မြို့ မြို့နယ်များမှာ ဆေးလိပ်၊ စီးကရက်ကြော်ငြာဆိုင်းဘုတ်တွေ မရှိသလောက်ဖြစ်သွားတာ သတိပြုမိစရာကောင်းတဲ့အထိ ထိရောက်ခဲ့ပါတယ်။ စီးကရက်ဘူးရဲ့ မျက်နှာပြင်နှစ်ဖက်စလုံး ကင်ဆာရောဂါဖြစ်ပွားနေတဲ့ပုံ ထည့်သွင်းဖော်ပြထားခြင်းဟာ ဆေးလိပ်သောက်မှုကို အတိုင်းအတာတစ်ရပ်အထိ လျော့ကျစေခဲ့ပါတယ်။

### ရှေ့ပြေးစီမံကိန်းမြို့နယ်အဖြစ် ဆောင်ရွက်နေ

ရန်ကုန်မြို့မှာ ဆေးလိပ်ငွေ့ကင်းစင်ရေးမြို့နယ်တွေ ထွက်ပေါ်လာစေဖို့နဲ့ လာမယ့် ၂၀၂၂ ခုနှစ်ကုန်မှာ ဆေးလိပ်ငွေ့ကင်းစင်တဲ့ မြို့နယ်ပေါင်း ၃၃ မြို့နယ် ဖြစ်ပေါ်လာစေရေး ရည်မှန်းပြီး ကျောက်တံတားမြို့နယ်ကို ရှေ့ပြေးစီမံကိန်းမြို့နယ်အဖြစ် ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ပထမဆုံး အကောင်အထည်ဖော်တဲ့ မြို့နယ်ဖြစ်တာမို့ အားသာချက်၊ အားနည်းချက်တွေ၊ လိုအပ်ချက်နဲ့ ထပ်မံအားဖြည့်ဆောင်ရွက်ရမယ့် အတိုင်းအတာကို သိရှိစေမှာ ဖြစ်ပါတယ်။

### ၃၀ ရာခိုင်နှုန်းအထိ ကျဆင်းသွား

ဆေးလိပ်ငွေ့ကင်းစင်ရေးအတွက် ဆေးလိပ်သောက်ခွင့်မရှိတဲ့ နေရာတွေကို သတ်မှတ်ထားရာမှာတော့ ဆေးရုံပရဝဏ်၊ ဆေးကုဂေဟာများနဲ့ ဆေးခန်းတွေ၊ အားကစားရုံနဲ့ အမိုးအကာရှိတဲ့ အားကစားကွင်းတွေ၊ ကလေးကစားရုံနဲ့ ကစားကွင်းတွေ၊ စာသင်ကျောင်းပရဝဏ်အတွင်းနဲ့ ကျောင်းနဲ့ အနည်းဆုံး မီတာ ၁၀၀ အကွာအဝေး၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နဲ့ သိပ္ပံတို့ရဲ့ သင်ကြားရေး အဆောက်အအုံ၊ စာသင်ခန်းနဲ့ ရုံးခန်းတွေ၊ ဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ ဗီဒီယိုနဲ့ အခြားပွဲများကျင်းပရာ အဆောက်အအုံတွေ၊ ကုန်တိုက်၊ ကုန်ပဒေသာဆိုင်၊ စတိုးဆိုင်နဲ့ ဈေးရုံတွေ၊ ပြတိုက်၊ မော်ကွန်းတိုက်၊ အများပြည်သူသုံးစာကြည့်တိုက်နဲ့ စာဖတ်ခန်းတွေ၊ ဓာတ်လှေကားနဲ့ ရွေ့လျားဓာတ်လှေကားတွေ၊ ခရီးသည်ပို့ဆောင်ရေး မော်တော်ယာဉ်တွေ၊ လေအေးစက်တပ်ဆင်တဲ့ အများပြည်သူသုံးအခန်းတွေ၊ ရုံးဌာနတို့ရဲ့ အဆောက်အအုံတွေ၊ စက်ရုံ၊ အလုပ်ရုံတွေ၊ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာနဲ့ တည်းခိုရိပ်သာတွေ၊ ဘူတာရုံ၊ သင်္ဘောဆိပ် စတဲ့နေရာတွေမှာ ဆေးလိပ်သောက်သုံးခွင့် တားမြစ်ထားမှာ ဖြစ်ပါတယ်။ ကျောက်တံတားမြို့နယ်အတွင်းမှာ ရှိတဲ့ အဲဒီနေရာတွေမှာ ဆေးလိပ်မသောက်ရ သတ်မှတ်ထားတာမို့ လောလောဆယ်မှာ ဆေးလိပ်သောက်သုံးမှု ၃၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားတယ်လို့ ဒေါက်တာသန်းစိန်က ပြောပါတယ်။

"ဆေးလိပ်ငွေ့ကင်းစင်ရေး အကောင်အထည်ဖော်ရာမှာ တိုင်းဒေသကြီးအစိုးရရော၊ မြို့နယ်စည်ပင်ရော၊ ဆက်စပ်ဌာနတွေရော၊ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ ပြည်သူတွေပါ ပူးပေါင်းပါဝင်ရင် အဲဒီနယ်မြေတွေမှာ ဆေးလိပ်သောက်သုံးမှု ၈၀ ရာခိုင်နှုန်းအထိ လျော့ကျသွားတယ်ဆိုရင် ကျွန်တော်တို့ မျှော်မှန်းချက်က အောင်မြင်မှုရတယ်၊ အကျိုးကျေးဇူးသိသာစွာ ရရှိတယ်လို့ ဆိုရမှာပါ"ဟု ၎င်းက ပြောပါတယ်။

ဒါဆိုရင် ရန်ကုန်မြို့ဟာ ဆေးလိပ်ငွေ့ကင်းစင်တဲ့ မြို့ကြီးတစ်မြို့အဖြစ် ရောက်ရှိနိုင်မလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ။

**ဆေးလိပ်ငွေ့ကင်းစင်ရေး မြို့နယ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်တဲ့အခါ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနဲ့ အရပ်ဘက် အဖွဲ့အစည်းတွေ စတဲ့အလွှာပေါင်းစုံက တာဝန်ရှိသူတွေ ပူးပေါင်းပါဝင်ဆောင်ရွက်ရမှာ ဖြစ်တာမို့ နိုးနိုးကြားကြား တက်တက်ကြွကြွနဲ့ သတ်မှတ်ကာလအတွင်း အောင်မြင်မှုရအောင် ဝိုင်းဝန်းစွမ်းဆောင်ကြရမှာဖြစ်**

# ရန်ကုန်မြို့ပြမှ ခိုနှင့် ခွေးလေခွေးလွင့် အန္တရာယ်

သျှင်ဝင်းသျှင်

ကျွန်တော်တို့ မြန်မာလူမျိုးဟာ အလွန်မှပဲ သနားစိတ်ရှိတတ်ကြပါတယ်။ သတ္တဝါများအပေါ်ဆို ပိုလို့ သနားစိတ်ဝင်တတ်ကြပါတယ်။

ဒီကနေ့ ရန်ကုန်မြို့မှာ ဒီသနားစိတ်ကြောင့် ခိုနဲ့ ခွေးပြဿနာဟာ ပိုလို့ကြီးထွားလာနေပြီလို့ ပြောရင် တိရစ္ဆာန်ချစ်သူများက မှတ်ချက်တွေ အများကြီးပေးကြလိမ့်မယ်လို့ ထင်ပါတယ်။

တကယ်လည်း လက်တွေ့ဖြစ်ပေါ်နေတဲ့ ပြဿနာတစ်ရပ်၊ အန္တရာယ်တစ်ရပ်ပါ။ ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းက လူမှုစာမျက်နှာပေါ်မှာ တွေ့လိုက်ရပါတယ်။ ခြောက်နှစ်အရွယ် ကလေး တစ်ယောက် သေဆုံးသွားရတဲ့ အဖြစ်အပျက်လေး တစ်ခုပါ။ မရမ်းကုန်းမြို့နယ်အတွင်းကပါ။

ဆေးပညာအရ “ဦးနှောက်အမြှေးရောင်ရောဂါ” လို့ ဆိုပါတယ်။ မိဘတွေကလည်း စဉ်းစားတာပေါ့။ ကလေးက ရေချိုးနောက်ကျရာက အပြင်းဖျားပြီး ဆေးရုံတက်ရတယ်။ နောက် ရက်တရက်ဆိုသလို သေဆုံးသွားရတယ်လို့ ဆိုပါတယ်။

**ဆရာဝန်ကြီးက မှတ်ချက်ပြု**

မိဘတွေက ဆေးရုံက ဆရာဝန်ကြီးကို မေးကြည့်တော့ ကလေးနေတဲ့အိမ်မှာ ငှက်တွေ များမွေးထားသလားလို့ ဆိုပါတယ်။ မိဘတွေကလည်း မမွေးဘူးပေါ့။ ဒါပေမယ့် ကလေးမှာ ဘက်တီးရီးယားပိုးတွေ ကူးစက်ခံရပြီး အတွင်းကလီစာတွေအထိ ထိခိုက်မှုတွေ ရှိနေတယ်လို့ ဆရာဝန်ကြီးက မှတ်ချက်ပြုခဲ့တယ်။

မိဘတွေ ဇဝေဇဝါဖြစ်ပြီး စဉ်းစားမှုတွေ ပြုလိုက်တဲ့အခါ သူတို့နေတဲ့အခန်း လေးလွှာ ဝရန်တာ မျက်နှာကြက်အမိုးအောက်မှာ ခိုတွေ အစုလိုက် အပြုံလိုက် အသိုက်အအုံဖွဲ့နေတာကို ပြန်စဉ်းစားလို့ ရခဲ့တယ်။

ဒါကြောင့် ကလေးက ခဏခဏ ခေါင်းကိုက်တယ်၊ ဗိုက်နာတယ်ပြောတာကို မယုံနိုင်ခဲ့ဘူး။ ကျောင်းမတက်ချင်လို့ မူယာမာယာများတယ်လို့ပဲ ထင်ခဲ့တယ်။ အသိနောက်ကျခဲ့ရတဲ့၊ ဝမ်းနည်းဆုံးရှုံးရတဲ့ အဖြစ်အပျက်လေးပါ။

အထက်ကဆိုခဲ့သလို ကျွန်တော်တို့ မြန်မာလူမျိုးဟာ အလွန်မှပဲ သနားတတ်ကြပါတယ်။ သတ္တဝါတစ်ကောင်ကောင်ကို သနားလို့ပဲဖြစ်ဖြစ်၊ ရိုးရာအယူအဆ ယတြာချေလို့ပဲဖြစ်ဖြစ် အစာကျွေးလေ့ရှိတတ်ကြပါတယ်။

ဒီကနေ့ ရန်ကုန်မြို့ပြမှာ ခိုစာကျွေးကြသူတွေ နေရာအတော်များများမှာ တွေ့ရတတ်ပါတယ်။ ဒီနေရာမှာ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ ကုသိုလ်စိတ်နဲ့ဆိုရင်တော့ အားနည်းတဲ့သတ္တဝါတွေဟာ ကိုယ်ကကျွေးမှ စားရတာမို့ အလွန်ကောင်းမြတ်တဲ့ ဒါနကုသိုလ်တစ်ခုပါပဲ။

**သတိကြီးစွာနဲ့ နေထိုင်**

ဒါပေမယ့် ဒီကနေ့ မျက်မှောက်ကာလဟာ ဆိုးကျိုးတွေ များပြားနေတဲ့ခေတ်ကြီးပါ။ အဲဒီက တန်ပြန်ဖြစ်ပေါ်လာတဲ့ ဆိုးကျိုးတွေ၊ ပျက်စီးမှုတွေ အကြားမှာ ကျွန်တော်တို့ လူသားတွေ သတိကြီးစွာနဲ့ နေထိုင်စားသောက်ရမယ့်အခြေအနေကို ရောက်ရှိလာပါပြီ။

ခိုမတွေက တစ်နှစ်ကို နှစ်ကြိမ်ကနေ သုံးကြိမ်အထိ ဥ ဥလေ့ရှိကြပါတယ်။ ဥကနေ အကောင်ပေါက်ကြတာမို့ တစ်ကြိမ်ဥချရင် နှစ်လုံးကနေ သုံးလုံးအထိ ချတတ်ကြတယ်လို့ သိရပါတယ်။

ခိုနဲ့ပတ်သက်လို့ လက်တွေ့ဆိုးကျိုးတစ်ခုကို ကြည့်မြင်တိုင်မြို့နယ်က ဦးထွန်းဝင်းက “ခိုချေးတွေက အက်စစ်ဓာတ် ပါနိုင်တယ်။ မော်တော်ကားခေါင်မိုးနဲ့ ရှေ့အဖုံးပေါ်မှာကျနေတဲ့ ခိုချေးတွေကို နှစ်ပတ်လောက် မဆေးကြောဘဲထားမိရင် ဆေးတွေ အကွက်လိုက် အကွက်လိုက်ဖြစ်ပြီး ကျန်နေတတ်ပါတယ်” ဟု မျက်စိဖြင့် မြင်နိုင်တဲ့ ဆိုးကျိုးတစ်ခုကို လက်တွေ့ပြခဲ့ဖူးပါတယ်။

နောက် တိုက်တာအဆောက်အအုံတွေ၊ သာသနိက အဆောက်အအုံတွေမှာဆိုရင်လည်း ခိုချေးတွေ အထပ်ထပ်ဖြင့် အကျည်းတန်မှုကို မြင်တွေ့နေရပါတယ်။

ဆက်သွယ်ရေးဌာနမှ ဝန်ထမ်းတစ်ဦးက “ခိုစာကျွေးတဲ့နေရာနဲ့နီးတဲ့ ကြိုးတန်းတွေမှာဆို ခိုအကောင်ရာနဲ့ချီနေပြီး အစာကျွေးသူကို စောင့်မျှော်နေတတ်ကြပါတယ်။ အကောင်များတာနဲ့အမျှ ကြိုးတွေက အိကျတတ်ပါတယ်။ နောက် ပြတ်တောက်တဲ့အထိ အန္တရာယ်ရှိတတ်ပါတယ်” ဟု သူ့အမြင်ကို ပြောပြခဲ့သည်။

ကျန်းမာရေးနှင့်ပတ်သက်၍ ဒေသန္တရ ဆရာဝန်ကြီးတစ်ဦးက “ခိုတွေ အစာကျွေးလို့ ထထပျံတဲ့အခါ အဲဒီက ဖုန်မှုန့်တွေ၊ ခိုမွေးနုတွေက လေထဲမှာ ပျံ့လွင့်နေတတ်ပါတယ်။ သာမန်အားဖြင့် မမြင်နိုင်ကြပါဘူး။ နောက် နှစ်ရှည်လများ ခိုချေးနဲ့တွေ ရှူရှိုက်မိတဲ့အခါ ဦးနှောက်အမြှေးရောင်ရောဂါ၊ အစာအိမ်အူလမ်းကြောင်းရောဂါတွေ ဖြစ်ပွားတတ်လို့ ကိုယ်ဝန်ဆောင်အမျိုးသမီးများနဲ့ ကလေးငယ်တွေအတွက် ကူးစက်လွယ်ပြီး အလွန်စိုးရိမ်ရတဲ့ ဗိုင်းရပ်စ်ရောဂါတစ်မျိုးပါ” ဟုလည်း ဆိုပါတယ်။

**ခွေးမျိုးဆက်ပွားမှု ဟန့်တား**

နောက်အန္တရာယ်တစ်ခုက အရပ်ထဲက လမ်းပေါ်က ခွေးလေ ခွေးလွင့်တွေ ကိစ္စပါပဲ။ အရင်ကဆို စည်ပင်က တာဝန်ရှိသူတွေက ညဥ့်နက်ပိုင်းမှာ အစာအဆိပ်လာချလေ့ရှိပါတယ်။ တစ်နှစ်ကို တစ်ခါလောက်ပေါ့။ အခုတော့ ဒီလို အစာချသုတ်သင်ခြင်းကို မတွေ့ရတော့ပါဘူး။ အဲဒီအစား ခွေးတွေ မျိုးဆက်မပွားနိုင်အောင် ဟန့်တားမှုအဖြစ် ဆေးထိုးခြင်းလုပ်ငန်းဖြင့် အစားထိုးဆောင်ရွက်နေတယ်လို့ သိရပါတယ်။

အဲဒါကလည်း အချို့ခွေးချစ်တတ်သူများရဲ့ ကန့်ကွက်မှုတွေကြောင့်လို့ ထင်ပါတယ်။ အချို့ ရပ်ကွက်တွေဆိုရင် စည်ပင်က ခွေးအစာအဆိပ် ချတော့မယ်လို့ ကြိုတင်သိရှိပြီး မိမိတို့ချစ်တဲ့ ခွေးကို သိမ်းဆည်းထားကြသလို အချို့ခွေးအစာ အဆိပ်ချတဲ့ စည်ပင်ကလူကို ပြဿနာရှာတတ်ကြပါတယ်။

**ဘယ်သူမှ တာဝန်ယူလေ့မရှိ**

ဒါကလည်း လက်တွေ့ပါပဲ။ စာရေးသူအနေနဲ့ ရပ်ကွက်အုပ်ချုပ်ရေးပိုင်းမှာလည်း ပါဝင်တော့ စည်ပင်က တာဝန်ရှိသူတွေနဲ့အတူ လိုက်ပါခဲ့ရဖူးပါတယ်။ အဲဒီအခါ ခွေးမွေးသူတွေရဲ့မကြားတကြား ပြစ်တင်မှုတွေ၊ ကျိန်ဆဲမှုတွေ ခံရတတ်ပါတယ်။ ဒါပေမယ့် အဲဒီခွေးက တစ်ယောက်ယောက်ကို ကိုက်သွားရင် ပိုင်ရှင် ရှာမရတတ်တော့ပါဘူး။ ဘယ်သူမှ တာဝန်ယူလေ့ မရှိကြတော့ပါဘူး။

ပြီးခဲ့တဲ့ သုံးလေးလလောက်ကထင်ပါတယ်။ နယ်တစ်ခုမှာ ခွေးတွေဝိုင်းကိုက်လို့ ကလေးငယ် တစ်ယောက် အဖြစ်ဆိုးရွားစွာနဲ့ သေဆုံးသွားခဲ့ရတဲ့သတင်းကိုတော့ ကြားမိ၊ ဖတ်မိကြမှာပါ။ နောက် ပဲခူးတိုင်းဒေသကြီး အုန်းနဲ့ကျေးရွာမှာ ခွေးရူးလို့ယူဆရတဲ့ ခွေးအကိုက်ခံရမှုကြောင့် တစ်ရက်တည်း ရွာသား ၁၀ ယောက်ကျော် ဆေးရုံတက်ရောက် ကုသမှုခံယူရတယ်ဆိုတဲ့ သတင်း၊ ဒါ့အပြင် မွန်ပြည်နယ် ပေါင်မြို့နယ် ကဒါရပ်ကွက်မှာ ခွေးရူးအကိုက်ခံရလို့ လူ ၁၅ ဦး ဆေးရုံတက်ရောက် ကုသမှုခံယူရတယ်ဆိုတဲ့ သတင်းတွေက ကြောက်စရာကောင်းလှပါတယ်။

**ခွေးလေ ခွေးလွင့် ပိုမိုများပြားလာ**

ဒီလို ခွေးလေ ခွေးလွင့်တွေ သုတ်သင်မှုမရှိတဲ့နောက်ပိုင်း အရပ်တွေထဲမှာ ခွေးလေ ခွေးလွင့်က ဆပွားတိုးလာတာကို တွေ့နေရပါပြီ။ ပြီးခဲ့တဲ့ နှစ်ထက် ယခုနှစ် ပိုမိုများပြားလာပါတယ်။ အရပ်ထဲ ကိုက်တတ်တဲ့ခွေးတွေ ရှိတဲ့နေရာဆို မသွားရဲ မလာရဲတဲ့အထိ ဖြစ်လာကြပါပြီ။

စာရေးသူတို့ရပ်ကွက်ထဲဆို ခွေးအကောင်ရေ ၁၀၀ ကျော် ရှိနိုင်ပါတယ်။ အနီးဆုံးရပ်ကွက်နဲ့ မြို့နယ်တစ်ခုကို တွက်ပြပါ့မယ်။ ကြည့်မြင်တိုင်မြို့နယ်မှာ ၂၂ ရပ်ကွက်၊ စမ်းချောင်းမြို့နယ်မှာ ၁၈ ရပ်ကွက်၊ အလုံမြို့နယ်မှာ ၁၁ ရပ်ကွက် အဲဒီမြို့နယ်သုံးခုရဲ့ ၅၁ ရပ်ကွက်မှာပဲ တစ်ရပ်ကွက်ကို ပျမ်းမျှခွေးအကောင်ရေ ၁၀၀ နှုန်းနဲ့ပဲ တွက်ပါဦး။ စုစုပေါင်း အကောင်ရေ ၅၀၀၀ ကျော်ရှိနေမှာပါ။ ယနေ့ ရွေးကောက်ခံစည်ပင် ၃၃ မြို့နယ်နဲ့ ပြန်တွက်ရင် အဆပေါင်းများစွာရှိနေပါပြီ။

သက်ဆိုင်ရာအနေနဲ့ စီမံချက်တစ်ခုခုဖြင့် ဆောင်ရွက်ပေးဖို့လိုပြီဟု ဆိုနေကြပါတယ်။ သက်ဆိုင်ရာစည်ပင်ခွေးချစ်သူများ၊ ပရဟိတအဖွဲ့အစည်းများ ပေါင်းစပ်ဆောင်ရွက်သင့်ပါပြီ။ ဗုဒ္ဓဘာသာဝင်များပီပီ “ပါဏာတိပါတာကံ” မထိုက်စေချင်ပါ။ မျိုးမပွားစေရေးအတွက် ဆေးထိုးခြင်းကို အဓိကထားဆောင်ရွက်ကြရန် တိုက်တွန်းချင်ပါတယ်။

ထို့အပြင် ယနေ့အချိန်ဟာ ပူပြင်းတဲ့နွေရာသီသို့ရောက်ရှိလာပြီလည်း ဖြစ်ပါတယ်။ လက်ပံပွင့်များလည်း ပင်ထက်ဆီမှာ ရဲရဲနီအောင် ပွင့်နေကြပါပြီ။ လူကြီးသူမတွေက “လက်ပံပွင့်ချိန် ခွေးရူးချိန်” လို့ ရာသီနဲ့ယှဉ်ပြီး သတိပေးစကားထားခဲ့သည်ကိုတော့ အသိတရားနဲ့ သတိထားနိုင်ကြစေဖို့ ရေးသားလိုက်ရပါတယ်။ ။



“ခိုတွေ အစာကျွေးလို့ ထထပျံတဲ့အခါ အဲဒီက ဖုန်မှုန့်တွေ၊ ခိုမွေးနုတွေက လေထဲမှာ ပျံ့လွင့်နေတတ်ပါတယ်။ သာမန်အားဖြင့် မမြင်နိုင်ကြပါဘူး။ နောက် နှစ်ရှည်လများ ခိုချေးနံ့တွေ ရှူရှိုက်မိတဲ့အခါ ဦးနှောက်အမြှေးရောင်ရောဂါ၊ အစာအိမ်အူလမ်းကြောင်းရောဂါတွေ ဖြစ်ပွားတတ်လို့ ကိုယ်ဝန်ဆောင်အမျိုးသမီးများနဲ့ ကလေးငယ်တွေအတွက် ကူးစက်လွယ်ပြီး အလွန်စိုးရိမ်ရတဲ့ ဗိုင်းရပ်စ်ရောဂါ တစ်မျိုးပါ”



ဓာတ်ပုံ-ဘောဂါသွေး

# ရန်ကုန်မြို့ ရွှေပြည်သာ–သာဓုကန်စက်မှုဇုန် က တန်ဖိုးသင့် လျှပ်စစ်ကား နှစ်မျိုး တပ်ဆင်ထုတ်လုပ်လျက်ရှိ

● မျိုးမင်းသိန်း(မရမ်းကုန်း)

**ကားသုံးစွဲမှု တစ်နေ့တခြားများလာသော ရန်ကုန်မြို့တွင် လေထုညစ်ညမ်းမှုကလည်း တဖြည်းဖြည်းမြင့်တက်လာသည်ဖြစ်ရာ ပတ်ဝန်းကျင် သန့်ရှင်းသာယာမှုအတွက် ထိခိုက်မှုဖြစ်လာပြီ ဖြစ်သည့်အတွက်ကြောင့် စွမ်းအင်ချွေတာရာလည်းရ၊ ပတ်ဝန်းကျင် ထိခိုက်မှုလည်း လျော့နည်းစေမည့်ယာဉ်များ သုံးစွဲဖို့ လိုအပ်လာပြီဖြစ်သည်။**

မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေးအဖြစ် တရုတ်နိုင်ငံ၏ နည်းပညာဖြင့် အဆင့်မြင့်လျှပ်စစ်ကား နှစ်မျိုးကို ယခုနှစ် မတ်လပိုင်းတွင် ပထမဆုံးအဖြစ် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် သာဓုကန်စက်မှုဇုန်ရှိ မော်တော်ယာဉ်ထုတ်လုပ်သည့်စက်ရုံတွင် စတင်ထုတ်လုပ်နေပြီဖြစ်သည်။

ထုတ်လုပ်မှုပမာဏမှာ တစ်ရက်ကိုအစီးရေ ၄၀ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း Khaing Khaing Sangda ကားစက်ရုံ၏ မန်နေဂျင်းဒါရိုက်တာ မစ္စတာ Yu Jian Chen က သတင်းမီဒီယာများနှင့် မတ် ၄ ရက်က အဆိုပါစက်ရုံတွင် တွေ့ဆုံစဉ် ပြောကြားသည်။



သာဓုကန်စက်မှုဇုန်တွင် ထုတ်လုပ်ထားသော လျှပ်စစ်ကားများကို တွေ့ရစဉ်။ ဓာတ်ပုံ-မျိုးကြီး

**တစ်ရက်လျှင် ကားစီးရေ ၄၀ ထုတ်လုပ်ရန်**

ယခုအခါ မော်တော်ယာဉ်စက်ရုံ၌ (Hybrid) လျှပ်စစ်(ဘက်ထရီ)ကား KSD-V1 အမျိုးအစားကို အစီးရေ တစ်ရာကျော် ထုတ်လုပ်ထားပြီးဖြစ်သည်။ ထိုထုတ်ပြီးကားများအတွက် ယခုနှစ် မတ်လမကုန်မီ က.ည.န လိုင်စင်နံပါတ်များ ရရှိတော့မည်ဖြစ်ကြောင်း၊ ထပ်မံ၍ တစ်ရက်လျှင် ကားအစီးရေ ၄၀ ထုတ်လုပ်သွားရန် စီစဉ်ထားကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် ကားတာယာအကူအညီပေးကြောင်း ထိုမော်တော်ယာဉ် ထုတ်လုပ်သည့်ကားစက်ရုံမှ သိရသည်။

"ဒီလို လျှပ်စစ်ကားတွေကို မြန်မာနိုင်ငံအတွက် ပထမဆုံး ထုတ်လုပ်တင်သွင်းရတာဟာ တရုတ်နိုင်ငံက ဦးဆောင်ပြီး အကောင်အထည်ဖော်နေတဲ့ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းအတိုင်း ကျွန်တော်တို့ရဲ့ရင်းနှီးမြှုပ်နှံမှုကို တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေဖို့ အဓိကရည်ရွယ်ပါတယ်။ ဒီကားတွေ တင်သွင်းမှုအတွက် တရုတ်အစိုးရက အခွန်မယူပါဘူး။ မြန်မာနိုင်ငံသားတွေ ဈေးပေါပေါနဲ့ ဝယ်ယူအသုံးပြုနိုင်အောင် ဆောင်ရွက်ပေးသွားမှာပါ။အရစ်ကျစနစ်နဲ့လည်း ဆောင်ရွက်ပေးနိုင်ဖို့ အစီအစဉ်ရှိပါတယ်။



ထုတ်လုပ်နေဆဲ လျှပ်စစ်ကားများကို တွေ့ရစဉ်။ ဓာတ်ပုံ-မျိုးကြီး

ကားတွေကို တရုတ်နိုင်ငံမှာ ထုတ်လုပ်ပြီး မြန်မာနိုင်ငံမှာ တပ်ဆင်ထုတ်လုပ်ပေးသွားမှာပါ။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်**

မြို့တွင်း၊ မြို့ပြင် ဟိုင်းဝေး တစ်နိုင်ငံလုံးကို မောင်းနှင်နိုင်အောင် အဆင့်မြင့်နည်းပညာနဲ့ ထုတ်လုပ်ပေးထားပါတယ်။ ဘက်ထရီစွမ်းအင်ကို လျှပ်စစ်မီးရှိတဲ့နေရာတွေမှာ အလွယ်တကူသွင်းနိုင်ပြီး ဟိုင်းဝေးရောက်ရင် လမ်းမှာ ဘက်ထရီအား ရာခိုင်နှုန်းနည်းနေရင် ဆီထည့်ပြီး ကားရဲ့ဘက်ထရီကို အားဖြည့်ပေးနိုင်တဲ့ စက်လည်းပါပါတယ်။ အဲ့ဒီအတွက် ဟိုင်းဝေးတွေဆိုရင်လည်း ကောင်းစွာ အသုံးပြုနိုင်ပါတယ်။ အခုဆိုရင် စက်သုံးဆီဈေး မြင့်မားနေတာကိုလည်း လျှော့ချနိုင်မယ်။ မီးခိုးမထွက်တဲ့အတွက်ကြောင့် သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းနိုင်ပါတယ်" ဟု မစ္စတာ Yu Jian Chen က ထပ်မံပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ လျှပ်စစ်ကား KSD-V1 နှင့် KSD-V2 နှစ်မျိုးတို့သည် တရုတ်နိုင်ငံ YUE DI နှင့် မြန်မာနိုင်ငံ Khaing Khaing Sangda ကားစက်ရုံတို့ ပူးပေါင်းကာ ပထမဆုံး ဖက်စပ်ထုတ်လုပ်သော ကားများဖြစ်ကြောင်း သိရသည်။

**တစ်နာရီ ၅၀ ကီလိုမီတာ**

KSD-V1 အမျိုးအစားသည် ငါးယောက်စီးဖြစ်ပြီး တစ်နာရီလျှင် အမြန်နှုန်း ၅၀ ကီလိုမီတာဖြင့် မောင်းနှင်နိုင်သည်။ သာမန်အားရှိပါက ၅၅ ကီလိုမီတာသွားနိုင်ပြီး အားပြည့်နေလျှင် ကီလိုမီတာ ၁၀၀ အကွာအဝေးကို တစ်ဆက်တစ်စပ်တည်း သွားနိုင်သည်ဟု သိရသည်။

လစ်သီယမ်ဘက်ထရီအမျိုးအစားကို အသုံးပြုထားပြီး အင်ဂျင်ပါဝါ ၂၀၀ စီစီ ရှိသည်။ KSD-V2 အမျိုးအစားသည် ငါးယောက်စီးဖြစ်ပြီး အင်ဂျင်ပါဝါ ၈၀၀ စီစီရှိသည်။ ပုံမှန်မြန်နှုန်း ၉၀ အထိ မောင်းနှင်နိုင်ကာ ပုံမှန်တစ်နာရီ လျှင် ၅၅ ကီလိုမီတာ မြန်နှုန်းမြင့် မောင်းနှင်နိုင်ပြီး ဘက်ထရီ အားပြည့်ချိန်တွင် ကီလိုမီတာ ၈၀၀ မောင်းနှင်နိုင်ကြောင်း သိရသည်။ ထို့ပြင် လက်ရှိအသုံးပြုနေသော ကားများနည်းတူ အတွင်းအပြင် ဝန်ဆောင်မှုများ ပါဝင်ကြောင်း သိရသည်။ KSD- V1 အမျိုးအစားသည် မြန်မာငွေကျပ် ၉၃ သိန်းရှိပြီး ဘက်ထရီအာမခံ တစ်နှစ်ခွဲပေးကြောင်း၊ KSD-V2 အမျိုးအစားသည် မြန်မာငွေကျပ် ၁၃၉ သိန်း ကျသင့်မည်ဖြစ်ပြီး ဘက်ထရီအာမခံ ငါးနှစ်ရရှိမည်ဖြစ်သည်။ ကားအတွက် အာမခံပေးထားသည့် ကာလအတွင်းမှာ ကား၏ စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကိစ္စအဝဝကိုလည်း စက်ရုံမှ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**အလွယ်တကူမောင်းနိုင်ပြီး အချိန်ကုန်သက်သာ**

လျှပ်စစ်(ဘက်ထရီ)ကားသည် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင် လေကောင်းလေသန့်ဖြစ်စေရန် စက်သုံးဆီသုံးစွဲမှု လျှော့ချစေရေး နိုင်ငံခြားမှ စက်သုံးဆီ ဝယ်ယူနေမှုကိုလည်း လျှော့ချနိုင်ရန် မီးခိုးကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုလျှော့ချစေရန်နှင့် ရန်ကုန်မြို့၏ လမ်းသွယ် လမ်းငယ်များတွင် အလွယ်တကူမောင်းနိုင်ပြီး အချိန်ကုန်သက်သာစေကြောင်း၊ ကားပြုပြင်ထိန်းသိမ်းမှုစရိတ် သက်သာစေရန် လုံခြုံရေးယာဉ်၊ လမ်းရှင်းယာဉ်များအဖြစ် အသုံးပြုနိုင်ပြီး အစိုးရဌာနဆိုင်ရာ အရာရှိငယ်များနှင့် ပုဂ္ဂလိက ကုမ္ပဏီများရှိ ဝင်ငွေအလယ်တန်း အဆင့်ရှိသူများလည်း အသုံးပြုနိုင်ကြောင်း သိရသည်။

ယင်းလျှပ်စစ်ကားများကို ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် သာဓုကန် စက်မှုဇုန် အပိုင်း(၃/၄) အမှတ် ၇၉/၈၀ တွင် မြန်မာနိုင်ငံစက်ရုံအဖြစ် တည်ကာ ထုတ်လုပ်သွားမည်ဖြစ်သည်။ ထိုကားစက်ရုံကြီး တည်ဆောက်ထုတ်လုပ်သွားမည့်အပေါ် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေကာ ကားထုတ်လုပ်မှုနှင့် ပတ်သက်သည့် နည်းပညာကျွမ်းကျင်ဝန်ထမ်းများ မွေးထုတ်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ ထို New Energy Car (Hybrid) လျှပ်စစ် (ဘက်ထရီ)ကားများ မြန်မာနိုင်ငံတွင် စတင်ထုတ်လုပ်မှုသည်လည်း ပထမဆုံးဖြစ်ကြောင်း သိရသည်။

## ရန်ကုန်မြို့ပြဖွံ့ဖြိုးစေရေးအားအင်အပြည့်လည်ပတ်ပေး .... မှ

ရန်ကုန်မြို့နေလူထုအတွက် ယခင်က ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများ ဌာနအောက်ရှိ ဈေးများတွင်သာ ဝယ်ယူစားသုံးခဲ့ရသည်။ ယခုအခါ ဈေးဝယ်စင်တာကြီးများ၊ စူပါမားကတ်များ ပေါ်ပေါက်လာသည့်အတွက် ယင်းတို့တွင် ခြောက်သွေ့၍ သန့်ရှင်းသပ်ရပ်စွာ ထုပ်ပိုးပြင်ဆင်ထားသည့် သား၊ ငါး၊ ဟင်းသီးဟင်းရွက် အသီးအနှံတို့ကို ဝယ်ယူစားသုံးခွင့် ရရှိနေပြီဖြစ်သည်။ သို့ဖြစ်ရာ ဈေးများဌာနအောက် ဈေးများတွင် သန့်ရှင်းရေးနှင့် ခြောက်သွေ့ရေးကို အထူးအလေးပေးလုပ်ဆောင်ရန် လိုအပ်လာပြီ ဖြစ်သည်။ သား၊ ငါးရောင်းချသော ဈေးဆိုင်တန်းများတွင် သန့်ရှင်းစင်ကြယ်ခြင်းနှင့်အတူ ခြောက်သွေ့မှုသည် လိုအပ်ချက်တစ်ရပ်အဖြစ် ပေါ်ပေါက်လာပြီဖြစ်သည်။ ထို့ပြင် အအေးခန်း သိုလှောင်ရုံငယ်များ၊ အပူချိန်ထိန်းညှိထားသည့် သိုလှောင်ရုံငယ်များသည် အဆင့်အတန်းမီ ဈေးတစ်ဈေးဖြစ်ရေးအတွက် သတ်မှတ်အရည်အသွေးများအဖြစ် လိုအပ်လာပြီဖြစ်သည်။

**လူဦးရေနှင့်ယှဉ်တွဲကာ ဈေးများအဆင့်မြှင့်တင်ဆောင်ရွက်**

ဈေးများအတွင်းရှိ လျှောက်လမ်းများသည် လူအများသွားလာမှု လွယ်ကူစေသင့်သည်။ အထူးသဖြင့် ရန်ကုန်မြို့ရှိ ဈေးများ၌ အဝတ်အထည်နှင့် အထည်အလိပ်ရောင်းချသော ဈေးဆိုင်တန်းများသည် အလွယ်တကူ သွားလာ၍မရပေ။ ဈေးများအတွင်း သိုလှောင်ရုံငယ်များ မရှိခြင်းကြောင့် ဆိုင်ရှိပစ္စည်းများကို ဆိုင်နှင့် ဘေးပတ်လည်တွင် ချထားလေ့ရှိသည်။ ဤသည်တို့က ဈေးသွားဈေးလာတို့ကို အနှောင့်အယှက်ဖြစ်ရုံသာမက အရေးအကြောင်း တစ်စုံတစ်ရာ ပေါ်ပေါက်ပါကလည်း သက်ဆိုင်ရာတာဝန်ရှိသူတို့အတွက် သွားလာမှုကို နှောင့်နှေးစေသည်။ အန္တရာယ်တစ်စုံတစ်ခု ပေါ်ပေါက်လာပါကလည်း ကြီးမားသောဆုံးရှုံးမှုကို ဖြစ်စေသည်။ စားသောက်ဆိုင်များ၌လည်း လူအများအတွက် ကျန်းမာရေးကို အထူးအလေးပေးပြီး ကျယ်ဝန်းသောနေရာ ထိုင်ခင်းများပါ စီစဉ်ပေးရန်လိုအပ်သည်။ ထို့အတူ ဈေးကြီးများ၌ လေဝင်လေထွက်နှင့် အလင်းရောင် ကောင်းစွာရရှိစေရန် စီစဉ်ထားသင့်သည်။ မြို့နယ်အလိုက် နောင်တွင် တိုးပွားလာမည့် လူဦးရေနှင့်ယှဉ်တွဲကာ ဈေးများအဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်သင့်သည်။ ခေတ်ကာလအခြေ အနေပေါ်မူတည်၍ ကားရပ်နားရန်နေရာများပါ ထည့်သွင်းဆောက်လုပ်စေသင့်သည်။ ဈေးအိမ်သာများကို ကန်ထရိုက်စနစ်၊ တင်ဒါစနစ်ဖြင့် လုပ်ကိုင်စေရုံသာမက ယင်းတို့၏ နေ့စဉ်အနံ့အသက် သန့်ရှင်းမှုကို ဂရုပြုသင့်သည်။

**လမ်းဘေးဈေးသည်များ ရှင်းလင်းကြရမည်**

မြို့တော်ရန်ကုန်တွင် လမ်းဘေးဈေးသည်ကို နေရာတိုင်းလိုလိုတွင် တွေ့နေရမြဲဖြစ်သည်။ ကမ်းနားလမ်း ညဈေးဖော်ဆောင်ပေးသော်လည်း လမ်းဘေးဈေးသည်ကား ပျောက်၍မသွားသေးပေ။ ယခုအခါ လမ်းဘေးဈေးသည်တို့မှာ ခေတ်မီ၍ တိုးတက်လာသည်ထင်။ မူလက လက်တွန်းလှည်းကလေးများဖြင့် ရောင်းချနေရာမှ ယခုအခါ ကိုယ်ပိုင်ယာဉ်ငယ်များဖြင့်ပါ ရွှေ့လျားရောင်းချလာသည်။ ဥပဒေဖြင့် လက်တစ်လုံးခြားရောင်းချနေသည့်အတွက် စည်ပင်ဝန်ထမ်းတို့မှာ စောင့်ရုံသာစောင့်ကြည့်နိုင်သည်။ အရေးယူ၍မရ ဖြစ်နေသည်။ ထို့ကြောင့်ပင် မြို့တော်ရန်ကုန်တွင် လူအများသွားလာရေးလွယ်ကူစေရန်၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များ စားသောက်နိုင်စေရန် လမ်းဘေးဈေးသည်များကို မရှင်းမဖြစ် ရှင်းလင်းကြရမည်သာဖြစ်သည်။ ကမ်းနားလမ်းညဈေးကို ပိုမိုတိုးတက်ကောင်းမွန်စွာ ချဲ့ထွင်သင့်သည်။ ရန်ကုန်မြို့တော်အနှံ့ရှိ လမ်းဘေးဈေးသည်များကို ကမ်းနားလမ်းညဈေးသို့ မရောက်ရောက်အောင် ပို့ဆောင်သင့်သည်။ ရန်ကုန်အနှံ့ ပြည်သူများ ညလယ်စာ စားသောက်နိုင်ရေးအတွက် ကမ်းနားလမ်းညဈေးသို့ ညသန်းခေါင်ယံအထိ ပြေးဆွဲနိုင်မည့် ယာဉ်လိုင်းများ တိုးချဲ့၍သော် လည်းကောင်း၊ သီးသန့်ယာဉ်လိုင်းများ ဖွင့်လှစ်၍ သော်လည်းကောင်း ဆောင်ရွက်သင့်သည်။

ရန်ကုန်မြို့ ဈေးများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စစ်ဆေးရေးအရာရှိထားရှိဆောင်ရွက်သင့်သည်။ ဈေးများသာမက ရန်ကုန်မြို့တော် ဖွံ့ဖြိုးရေးလုပ်ငန်းအရပ်ရပ်ကို စစ်ဆေးရေးအရာရှိများ ထားရှိသင့်သည်။ ပြည်ထောင်စုအစိုးရမှ လုပ်ကိုင်ဆောင်ရွက်နေသော ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ တိုင်းဒေသကြီးအစိုးရမှ လုပ်ကိုင်လျက်ရှိသော ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ကိုယ်ကျင့်တရားကောင်းမွန်သော စစ်ဆေးရေးအရာရှိများ ထားရှိဆောင်ရွက်ပါက ရန်ကုန်မြို့ပြ၏ ဖွံ့ဖြိုးမှုသည် အားအင်အပြည့် အရှိန်အဟုန်ကောင်းစွာဖြင့် လုပ်ငန်းများ လည်ပတ်လာမည်ဖြစ်ပေသည်။




မင်္ဂလာဈေး အဆောက်အအုံပုံစံငယ်ကို တွေ့ရစဉ်။ ဓာတ်ပုံ - ထိန်လင်း